မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၆၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၂၂ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ဘုရင့်နောင်တံတား လှိုင်သာယာဘက်ကမ်း ချဉ်းကပ်တံတားပေါ်၌ A.C ခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

လှိုင်မြစ်ကူး ဘုရင့်နောင်တံတားအမှတ်(၂) သံပေါင်များ စတင်တပ်ဆင်

သတင်း-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-ကျော်မိုးလွင်

ရန်ကုန်အနောက်ပိုင်း ထွက်ပေါက်ယာဉ်ကြောပိတ်ဆို့မှုကို ရာနှုန်းပြည့်ဖြေလျှော့ပေးနိုင်မည့် လှိုင်မြစ်ပေါ်မှ ဘုရင့်နောင်တံတားအမှတ်(၂)သံပေါင်များ စတင်တပ်ဆင်ခြင်းလုပ်ငန်းကို တံတားတည်ရှိရာ လှိုင်သာယာဘက်ကမ်းနှင့် မရမ်းကုန်းဘက်ကမ်းတို့တွင် ယနေ့နံနက် ၉ နာရီခွဲက တစ်ပြိုင်တည်း ပြုလုပ်သည်။

ဘုရင့်နောင်တံတားအမှတ်(၂) ပုံစံကို တွေ့ရစဉ်။

တံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၅)မှ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်၏ ကြီးကြပ်မှုဖြင့် မရမ်းကုန်းဘက်ကမ်းရှိ တံတားတိုင် RP-2တိုင်နှင့် RP-3 တိုင်ကြား၌ သံပေါင်ဆင်ကျွမ်းကျင်လုပ်သား တစ်ဆိုင်းလျှင် ၅၀ နှင့် သုံးဆိုင်း ၁၅၀ ကို အင်ဂျင်နီယာမှူးတစ်ဦးက လည်းကောင်း၊ လှိုင်သာယာဘက်ကမ်းရှိ တံတားတိုင် RP-4နှင့် RP-5 တိုင်ကြား၌ သံပေါင်ဆင်ကျွမ်းကျင်လုပ်သား တစ်ဆိုင်းလျှင် ၅၀ နှင့် သုံးဆိုင်း ၁၅၀ ကို အင်ဂျင်နီယာမှူး တစ်ဦးက ဦးဆောင်၍လည်းကောင်း ၂၄ နာရီလုံး တပ်ဆင်သွားမည်ဟု သိရသည်။

"ရန်ကုန်၏ ယာဉ်ကြောပိတ်ဆို့မှုကို မိမိလည်း ခံစားနေရပါကြောင်း၊ ထို့ကြောင့် ယာဉ်ကြောရာနှုန်းပြည့် လမ်းပွင့်လင်းပြီး ခရီးသွားပြည်သူတစ်ရပ်လုံး အကျိုးပြုနိုင်မည့်

စာမျက်နှာ ၇ ကော်လံ ၁

ဂျပန်နှင့်မြန်မာ့ဆက်သွယ်ရေးတို့ ပူးပေါင်းပြီး တန်ဖိုးနည်းဆင်းကတ်များ အကန့်အသတ်မရှိရောင်းမည်

ရန်ကုန် ဇွန် ၂၁

ပြည်သူများ လက်ကိုင်တယ်လီဖုန်းသုံးစွဲနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက နိုင်ငံခြားမှကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းကာ တန်ဖိုးနည်းဆင်းကတ်များကို ဆိုင်တိုင်းတွင် စိတ်တိုင်းကျဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ဒီလိုဆောင်ရွက်ဖို့အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အော်ပရေတာလိုင်စင်ရရှိအောင် လုပ်ကိုင်နေပါတယ်။ အော်ပရေတာလိုင်စင်ရပြီးရင်တော့ ဂျပန်နိုင်ငံက ကုမ္ပဏီတစ်ခုနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့ စာချုပ်ချုပ်ဆိုထားပြီး လုပ်ငန်းတွေဆက်လက်လုပ်ကိုင်သွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံမှ ဆက်သွယ်ရေးကုမ္ပဏီ KDDI တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ထိုသို့ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပါက

စာမျက်နှာ ၃ ကော်လံ ၅

ယနေ့ မာတိကာ

ယူကရိန်းခွဲထွက်ရေးသမားများအား အမေရိကန် အရေးယူပိတ်ဆို့မှုများပြုလုပ်ပြီ စာ ➤ ၄

ဝမ်းတွင်းမြို့ မြို့တွင်းလမ်း သုံးလအတွင်း တိုးချဲ့ဖောက်လုပ်မည် စာ ➤ ၅

ပြေပြေပြစ်ပြစ် -၁ (ဆောင်းပါး) စာ ➤ ၆

ကျောက်တံခါးမြို့တွင် ၂၂ ဘီးတွဲယာဉ်နှစ်စီး မီးလောင်မှုဖြစ်ပွား စာ ➤ ၁၁

ကမ္ဘာကျော်တွေကို ကျော်ဖြတ်အနိုင်ယူလိုက်တဲ့ ကော်စတာရီကာ စာ ➤ ၁၄

ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ကြော်ငြာအချပ်ပိုရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လက်ဆေးခြင်းအလေ့အထ

လက်ဆေးခြင်းအလေ့အထသည် ရိုးစင်းလွယ်ကူသည့်အလုပ်တစ်ခုဖြစ်သော်လည်း အနာဂတ်ကျန်းမာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးသည်ကို လူတိုင်းသတိမူမိကြလိမ့်မည်မဟုတ်ပါ။ အမှန် စင်စစ်လက်ဆေးခြင်းအလေ့အထသည် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပါသည်။ လက်ဆေးခြင်းသည် ကျန်းမာရေးအတွက် ကောင်း၏။ သို့သော် လက်မဆေးခြင်းကြောင့်လည်း ကျန်းမာရေးအတွက် ဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိပါသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ ခန့်မှန်းတွက်ချက်မှုအရ နှစ်စဉ်ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ လက်မဆေးခြင်းကြောင့် ငါးနှစ်အောက်ကလေး ၆ ဒသမ ၉ သန်းသည် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အဆုတ်တွင်ဖြစ်တတ်သည့် နမိုးနီးယားရောဂါများဖြစ်ပွားကာ သေဆုံးလျက်ရှိသည်ဟု ဆိုပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် စက္ကန့် ၃၀ လျှင် ကလေးတစ်ဦးနှုန်းသေဆုံးလျက်ရှိပါသည်။ ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် လက်ဆေးခြင်းအလေ့အထသည် ကျန်းမာရေးအတွက် မည်ရွေ့မည်မျှအရေးကြီးသည်ကို သိနိုင်ပါသည်။

ထို့ကြောင့်ပင် ကျောင်းနေအရွယ်ကလေးများအတွင်း စနစ်တကျလက်ဆေးခြင်းအမူအကျင့်ကို လိုက်နာကျင့်သုံးတတ်စေရန်နှင့် ကလေးများမှတစ်ဆင့် မိဘများနှင့် မိသားစုဝင်များအထိ အမူအကျင့် ကောင်းများ ကျင့်သုံးတတ်စေရန် ရည်ရွယ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ပူးပေါင်းကာ မြန်မာနိုင်ငံတွင် စနစ်တကျလက်ဆေးခြင်းပညာပေးရေးအစီအမံများ စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့လက်ဆေးရေးနေ့ (Global Hand Washing Day) ကို နှစ်စဉ်အောက်တိုဘာ ၁၅ ရက်နေ့တွင် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းအခြေပြုလှုပ်ရှားမှုများ ပြုလုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ယခုအချိန်မှစတင်ကာ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျောင်းတွင်းနှင့်ကျောင်းပြင်ပရှိ ကလေးများအား စနစ်တကျ လက်ဆေးခြင်းဆိုင်ရာ လှုပ်ရှားမှုများ၊ ပညာပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

လက်ဆေးခြင်းအလေ့အထအဖြစ် အစားအစာမစားမီနှင့် ရေအိမ်၊ အိမ်သာတက်ပြီးချိန်တို့တွင် လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောကြရမည်ဖြစ်ပါသည်။ ကူးစက်နိုင်သော ရောဂါပိုးများ လက်မှတစ်ဆင့် ကူးစက်မခံရစေရန် ဖြစ်ပါသည်။ လက်ဆေးခြင်းသည် တစ်နည်းအားဖြင့် ရောဂါများကို ကာကွယ်ခြင်းဖြစ်ပါသည်။ သို့ပါ၍ ကျောင်းနေအရွယ်ကလေးများမှစတင်ကာ လူတိုင်းလူတိုင်း လက်ဆေးခြင်းအကျင့်ကောင်းများကို နေ့စဉ်ပြုကျင့်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၅)ကြိမ်မြောက် ဒီပလိုမာအောင်လက်မှတ်ချီးမြှင့်အပ်နှင်း

ရန်ကုန် ဇွန် ၂၁

သာသနာရေး ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်က ကြီးမှူး၍(၁၅)ကြိမ်မြောက် ဒီပလိုမာအောင်လက်မှတ်ချီးမြှင့် အပ်နှင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အဆိုပါ တက္ကသိုလ်ဗဟိုဆောင် ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပရိသတ်က ဩဝါဒကထာနာယူသည်။ **(အပေါ်ပုံ)**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ က ပြည်တွင်းပြည်ပ သင်တန်းသားရဟန်း၊ သီလရှင်နှင့်လူပုဂ္ဂိုလ် ၅၈ ဦးတို့အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဗုဒ္ဓဓမ္မဒီပလိုမာ အောင်လက်မှတ်ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများက အဓိဋ္ဌာန်ပြုကြကာ ပါမောက္ခချုပ် ဆရာတော်က ဩဝါဒကထာနှင့်သမ္မောဒနီယက သန္ဓေသကထာ မြွက်ကြားတော်မူသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၌ သစ်ပင်စိုက်ပွဲကျင်းပ

စစ်ကိုင်း ဇွန် ၂၁

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် စစ်ကိုင်း၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်း၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှတ်တရ ခရေပင်စိုက်ပျိုးပေးခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ ခေတ္တကျောင်းအုပ်ကြီး ဦးညွန့်ဆောင်ဦးစီးသော ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသားများ စုစုပေါင်း ၉၀၀ ကျော်က တမာပင် ၅၀၀၊ ခရေပင် ၅၀၊ ပိတောက်ပင် ၅၀၊ ငုဝါပင် ၂၀၊ ကံ့ကော်ပင် ၂၀၊ စိန်ပန်းပင် ၃၀၊ ယင်းမာပင် ၂၀၊ စွယ်တော်ပင် ၃၀၊ မယ်ဇယ်ပင် ၃၀၊ မဲဇလီပင် ၃၀၊ မာတာကွတ်ပင် ၂၀၊ တယ်ပင် ၂၀ စုစုပေါင်း အပင် ၈၂၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က သစ်ပင်စိုက်ပျိုးထားမှုများကို လှည့်လည်အားပေးကြည့်ရှုပြီး ကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ် ၃၇၇ ဦးအတွက် ဝတ်စုံတစ်စုံစီ ထောက်ပံ့ထုတ်ပေးကာ ကျောင်းတည်ဆောက်ပြီးစီးမှုနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်မည့် အဆောက်အအုံနေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့လယ်ကောင် တော်ဝင်တံတားပေါ်မှ ရှက်စရာမြင်ကွင်းတစ်ခု

မြို့ရန်ကုန်၏ စည်ကားရာအရပ် မြို့လယ်ကောင် အနော်ရထာလမ်းမကြီးအနီး ဆူးလေဘုရားလမ်းကို ဖြတ်သန်း၍ တည်ဆောက်ထားသည့် တော်ဝင်တံတား၏ ဗိုလ်ချုပ်လမ်းဘက်မှ တက်ရသော သံလှေကားထစ်များအဆုံး**(ယာပုံ)**တွင် မြင်ရသည့် အတိုင်း အဝတ်စုတ်များနှင့် ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသည့်အမှိုက်များကို မည်သူမည်ဝါမသိတို့က လာရောက်ပစ်ထားကြသည်။

ဤတံတားသည် လမ်းသွားလမ်းလာခရီးသည်များ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အေးအေးလူလူလမ်းဖြတ်ကူးနိုင်ရန် တည်ဆောက်ပေးထားခြင်းဖြစ်သည်။

ထိုတံတားပေါ်မှ ပြည်တွင်းခရီးသွားများသာမက နိုင်ငံခြားဧည့်သည်များပင် နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာရာတံတားတစ်ခုဖြစ်သည်။

ထင်သာမြင်သာပြုပြင်စရာ

တွေ့မြင်ရာ မှန်သမျှကို ကင်မရာဖြင့် မှတ်တမ်းတင်သွားခဲ့သူများဖြစ်ပါသည်။ နိုင်ငံအတွက် လူမျိုးအတွက် အရှက်ရစေမည့် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းပင်ဖြစ်ပါသည်။

မြို့ကြီးသားများပီပီ စည်းကမ်းရှိသောသူများ ဖြစ်စေရေးအတွက် ဤကဲ့သို့ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်းကို ရှောင်ကြဉ်ကြပါရန်နှင့် ဝိုင်းဝန်းထိန်းသိမ်းပေးနိုင်ကြစေရန် ထင်သာမြင်သာ မြင်ကွင်းတစ်ရပ်အဖြစ် တင်ပြလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်း အမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်စာကြည့်တိုက်ခန်းမ၌ကျင်းပရာ လမ်းမတော်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ပြီး ထူးချွန်ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်သည်။

ပြိုင်ပွဲနှင့်အတူ ပညာပေးဓာတ်ပုံ ပြခန်းကိုလည်း ဖွင့်လှစ်ပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ရရှိနေသည့်ပညာရေးအရှိန်ကိုဆက်လက်ထိန်းသိမ်းပြီး အားထားရသည့်ပညာတတ်လူငယ်များဖြစ်လာရန် အဆင့်မြင့်ပညာရပ်များ ကြိုးစားသင်ယူ

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်းမိသားစုများ၏ သား၊ သမီးများမှ ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၃၁ ဒသမ ၆၇ ရာခိုင်နှုန်း အောင်ချက်ရှိပြီး မိမိတို့ ဝန်ထမ်းသားသမီးများ၏ တက္ကသိုလ်ဝင်တန်း အောင်မြင်မှုမှာ ၄၄ ဒသမ ၅၆ ရာခိုင်နှုန်းရှိကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးရန်ပုံငွေများကိုလည်း တိုးမြှင့်ချထားပေးခဲ့ပါကြောင်း၊ မူလတန်းအဆင့်မှ အခြေခံပညာ အထက်တန်းအဆင့်အထိ အောင်ချက်မြင့်မားရေးအတွက် သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် သင်ယူကြသည့် ကျောင်းသား၊ ကျောင်းသူများ နှစ်ဦးနှစ်ဖက်ဟန်ချက်ညီရန် လိုအပ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ပြုဆုများ ချီးမြှင့်ရခြင်းသည် မိမိတို့ဝန်ထမ်းမိသားစုများ၏ ကျောင်းသား ကျောင်းသူများ စည်းလုံးညီညွတ်မှု၊ စည်းကမ်းသေဝပ်မှုများအပြင် ရရှိနေသည့် ပညာရေးအရှိန်ဖြင့် ထူးချွန်စွာပညာသင်ကြားနိုင်ရန် ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသားလူငယ်များအနေဖြင့် ရရှိနေသည့် ပညာရေးအရှိန်ကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် အားထားရသည့်ပညာတတ်လူငယ်များ ဖြစ်လာစေရေးတို့အတွက် အဆင့်မြင့်ပညာရပ်များကို ကြိုးစားသင်ယူသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်းမိသားစုများ၏ သားသမီးများမှ ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် **(အောက်ပုံ)**က ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်စိုင်းဟိန်းထက်အောင်၊ လေးဘာသာဂုဏ်ထူးရှင် မရွှေဥနှင့် သုံးဘာသာဂုဏ်ထူးရှင် မခင်ရတနာနွယ်တို့အားလည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းတို့က နိုင်ငံတော်သမ္မတရုံး ဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများမှ ဂုဏ်ထူးရှင်များနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးဇော်သန်းသင်းတို့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများမှ ဂုဏ်ထူးရှင်များနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့်ဦးမျိုးညွန့်တို့က နေပြည်တော်ကောင်စီရုံးဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများမှ ဂုဏ်ထူးရှင်များနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား လည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် တာဝန်ရှိသူများက နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများမှ ဂုဏ်ထူးရှင်များနှင့်တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအားလည်းကောင်း ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်က၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့မှ ဖွင့်လှစ်ပေးခဲ့သော စေတနာညကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ သုံးဦးတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ထမ်းသား၊ သမီးများအနက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ဘာသာရပ်အလိုက် ဂုဏ်ထူးများရရှိအောင် သင်ကြားပေးခဲ့သော အထက(၅) နေပြည်တော်၊ အထက(၁) ပျဉ်းမနားနှင့် အထက ကျည်တောင်ကန်တို့မှ ဆရာမကြီးများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စိုင်းဟိန်းထက်အောင်နှင့် မမြတ်နိုးဟန်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတရုံးမှ ဖြေဆိုသူ ၁၅ ဦးအနက် ခြောက်ဘာသာ၊ လေးဘာသာနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးစီ၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်သုံးဦး၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူနှစ်ဦး စုစုပေါင်း အောင်မြင်သူ ၁၀ ဦးကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဖြေဆိုသူ ၁၃ ဦးအနက် လေးဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးစီ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ လေးဦး စုစုပေါင်းအောင်မြင်သူ ခြောက်ဦးကို လည်းကောင်း၊ နေပြည်တော်ကောင်စီမှ ဖြေဆိုသူ ၂၀ တွင် ငါးဘာသာ၊ သုံးဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးစီ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ လေးဦးစုစုပေါင်း အောင်မြင်သူ ခုနစ်ဦးကိုလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဖြေဆိုသူ ၄၄ ဦးအနက် ခြောက်ဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရှင် တစ်ဦးစီ ၊ တစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၁၂ ဦး စုစုပေါင်း အောင်မြင်သူ ၁၈ ဦးကိုလည်းကောင်း၊ နေပြည်တော် စေတနာညကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ သုံးဦးတို့အား လည်းကောင်း ပညာရည်ချွန်ဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

ကျောက်တန်း ဇွန် ၂၁

ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်"အနာဂတ်ရဲ့ မြန်မာအမျိုးသမီးများ" ဟောပြောပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အထက(၂) သော်ကရတနာခန်းမ၌ ကျင်းပခဲ့သည်။ **(ဝဲပုံ)**

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဒေါ်နော်ထွေးခင်နှင့် ဆရာမများ၊ အထက(၁)နှင့်(၂)၊ မြို့မအလကတို့မှ နဝမတန်းနှင့် အဋ္ဌမတန်းကျောင်းသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာနွယ်ဇင်ညွန့်နှင့်အမှုဆောင်များ တက်ရောက်ကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာနွယ်ဇင်ညွန့်နှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ပြန်/ဆက် ဦးစီးမှူး ဒေါ်နန်းအေးခိုင်က မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုအကြောင်း၊ အဖွဲ့ဝင်ဒေါ်ခင်အေးညွန့်က အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသောင်းဝင်း (မောင်နီမှိုင်း-ကျောက်တန်း)က အလိမ္မာမလေး ခေါင်းစဉ်ဖြင့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုဟောပြောကြသည်။ **(၀၁၉)**

ပြည်ထောင်စုရှေ့နေချုပ်အား ADB မှ Country Director နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား Asian Development Bank မှ Country Director ဖြစ်သူ Mr. Winfoied Wicklein နှင့် အဖွဲ့သည် ဇွန် ၁၉ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

လက်ရှိရောင်းချပေးနေသော ခွဲတမ်းစနစ်ကိုရပ်ဆိုင်းကာ အကန့်အသတ်မရှိသော ရောင်းချမှုပုံစံဖြင့် ဆင်းကတ်များကို လာမည့်လအနည်းငယ်အတွင်း ဆိုင်တိုင်းတွင် ရောင်းချပေးသွားရန် စီစဉ်ထားသည်။

လောလောဆယ်တွင် အခြေခံအဆောက်အအုံများနှင့် လိုင်းတိုးချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းများ ပြီးစီးပါက တယ်လီဖုန်းဆင်းကတ်များကို ဈေးနှုန်းသက်သာစွာဖြင့် အကန့်အသတ်မရှိရောင်းချပေးမည်ဖြစ်ရာ တယ်လီဖုန်းပြောဆိုခများကိုလည်း လျှော့ချပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိ၌ ပြည်ပကုမ္ပဏီများဖြစ်သော အော်ရီဒူးနှင့် တယ်လီနောတို့ကလည်း လာမည့်ဩဂုတ်နှင့် စက်တင်ဘာလများတွင် တန်ဖိုးနည်းဆင်းကတ်များကို ရောင်းချပေးရန် စီစဉ်နေသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကလည်း အော်ပရေတာအဖြစ်ပြောင်းလဲလုပ်ကိုင်ကာ ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများနှင့်ယှဉ်ပြိုင်ကာ တယ်လီဖုန်းဆင်းကတ်များကို ရောင်းချသွားရန် စီစဉ်နေခြင်းဖြစ်သည်။ **သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်မိသားစု ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများပေးအပ်

နေပြည်တော် ဇွန် ၂၁

ယာဉ်ထိန်းရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝင်မိသားစု ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာ၊ မိုးကာအင်္ကျီ၊ ထီးများပေးအပ်ခြင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်) ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

ယာဉ်ထိန်း ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော တပ်ဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူများမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦး၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူလေးဦး၊ ရိုးရိုးအောင်မြင်သူ ၂၁ ဦး စုစုပေါင်းအောင်မြင်သူ ၂၇ ဦး အတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နေပြည်တော်ရှိ ကျောင်းများတွင် သူငယ်တန်းမှ ဒသမတန်းအထိ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၁ ဦးအတွက် ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းသုံးခဲသားဘောပင်၊ မိုးကာအင်္ကျီ၊ ထီးနှင့်ခဲဆန်ဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

(အောက်ဝဲပုံ)

ပညာသင်စရိတ် ထောက်ပံ့ပွဲအခမ်းအနားတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွေးက ယနေ့နိုင်ငံတော်က အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းပညာသင်ကြားခြင်းများကို အခမဲ့ပညာသင်ကြားရေးစနစ်ဖြင့် သင်ကြားခွင့်ရှိအောင် ဆောင်ရွက်ပေးသကဲ့သို့ မိမိတို့တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်သားသမီးများကို တပ်ဖွဲ့က တတ်နိုင်သရွေ့ ယခုကဲ့သို့ ဂုဏ်ပြုငွေနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ရသည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးတွင် အထိုက်အလျောက်အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ယင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။ **မင်းမင်းလတ်(ရုပ်ဗေဒ)**

နိုင်ငံတကာသတင်း

အီရတ်၌ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွား စစ်သွေးကြွများ လေဆိပ်ကိုသိမ်း

ဘဂ္ဂဒက် ဇွန် ၂၁

အစ္စလမ္မစ်စစ်သွေးကြွများနှင့် အစိုးရလိုလားသည့် တပ်ဖွဲ့ဝင်များအကြား အီရတ်နိုင်ငံမြောက်ပိုင်း ဘိုင်ဂျီးရေနံ သန့်စင်စက်ရုံနှင့် တဲလ်အဖာလေဆိပ်တို့၌ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့သည်။

အီရတ်နိုင်ငံ၏ ရေနံချက်စက်ရုံ ဘိုင်ဂျီးကို ဝိုင်းရံထားသော သူပုန်များက တဲလ်အဖာလေဆိပ်တစ်ခုလုံးနီးပါး သိမ်းပိုက်ထားပြီဟု ဆိုသည်။ အကြမ်းဖက်သမားများအား တိုက်ထုတ်ရာတွင် အီရတ်တပ်ဖွဲ့ဝင်များအား ကူညီရန် စစ်ဘက်အကြံပေး ၃၀၀ စေလွှတ်မည်ဟု အမေရိကန်က ပြောကြားပြီး တစ်ရက်အကြာ အဆိုပါတိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း တိုက်ခိုက်ရေးပြုလုပ်မည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အလေးအနက်ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဂျွန်ကယ်ရီသည်လည်း အီရတ်သို့ မကြာမီသွားရောက်ဖွယ်ရှိသည်။

ပြိုင်ဘက်မွတ်စလင်များအကြား တင်းမာမှုလျော့ပါးစေရန် ဝန်ကြီးအဖွဲ့ကို ဂျွန်ကယ်ရီက ဖိအားပေးဖွယ်ရှိသည်။

(ဘီဘီစီ)

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ ပွဲတော်ကျင်းပချိန် ပေါက်ကွဲမှုဖြစ်ပွား

အစ္စလမ္မာဘတ် ဇွန် ၂၁

ပါကစ္စတန်မြို့တော် အစ္စလမ္မာဘတ်မြို့ ဘာသာရေးအဆောက်အအုံတစ်ခု၌ ဗုံးပေါက်ကွဲမှုကြောင့် ၄၁ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဒဏ်ရာရရှိသူ ၂၈ ဦးကို ပါကစ္စတန် ဆေးသိပ္ပံဆေးရုံ (ပီအိုင်အမ်အက်စ်)၊ ခြောက်ဦးကို အစ္စလမ္မာဘတ် Polyclinic ဆေးရုံ၊ ခုနစ်ဦးကို ရာဝယ်ပင်ဒီမြို့ ဘူတိုဆေးရုံသို့ အသီးသီးပို့ဆောင်ပေးခဲ့ကြသည်။

ပီအိုင်အမ်အက်စ် ဆေးရုံပြောရေးဆိုခွင့်ရှိသူ အိုက်ရှားက ဒဏ်ရာရရှိသူ ခြောက်ဦးသည် ခွဲစိတ်ခန်းများတွင် အရေးပေါ်ဆေးကုသမှုခံယူနေရသည်ဟု ဆိုသည်။

အစ္စလမ္မာဘတ်မြို့ ဆင်ခြေဖုံးပင်ဒိုရီယန်ရပ်ကွက်ရှိ Peer Chan Badshah အမည်ရှိ ဗိမာန်၌ နှစ်စဉ်ကျင်းပသော ဘာသာရေးပွဲတော်ကျင်းပနေချိန် ပွဲတော်တက်ရောက်သော လူ ၂၀၀ ခန့်ကို ဦးတည်၍ ဖောက်ခွဲမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးကို ဗိမာန်၏နံရံအပြင်ဘက်၌ မြှုပ်ထားခဲ့ပြီး အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း မိုင်းရှင်းလင်းရေးတပ်ဖွဲ့က ပြောသည်။

မြေပြင်ကို ချိုင့်ခွက်ကြီးဖြစ်ပေါ်စေခဲ့သော အဆိုပါပေါက်ကွဲမှုသည် အနီးအနားရပ်ကွက်ကို အထိတ်တလန့် ဖြစ်စေခဲ့သည်။ ရဲတပ်ဖွဲ့များ၊ ကွန်မန်ဒိုတပ်ဖွဲ့များက ၎င်းဧရိယာကို ဝိုင်းရံထားပြီး ဖောက်ခွဲရေး သမားများကို ဖမ်းဆီးရန် စစ်ဆေးရေးပြုလုပ်ခဲ့ကြသည်။

သို့သော် ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့က လုပ်ဆောင်သွားကြောင်း အတည်ပြုပြောကြားခဲ့ခြင်းမရှိပေ။

(ဆင်ဟွာ)

ယူကရိန်းခွဲထွက်ရေးသမားများအား အမေရိကန်အရေးယူပိတ်ဆို့မှုများပြုလုပ်ပြီ

ဝါရှင်တန် ဇွန် ၂၁

ယူကရိန်းအကျပ်အတည်းသည် ပြေလျော့သွားမည့် လက္ခဏာမတွေ့ရဘဲဖြစ်နေချိန် ယူကရိန်းအရှေ့ပိုင်း ခွဲထွက်ရေးသမားများအား အမေရိကန်က အရေးယူပိတ်ဆို့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ အရေးယူပိတ်ဆို့မှုတွင် ရုရှားလိုလားသော ခေါင်းဆောင် ခုနစ်ဦး၏ ပိုင်ဆိုင်မှုများကိုပါ ထိန်းချုပ်သွားရန် ပါဝင်သည်။

အနောက်နိုင်ငံ ခေါင်းဆောင်များက ယူကရိန်းတင်းမာမှု ပြေလျော့သွားအောင်မလုပ်နိုင်၍ ရုရှားကို ထပ်မံအရေးယူမှုများ ပြုလုပ်သွားမည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် အထက်ပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယူကရိန်းခေါင်းဆောင် ပီထရိုပိုရိုချင်ကို တင်ပြသည့် ပထမအဆင့် ၎င်း၏ ငြိမ်းချမ်းရေးအစီအစဉ်ကို ရုရှားနှင့် ခွဲထွက်ရေးသမားများက တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး အစီအစဉ်ဟုဆိုကာ ပယ်ချလိုက်သည်။

အမေရိကန်နှင့် ဥရောပသမဂ္ဂ (အီးယူ) ခေါင်းဆောင်များက မတ်လတွင် ရုရှားက ယူကရိန်းပိုင် ခရိုင်းမီးယားကို လက်နက်နိုင်ငံပြုပြီးနောက် ယခင်ကတည်းက အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။

သောကြာနေ့တွင် အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက ခွဲထွက်ရေးခေါင်းဆောင်ခုနစ်ဦးကို နာမည်ပျက်စာရင်း (blacklisted) သွင်းခဲ့သည်။ ၎င်းတို့တွင် ကိုယ့်ကိုယ်ကိုယ် မြို့တော်ဝန်အဖြစ် ကြေညာသူများ၊ အုပ်ချုပ်ရေးမှူးဟု ပြောဆိုသူများ၊ ယူကရိန်းတပ်များ အဝိုင်းခံထားရစဉ်တပ်မှူးဟု ပြောဆိုသူများပါဝင်သည်။

အမေရိကန်ရှိ ၎င်းတို့၏ပိုင်ဆိုင်မှုများကိုလည်း ထိန်းချုပ်ထားမည်ဖြစ်ပြီး အမေရိကန်လုပ်ငန်းများကိုလည်း ၎င်းတို့နှင့်အတူ လုပ်ကိုင်ခြင်းကို ပိတ်ပင်သွားမည်ဟု ဆိုသည်။

ရုရှားနိုင်ငံ၏ ကာကွယ်ရေး၊ ဘဏ္ဍာရေးနှင့် အဆင့်မြင့်နည်းပညာလုပ်ငန်းများကိုလည်း အရေးယူပိတ်ဆို့မှုများပြုလုပ်သွားရန် စဉ်းစားနေပြီဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ပြင်သစ်သမ္မတ ဖရန်ဆွာ ဟော်လန်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်တို့နှင့်လည်း အိမ်ဖြူတော်၌ ယူကရိန်းအရေး သီးခြားစီဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

မော်စကိုအနေဖြင့် ယူကရိန်းအရှေ့ပိုင်း တင်းမာမှုအခြေအနေကို လျော့ပါးသွားအောင် ကြိုးစားခြင်းမရှိလျှင် အမေရိကန်နှင့် အီးယူခေါင်းဆောင်များက ရုရှားအပေါ် အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်သွားရန် သဘောတူထားသည်။

(ဘီဘီစီ)

စင်ကျန်းဒေသ တိုက်ခိုက်ရေးသမား ၁၃ ဦးကို တရုတ်ရဲတပ်ဖွဲ့က ပစ်ခတ်ရှင်းလင်း

စင်ကျန်း ဇွန် ၂၁

တရုတ်နိုင်ငံ အနောက်ပိုင်း စင်ကျန်းပြည်နယ်၌ ရဲစခန်းတစ်ခုကို တိုက်ခိုက်ခဲ့သည့် ကိုယ်ထိလက်ရောက် ကျူးလွန်သူ ၁၃ ဦးအား ရဲတပ်ဖွဲ့က သေနတ်ဖြင့်ပစ်သတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်ရေးသမားများသည် စနေနေ့နံနက်ပိုင်းက ၎င်းဒေသရဲစခန်းအတွင်း ကားတစ်စီးဖြင့် မောင်းဝင်လာပြီး ဖောက်ခွဲမှုများပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာအစိုးရဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ယင်းတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး အနည်းငယ်ဒဏ်ရာရရှိခဲ့ပြီး အရပ်သားများ ဒဏ်ရာရရှိခြင်း မရှိဟုဆိုသည်။ အဆိုပါပြည်နယ်၌ တိုက်ခိုက်မှုများ မြင့်တက်လာခြင်းအပေါ် စင်ကျန်းဒေသ မွတ်စလင်များအား တရုတ်အာဏာပိုင်များက အပြစ်ပြောဆိုလျက်ရှိသည်။

ဇွန် ၂၁ ရက် နံနက်ပိုင်းက အဆိုပါ အကြမ်းဖက်အဖွဲ့သည် ကက်ရှ်ဂါးပြည်နယ် ရီချန်းဒေသရဲစခန်းအတွင်း ကားတစ်စီးဖြင့် ဝင်ရောက်လာပြီး စနက်တံဖြုတ်ဗုံးဖောက်ခွဲခဲ့ကြောင်း ဒေသဆိုင်ရာအစိုးရဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့က တိုက်ခိုက်ရေးသမား ၁၃ ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ နောက်ထပ်တစ်စုံတစ်ရာ သတင်းထုတ်ပြန်ခြင်းမရှိပေ။ စင်ကျန်းဒေသတွင် သတင်းထောက်များအား သတင်းယူရန် တင်းကျပ်မှုများ ပြုလုပ်ထား၍ သတင်းရရှိရန် ခက်ခဲနေသည်ဟု ဆိုသည်။ စင်ကျန်းဒေသတွင် မကြာသေးသည့်လများက လုံခြုံရေး တင်းကျပ်ထားသည်။

(ဘီဘီစီ)

ရာနှင့်ချီသောတရားခံများအား အီဂျစ်တရားရုံးက သေဒဏ်ချမှတ်သွားမည်ဟုဆို

ကိုင်ရို ဇွန် ၂၁

အီဂျစ်တရားရုံးချုပ်က ၂၀၁၃ ခုနှစ်တွင် ရဲစခန်းတစ်ခုကို တိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲခံရသည့် ရာပေါင်းများစွာသော မွတ်စလင်ညီနောင်များအဖွဲ့ ထောက်ခံသူများအား သေဒဏ်ချမှတ်သွားမည်ဟုဆိုသည်။ ဧပြီလက အစုအပြုံလိုက် ရုံးထုတ်စစ်ဆေးခဲ့သော တရားခံ ၆၈၃ ဦးအား လူ့အခွင့်အရေးအုပ်စုများ၏ ဝေဖန်မှုကြောင့် အချိန်ဆိုင်းငံ့ထားခဲ့ရာ ၎င်းတို့အား တရားရုံးချုပ် တရားသူကြီးက သေဒဏ်အမိန့်ချမှတ်မည်ဖြစ်သည်။

၎င်းတို့အထဲတွင် ပိတ်ပင်ခံရသည့် မွတ်စလင်ညီနောင်များအဖွဲ့ခေါင်းဆောင် မိုဟာမက်ဘာဒီလည်း ပါဝင်သည်။ စစ်တပ်ကျောထောက်နောက်ခံပြုသော အီဂျစ်အစိုးရသည် ဒီဇင်ဘာလနောက်ပိုင်း ၎င်းအား ဆန့်ကျင်သူအနည်းဆုံး ၁၀၀၀ကို ပြစ်ဒဏ်များ စီရင်ခဲ့သည်။

သမ္မတဟောင်း မိုဟာမက်မော်စီပိုင်ဆိုင်သော မွတ်စလင်ညီနောင်များအဖွဲ့ကို ၎င်းအား စစ်တပ်ကဖယ်ရှားလိုက်ပြီးနောက် ဖြိုခွင်းခဲ့သည်။ စနေနေ့တွင် တရားရုံးဆုံးဖြတ်ချက်ကို ကိုင်ရိုမြို့တောင်ပိုင်း မီနာမြို့ တရားရုံး၌ အမိန့်ချမှတ်ဖွယ်ရှိသည်ဟုဆိုသည်။ တရားခံများသည် ရဲတပ်ဖွဲ့ဝင်များ သေဆုံးခဲ့သော ၂၀၁၃ ခုနှစ် ဩဂုတ် ၁၄ ရက်က မီနာမြို့ ရဲစခန်းတိုက်ခိုက်ခံရမှုနှင့်ပတ်သက်ပြီး စွဲချက်များ အတင်ခံရခြင်းဖြစ်သည်။ ယင်းနေ့တွင် ကိုင်ရိုမြို့ရဲများနှင့် အဓိကရုဏ်းဖြစ်ပွားခဲ့ရာ မွတ်စလင်ညီနောင်များအဖွဲ့ထောက်ခံသူ ရာနှင့်ချီသေဆုံးခဲ့သည်။

(ဘီဘီစီ)

ဝမ်းတွင်းမြို့ မြို့တွင်းလမ်း သုံးလအတွင်း တိုးချဲ့ဖောက်လုပ်မည်

မိတ္ထီလာ ဇွန် ၂၁

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ မြို့တွင်းလမ်း(ရန်ကုန်-မန္တလေးကားလမ်းမ) တစ်မိုင် သုံးဖာလုံခန့်အား တစ်ဖက်အကျယ် သုံးပေခန့်စီကို သုံးလအတွင်း တိုးချဲ့ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ဇွန် ၂၀ရက်က သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၏ ပြောကြားချက်အရသိရသည်။

မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ပြုလုပ်သည့် သမ္မတရုံး ဝန်ကြီးဌာန ဝန်ကြီးနှစ်ဦးနှင့် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်များအတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များမှ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးပွဲ၌ ဝမ်းတွင်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌက ဝမ်းတွင်းမြို့တွင်းလမ်းသည် ရန်ကုန်-မန္တလေးကားလမ်းမဖြစ်ပြီး ဒေသခံများ၏ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များ၊ အဝေးပြေးခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများ နေ့ညမပြတ် ဖြတ်သန်းသွားလာနေပြီး လမ်းမှာလက်ရှိအနေအထားတွင် ကျဉ်းမြောင်းသဖြင့် ယာဉ်အန္တရာယ်များ မကြာခဏဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့်ဝမ်းတွင်းမြို့တွင်းလမ်း တစ်မိုင်သုံးဖာလုံခန့်ကို တစ်ဖက်သုံးပေစီတိုးချဲ့ဖောက်လုပ်ပေးပါရန် တင်ပြရာသမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက သုံးလအတွင်း တိုးချဲ့ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခြင်းဖြစ်သည်။

ဝမ်းတွင်းမြို့တွင်းလမ်းကို တိုးချဲ့ဖောက်လုပ်ပေးရန် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်ဆင့်သို့ စာဖြင့်တင်ပြရန်လိုအပ်ပြီး မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သုံးလအတွင်း တိုးချဲ့ဖောက်လုပ်ပြီးစီးခြင်း မရှိပါက မိမိထံသို့ ဆက်သွယ်တင်ပြနိုင်ကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ထည့်သွင်းပြောကြားသည်။

ဝမ်းတွင်းမြို့တွင်းလမ်း ရန်ကုန်-မန္တလေးကားလမ်းမသည် မိတ္ထီလာဘက်မှဝင်ရောက်ရာ ဝမ်းတွင်းမြို့ဝင်ဆိုင်းဘုတ်အနီး နှင့် မန္တလေးမြို့ဘက်မှဝင်ရောက်ရာ ဝမ်းတွင်းမြို့ဂေါက်ကလပ်အနီးထိ တစ်မိုင် သုံးဖာလုံခန့်ရှိပြီး မြို့တွင်းလမ်းကျဉ်းမြောင်းမှုကြောင့် ယာဉ်ကြောရှုပ်ထွေးမှုနှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် လမ်းဆုံများတွင် ဒီဂျစ်တယ်မီးပွိုင့်များ တပ်ဆင်ဆောင်ရွက်ထားကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

◎ *ကျောဖုံးမှ*

သုဝဏ္ဏကွင်း
ရန်ကုန်- နှစ်ဂိုး
(ဆီဇာ)
မနောမြေ-ဂိုးမရှိ
အောင်ဆန်းကွင်း
ဇွဲကပင်-လေးဂိုး
(အဇီ-သုံးဂိုး၊
ကင်တာဂို-တစ်ဂိုး)
GFA - တစ်ဂိုး (အိုဘီနာ)
ယနေ့ပွဲ
(အောင်ဆန်းကွင်း)
ဧရာဝတီ-မကွေး
(သုဝဏ္ဏကွင်း)
ဆောက်သမ်း-ဇေယျာရွှေမြေ

လှည်းတန်းပျံကျဈေးတွင် လျှပ်စစ်ဓာတ်ကြိုးပြတ်ကျ လမ်းသွားလမ်းလာနှစ်ဦးသေပြီး နှစ်ဦးဒဏ်ရာရ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် လှည်းတန်း(၇)လမ်းနှင့် ပေ ၅၀ လမ်းဆုံ၊ လှည်းတန်းပျံကျဈေးနေရာတွင် ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ က မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ပေ ၅၀ လမ်းကို ဖြတ်၍သွယ်တန်းထားသော ဗို့အား ၄၀၀ ရှိ လျှပ်စစ်ဓာတ်ကြိုးပြတ်ကျရာမှ လမ်းတွင်သွားလာနေသူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ ဓာတ်လိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်လိုက်မှုကြောင့် ဦးကျော်တင့် (၄၈ နှစ်) ပြည်ရိပ်မွန်အိမ်ရာ ကမာရွတ်မြို့နယ်နေသူနှင့် မမိမိုး (၂၂ နှစ်) ကွမ်းရွှေလမ်း ကြည့်မြင်တိုင်နေသူတို့နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဦးဝင်းခင် (၄၂ နှစ်) နှင့် မစန္ဒာ(၃၀ နှစ်)တို့ နှစ်ဦးအား ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးသို့ တင်ပို့ကုသထားကြောင်း သိရသည်။ **(၁၆၃)**

◆ *ကျောဖုံးမှ*

သောက်သုံးရေကန်ကြီးအား ပြန်လည်တူးဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါရေကန်ကြီးအား ပြန်လည် တူးဖော်ဆောင်ရွက်ပြီးစီးပါက အလည်ရွာ၊ ဆည်ကုန်း၊ နွားစင်းငုတ်ကျေးရွာမှ ဒေသခံများရာသီမရွေး သောက်သုံးရေအတွက် ဖူလုံစွာ အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

လူကုန်ကူးမှုတွန်းလှန်မှ
လူသားဘဝလုံခြုံရ

ကျောက်တံခါးမြို့တွင် ပိုင်ရှင်မဲ့သစ်များ ဖမ်းဆီးရမိ

ကျောက်တံခါး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စစ်ဖိုလ်ကြီးကားလမ်း ဖြူးစုကျေးရွာအနီး၌ တရားမဝင်သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ကျော်ဦး ဦးဆောင်ပြီး တောအုပ်ဦးရဲဝင့်ဖြိုး၊ တောအုပ် ဦးနိုင်ဦး၊ တောခေါင်း ဦးဇော်ဝင်းတို့ ပါဝင်သော အဖွဲ့သည် ဇွန် ၂၀ ရက် နံနက် ၁ နာရီ မိနစ် ၄၀ တွင် သွားရောက် ဖမ်းဆီးရာ တရုတ်နိုင်ငံလုပ် Yin Xieng 110 ဆိုင်ကယ်နောက်တွင် ကျွန်းခွဲသား (၁၀×၅)လက်မ အရှည် ၆ပေ တစ်ချောင်း၊ (၉×၅)လက်မ အရှည် ၆ပေ တစ်ချောင်း၊ (၇×၃)လက်မ အရှည် ၆ပေတစ်ချောင်း၊ (၈×၅) လက်မ အရှည် ၇ ပေ တစ်ချောင်း၊ (၁၀×၄)လက်မ အရှည် ၆ပေ တစ်ချောင်း စုစုပေါင်း ငါးချောင်း ၀ ဒသမ ၁၆၈၄ တန်အား သယ်ဆောင်လာစဉ် ပိုင်ရှင်မှာထွက်ပြေးလွတ်မြောက်သွားသဖြင့် ပိုင်ရှင်မဲ့သိမ်းဆည်းပြီး သစ်တောဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **(ယာပုံ)**
မျိုးဦး(ကျောက်တံခါး)

မလေးရှားတွင် ဒုတိယအကြိမ်မြောက် လှေတိမ်းမှောက်မှု အင်ဒိုနီးရှားရှစ်ဦး ထပ်မံသေဆုံးရပြန်

ကွာလာလမ်ပူ ဇွန် ၂၁

မလေးရှားနိုင်ငံမြို့တော်ကွာလာလမ်ပူရှိ ရှားအလမ်းမြို့နယ်မှ နေရပ်မိခင်နိုင်ငံသို့ နံနက်အစောပိုင်းခရီးစဉ်နှင့် တရားမဝင်ပြန်ခဲ့ကြသော အင်ဒိုနီးရှားအလုပ်သမား ၂၇ ဦးအား တင်ဆောင်လာသည့် စက်လှေမှာ ထပ်မံတိမ်းမှောက်ပြီး ရှစ်ဦးပျောက်ဆုံးနေကြောင်း ဇွန် ၂၀ ရက် နိုင်ငံပိုင်သတင်းဌာနများက ဖော်ပြသွားခဲ့ကြောင်း မလေးရှားသတင်းအရင်းအမြစ်များမှ သိရသည်။

ပြီးခဲ့သည့် ဇွန် ၁၈ ရက်က မလက္ကာပင်လယ်အော်ဘင်တန်းခရိုင်အတွင်း လူ ၉၇ ဦးပါသော စက်လှေတိမ်းမှောက်ကာ ၆၂ ဦး ပျောက်ဆုံးသောဖြစ်စဉ်သည် ပထမအကြိမ်မြောက်ဖြစ်ခဲ့ပြီး ယခုဒုတိယအကြိမ်လှေမှောက်မှုထပ်မံ ဖြစ်ပွားပြီး ရှစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်အရ လာမည့် Ramadan (အစ္စလာမ်) ပွဲတော်ရာသီအတွက် နေရပ်မိခင်နိုင်ငံသို့ ပြန်ကြသော တရားမဝင်အင်ဒိုနီးရှားအလုပ်သမားများသည် Ramadan (အစ္စလာမ်) ပွဲတော်ရာသီအမီ နေရပ်သို့ ပြန်နိုင်ကြရေးအတွက် ပိုမိုများပြားလာသောကြောင့် တရားမဝင်ပို့ဆောင်ရေးခရီးစဉ်အဖြစ် ယခုကဲ့သို့ တရားမဝင်စက်လှေများ အသုံးပြုကာ ခရီးသည် ပိုမိုတင်ဆောင်လာကြကြောင်းနှင့် ယခုကဲ့သို့ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း မလေးရှားရေကြောင်းတရားမဝင်နှိမ်နင်းရေး အေဂျင်စီတစ်ခု၏ ပြောကြားချက်အား သတင်းများက ဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူရှိ ရှားအလမ်းမြို့နယ်မှ အထွက် ရေမိုင် ၁၀ မိုင်အရောက် ယင်းရက်ဒေသစံတော်ချိန် နံနက်အစောပိုင်း ၃ နာရီခွဲက တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး နီးစပ်ရာကုန်းသည်ငါးဖမ်းလှေများ ကယ်ဆယ်မှုကြောင့် ၁၉ ဦး အသက်ရှင်ကာ ကျန်ရှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ သေဆုံးဖွယ်များကြောင်း သတင်းများက ဖော်ပြသွားခဲ့သည်။

မလေးရှားနိုင်ငံအစိုးရမှ ပျောက်ဆုံးနေသောသူများကို ယခုအချိန်အထိ ဆက်လက်ရှာဖွေနေကြောင်းနှင့်ပါဝင်ပတ်သက်သော ပို့ဆောင်ရေးသမားများသည် တရားမဝင်အလုပ်လုပ်ကိုင်သူများ ဖြစ်နေကြသည့်အပြင် တရားဝင်နေထိုင်သူများပါ ပါဝင်နေကြောင်းဖြင့် အထူးစုံစမ်းနေကြောင်း သတင်းများက ဖော်ပြသည်။

ထိုသို့ အင်ဒိုနီးရှားနိုင်ငံသို့ တရားမဝင်ပြန်သောသူများအတွက် စက်လှေခ ငွေ(ရင်းဂစ်) ၆၅၀ မှ ၉၅၀ အထိပေးရတတ်ကြောင်း၊ အဆိုပါတရားမဝင် စက်လှေများအတွင်း အသက်ကယ်အင်္ကျီမပါရှိဘဲ ပင်လယ်ပြင်ခရီးစဉ်ကို စက်လှေစီးရကြောင်းနှင့် ရုံဖန်ရုံခါ ငွေ (ရင်းဂစ်) ၁၅၀၀ အထိပေးရကြောင်း မလေးရှားရောက်မြန်မာများက ဆက်သွယ်ပြောကြားခဲ့သည်။

ထို့အပြင် ဇွန် ၁၈ ရက် နံနက်အစောပိုင်းကဖြစ်ပွားခဲ့သော အင်ဒိုနီးရှားနိုင်ငံသား ၆၁ ဦးပျောက်ဆုံးမှုဖြစ်စဉ်အတွင်း ရေထဲတွင် မျောနေသော လူ ၃၀ အား ရှာဖွေတွေ့ရှိခဲ့ပြီး ကျန် ၃၁ ဦးမှာ ပျောက်ဆုံးနေကာ သေဆုံးအလောင်း ၁၉ လောင်းကိုသာဆယ်ယူရရှိထားကြောင်း၊ ယခုဒုတိယအကြိမ်တွင်မူ အလောင်းတစ်လောင်းမျှ ရှာဖွေတွေ့ရှိခြင်းမရှိသေးဘဲ လှေ ပေါ်ပါခရီးသည်ရှစ်ဦးစလုံးမှာ ပျောက်ဆုံးနေကြောင်း သတင်းများက ဖော်ပြထားသည်။
စိုးဝင်း(SP)

ပြည်တွင်းသတင်းနှင့်နိုင်ငံတကာ

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အတွင်းရှိ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက်က တိုင်းဒေသကြီးတရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးမောင်မောင်ရွှေက လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သူ မောင်ဟိန်းသူရထက်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။
(တိုင်းဒေသကြီးတရားရေးရုံး)

ယာဉ်မောင်းစဉ် မိုဘိုင်းဖုန်းအသုံးပြုသဖြင့် ရွှေမန္တလာလေအိတ်ကားအသင်းမှ ယာဉ်မောင်းကိုထုတ်ပယ်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မှမန္တလေးသို့ ဇွန် ၁၄ ရက်ကထွက်ခွာလာသည့် ရွှေမန္တလာလေအိတ်ကား မောင်းလာသည့် ယာဉ်မောင်း ဦး---သည် ကားမောင်းစဉ် မိုဘိုင်းဖုန်းအသုံးပြုသဖြင့် ၎င်းအသင်း၏ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိ၍ ယာဉ်မောင်းအဖြစ်မှ ရာသက်ပန်ထုတ်ပယ်လိုက်ကြောင်း သိရသည်။

“ယာဉ်မောင်းက ကားမောင်းရင်း ဘာမှလုပ်လို့မရဘူး။ ယာဉ်မောင်းတွေရဲ့ လက်ထဲမှာ ခရီးသည်တွေရဲ့လုံခြုံမှုရှိနေတယ်။ ဒါကြောင့် သူတို့ကိုစည်းကမ်း တင်းကျပ်ထားပြီး ခရီးသည်တွေအတွက် အန္တရာယ်ကင်းအောင် အလေးထားဆောင်ရွက်နေတာပါ” ဟု ရွှေမန္တလာကားအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်မောင်းအဖြစ်မှ ရာသက်ပန်အလုပ်ထုတ်ခံရသူသည် ထိုနေ့က ယာဉ်မောင်းနေစဉ် ၎င်း၏ဖုန်းကိုအသုံးပြုရင်းမောင်းနှင်နေခြင်းကို ခရီးသည်က တွေ့ရှိရပြီး လူမှုကွန်ရက် (အင်တာနက်)တွင် ဖော်ပြထားသည်ကို တွေ့ရှိခဲ့သည်။

အခြားယာဉ်မောင်းအသင်းများကလည်း ထိုသို့စည်းကမ်းလိုက်နာခြင်းမရှိသည့် ယာဉ်မောင်းများအား အထူးအရေးယူသင့်၍ ရွှေမန္တလာကားအသင်းသည် ခရီးသည်များ၏ အန္တရာယ်ကင်းရှင်းရေးအတွက် ပထမဦးဆုံး စံနမူနာအဖြစ် ယာဉ်မောင်းအား အလုပ်ထုတ်သည်အထိ အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
မင်းထက်အောင်(မန်းကိုယ်ပွား)

ဆိုင်ကယ်ခိုးမှုဖြင့် ပြစ်ဒဏ်ကျခံရသူ အမျိုးသမီး နောက်ထပ် ဆိုင်ကယ်ခိုးမှုဖြင့် အရေးယူခံရ

မကွေး ဇွန် ၂၁

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲအကူတပ်ဖွဲ့ခွဲ မှူးခင်းအကူမှူး ရဲအုပ်နိုင်လင်းဦးစီးသည့်အဖွဲ့သည် ဇွန် ၂၀ ရက်ညနေ ၄ နာရီခွဲကသက်သေများနှင့်အတူ မကွေးမြို့ စိုးကောမင်းရပ်ကွက်လမ်း(၅)သွယ် အဝိုင်းအနီးတွင် အမျိုးသမီးတစ်ဦး ဆိုင်ကယ်တစ်စီးရောင်းချနေကြောင်း မသင်္ကာဖွယ် သတင်းရရှိသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ၎င်းသည် မကွေးမြို့မရဲစခန်းမှ ပြစ်မှုပုဒ်မ ၃၈၀ အမှုဖြင့် ထောင်ဒဏ် ခြောက်လကျခံခဲ့ပြီး သရက်အကျဉ်းထောင်မှ လွတ်လာသူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး အဆိုပါ လိုက်လံရောင်းချနေသော ဇင်းနစ်-၁၁၀ အစိမ်းရောင်ဆိုင်ကယ်နှင့် ပတ်သက်ပြီး ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာပြသပြောဆိုနိုင်ခြင်းမရှိသဖြင့် အဆိုပါဆိုင်ကယ်ကို တစ်နေရာရာမှ ခိုးယူလာသည်ဟု မသင်္ကာဖွယ်တွေ့ရှိရသဖြင့် အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

တောင်ယာတဲတွင် တစ်ယောက်တည်းနေသူ ဓားခုတ်ခံရပြီးသေဆုံး

ရေတာရှည် ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာနယ်မြေရဲစခန်းအပိုင် အနောက်(၃၅)မိုင်ခန့်အကွာ သစ်တောကြိုးဝိုင်းနယ်မြေ တောင်ယာတဲတွင် တစ်ဦးတည်းနေသူကို ဇွန် ၁၇ ရက် နံနက် ၇ နာရီခန့်က ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်းသိရသည်။ အဆိုပါသတင်းရလျှင်ရခြင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ဝင်း၊ ဆွာနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်သောင်းစံနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အုတ်ဖိုကျေးရွာမြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ တောင်ယာတဲတွင် တဲစောင့်အဖြစ် နေထိုင်သော ကိုချစ်လွင် (၄၀ နှစ်) အုတ်ဖိုကျေးရွာနေသူသည် တဲအတွင်း၌ ယာဘက်လည်ပင်းပြတ်ရှဓားဒဏ်ရာသုံးချက်ဖြင့် သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရသည်။ အခင်းဖြစ်နေရာ၌ သေဆုံးသူ ကိုချစ်လွင်ကိုင်ဆောင်သည့်ဓားကို သွေးများပေကျံလျက်တွေ့ရှိ၍ ရဲတပ်ဖွဲ့က သက်သေခံအဖြစ်သိမ်းဆည်းခဲ့ပြီး အမှုစစ်ဆေးချက်များနှင့်အညီ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိနိုင်ရေးအတွက် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
ကိုလွင်(ဆွာ)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ပြေပြေပြစ်ပြစ်-၁

မောင်ခင်မင်(ဓနုဖြူ)

“ဦး. . . နေကောင်းရဲ့လား”

“ အောင်မယ်. . . ငါ့တူကြီး မလာတာကြာပါပြီကော။ ဦးက နေကောင်းပါတယ်ကွာ။ မင်းများနေမကောင်းဖြစ်နေသလားလို့”

“ ကျွန်တော်က နေကောင်းပါတယ်။ အလုပ်များနေလို့ မရောက်တာပါ။ ဦးနဲ့တွေ့တော့လည်း မေးစရာကလေးတွေ သတိရလာပါတယ်”

“ကဲ. . . ဆိုစမ်းပါဦးကွာ”

“ဦးသိတဲ့အတိုင်း ကျွန်တော်က ဗီဒီယိုဇာတ်လမ်းမိတ်ဆက်ဆောင်းပါးကလေးတွေရေးနေတော့ ဇာတ်လမ်းအကျဉ်းချုပ်ကလေးတွေ ထည့်ရေးရပါတယ်”

“အဲဒီတော့. . . ”

“ ဇာတ်လမ်းအကျဉ်းချုပ်ရေးတဲ့အခါ ဥပမာပေါ့ ဦးရယ် ‘ ဇာတ်လမ်းအကျဉ်းချုပ်မှာ တစ်နေ့တွင် ဇော်ထွန်းအောင်သည် သူ့သူငယ်ချင်းမင်းသိန်း၏ ရွာသို့ အလည်အပတ်ထွက်ခဲ့သည်’ဆိုတဲ့ ဝါကျမျိုးနဲ့ အစချီတာပေါ့”

“ဟုတ်ပြီ”

“ ကျွန်တော်ရေးတာကို ဦးရဲ့အစ်ကိုကြီး ကျွန်တော့်အဖေက ဖတ်ကြည့်ပြီး ‘မင်းရေးပုံ မှန်ရဲ့လားတဲ့။ အဖေ့စိတ်ထဲမှာ တစ်ခုခုလိုနေသလို တစ်မျိုးကြီးဖြစ်နေတယ်’တဲ့။ အဲဒီလိုအဖေကကျွန်တော့်ကိုပြောတာ သုံးလေးခါရှိနေပါပြီ။ ဒါကြောင့် ဦးကို ပြဿနာတင်ရတာပါ”

“ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ကဲ. . . မင်းရေးတဲ့ဝါကျကိုမြင်သာအောင် ဒီစာရွက်မှာရေးလိုက်စမ်းပါ”

“ ရေးပြီးပါပြီဦး” တူတော်မောင်က ချရေးပြီးပြောသည်။

“ စစချင်း ‘ဇာတ်လမ်းအကျဉ်းချုပ်မှာ ’ လို့စထားတယ်နော်။ ဒါဟာ မင်းကဇာတ်လမ်း အကျဉ်းချုပ်ကိုရေးပြဖို့ အစချီလိုက်တာမဟုတ်လား”

“ ဟုတ်ပါတယ်ဦး”

“ဒီလိုဆိုရင် အဲဒီဇာတ်လမ်းအကျဉ်းချုပ်ဟာ ဘာလဲဆိုတာ ဒီဝါကျထဲမှာ ဆက်ပြောရမှာပေါ့၊ မင်းပြောထားသလား”

“ ပြောထားတယ်လေ ဦးရဲ့”

“ဘယ်လိုပြောထားသလဲ”

“ ဟာ. . . ဦးကလည်း၊ ဒီမှာရေးထားတယ်လေ၊ ‘တစ်နေ့တွင် ဇော်ထွန်းအောင်သည် သူ့သူငယ်ချင်းမင်းသိန်း၏ရွာသို့ အလည်အပတ်ထွက်ခဲ့သည်’ လို့ ဆက်ရေးထားတာပဲဟာ”

“အဲဒါ ဇာတ်လမ်းအကျဉ်းချုပ်အကြောင်းလား”

“ ဗျာ”

“အဲဒါ ဇာတ်လမ်းအကျဉ်းချုပ်ပြီးရောလားလို့ မေးတာ”

“မဟုတ်ပါဘူး ဦး။ ဇာတ်လမ်းရဲ့အစပဲရှိပါသေးတယ်”

“ဒါဆိုရင် ဒီဝါကျဟာ ဇာတ်လမ်းအကျဉ်းချုပ်မဟုတ်သေးဘူးပေါ့”

“မဟုတ်သေးပါဘူး ဦး”

“မဟုတ်သေးဘဲနဲ့ ဘာဖြစ်လို့ ‘ဇာတ်လမ်းအကျဉ်းချုပ်မှာ’ လို့ပြောရတာလဲ”

“ကျွန်တော် မပြောတတ်တော့ဘူး ဦးရယ်”

“ဇာတ်လမ်းအကျဉ်းချုပ်မှာလို့ ရှေ့ကစထားရင် နောက်မှာ အဲဒီဇာတ်လမ်းအကျဉ်းချုပ်ဟာ ဘာဆိုတာ ဒီဝါကျထဲမှာ ပြောရမယ်လေ။ ကဲ. . . သဒ္ဒါစကားနဲ့ပြောရင် ‘ဇာတ်လမ်းအကျဉ်းချုပ်မှာ’ ဆိုတဲ့ ပုဒ်ကို ဘာခေါ်သလဲ”

“အင်း. . . ကတ္တားပုဒ်လို့ခေါ်ပါတယ် ဦး”

“ဟုတ်ပြီ ကိုယ်ပြောမယ့်အချက်ကို ကတ္တားပုဒ်နဲ့စပြီး ဖော်ပြလိုက်တာပဲ။ ပြီးတော့ အဲဒီအချက်ဟာ ဘာဖြစ်ပါတယ်ဆိုတာကို ဆက်ပြီးဖော်ပြရမယ်လေ။ အဲဒီပုဒ်ကို ဘာခေါ်သလဲ”

“ကြိယာပုဒ်လို့ ခေါ်ပါတယ်”

“အေး. . . ဝါကျတစ်ခုမှာ အဓိကအနေနဲ့ ကတ္တားပုဒ်နဲ့ ကြိယာပုဒ်ပါတယ်ဆိုတာ တို့နေ့တိုင်းပြောနေတဲ့ စကားတွေကိုသတိထားကြည့်ရင် အသိသာကြီးပါကွာ။ ‘အဖေ လမ်းလျှောက်နေတယ်’၊ ‘အမေရေချိုးနေတယ်’၊ ‘ကလေးငိုနေတယ်’ဆိုတဲ့ဝါကျတွေကို ကြည့်ရင် ကတ္တားပုဒ်တွေရဲ့အကြောင်းကို ကြိယာပုဒ်တွေက ဖော်ပြနေတာတွေ့နိုင်တာပေါ့”

“ဟုတ်ကဲ့ပါ”

“ဒီလိုဆိုရင် မင်းကိုဦးမေးမယ်။ ‘ဇာတ်လမ်းအကျဉ်းချုပ်မှာ’ဆိုတဲ့ ကတ္တားပုဒ်ရဲ့ ကြိယာပုဒ်က ဘာလဲ”

“အင်း. . . အလည်အပတ်ထွက်ခဲ့သည်လား မသိဘူးဦး” တူတော်မောင်က စာရွက်ကိုကြည့်ရင်း မသေမချာ ဖြေသည်။

“အေး. . . မင်း မသဲမကွဲဖြစ်နေပြီ။ သေသေချာချာကြည့်စမ်း။ ‘အလည်အပတ်ထွက်ခဲ့သည်’ဆိုတဲ့ ကြိယာပုဒ်က ဇော်ထွန်းအောင်သည်’ ဆိုတဲ့ကတ္တားပုဒ်ရဲ့ ကြိယာပုဒ်မဟုတ်ဘူးလား”

“ဟုတ်ပါတယ် ဦး”

“ဒီလိုဆိုရင် အဲဒီကြိယာပုဒ်ဟာ

ဇာတ်လမ်းအကျဉ်းချုပ်မှာဆိုတဲ့ ကတ္တားပုဒ်ရဲ့ ကြိယာပုဒ်မှမဟုတ်တာ၊ ဒါဆိုရင် အဲဒီကတ္တားပုဒ်ရဲ့ကြိယာပုဒ်က ဘယ်မှာလဲ”

“မပါပါဘူးဦး”

“အေး. . . အဓိက ပြဿနာက အဲဒါပဲ။ ရှေ့မှာ ကတ္တားပုဒ်တစ်ခုစထားပြီး နောက်က ဒို့ပြင်ဝါကျတစ်ခု ဆက်ရေးတယ်၊ အဲဒီဝါကျက သူ့ဟာသူ ကတ္တား၊ ကြိယာသီးခြားရှိတယ်။ ရှေ့က ကတ္တားပုဒ်နဲ့ တွဲရမယ့် ကြိယာပုဒ်တော့ မထည့်မိတော့ဘူးလေ”

“သြော်. . . ဒါကြောင့် ကျွန်တော့်အဖေက တစ်ခုခုလိုနေသလို တစ်မျိုးကြီး ဖြစ်နေတယ်လို့ ပြောတာကိုး။ နားလည်ပါပြီ ဦး”

“အမှတ်တမဲ့ရေးရင် အဲဒီလိုပဲ ကတ္တားကို ရှေ့ကဖော်ထားပြီးမှ နောက်ကကြိယာမလိုက်မိတာမျိုးဖြစ်တတ်တယ်လေ။ ဆိုပါစို့။ “ကျန်းမာရေးနည်းလမ်းတစ်ခုမှာ နံနက်တိုင်းလမ်းလျှောက်ပါ”လို့ ရေးရင် မှန်သလိုလိုပဲ။ သေသေချာချာကြည့်ရင် “ ကျန်းမာရေးနည်းလမ်းတစ်ခုမှာ ”ဆိုတဲ့ ကတ္တားပုဒ်အတွက် နောက်ကလိုက်တဲ့ ကြိယာပုဒ်မပါတာတွေ့လိမ့်မယ်၊ “နံနက်တိုင်းလမ်းလျှောက်ပါ” ဆိုတာက လမ်းညွှန်တဲ့ သီးသန့်ဝါကျတစ်ခုပဲလေ။ ကျန်းမာရေးနည်းလမ်းဟာ ဘာဆိုတာဖော်ပြတဲ့ ကြိယာမှ မဟုတ်တာ”

“အေး. . အဲဒီလို ကတ္တားပဲပါပြီး ကြိယာပျောက်နေတဲ့ ဝါကျမျိုးတွေ ရေးမိတတ်ကြတာမို့ သတိထားစရာပေါ့ကွာ။ အမှတ်တမဲ့ကြည့်ရင် မှန်သလိုလိုပဲ။ သတိထားကြည့်မှ သိမှာလေ”

“ဒါဆိုရင် ကြိယာမပျောက်အောင် ဘယ်လိုရေးရမှာလဲဦး”

“ဝါကျတစ်ခုတည်းမှာ ဇာတ်လမ်းအကျဉ်းချုပ်ကို ခြုံမိအောင်ရေးမယ်ဆိုရင်တော့ အဲဒီကတ္တားနဲ့ဆိုင်တဲ့ကြိယာနဲ့ အဆုံးသတ်နိုင်တာပေါ့။ ဥပမာကွာ ‘ဇာတ်လမ်းအကျဉ်းချုပ်မှာ သူငယ်ချင်း မင်းသိန်း၏ ရွာသို့အလည်အပတ်သွားရင်း ဖူးစာရှင်တွေ့ရသော ဇော်ထွန်းအောင်၏ အကြောင်းဖြစ်သည်’ ဆိုတာမျိုးရေးရင်တော့ ကတ္တားပုဒ်နဲ့ ကြိယာပုဒ်ချိတ်မိတာပေါ့၊ အဲ. . ဇာတ်လမ်းအကျဉ်းချုပ်ကို ဝါကျတစ်ခုတည်းနဲ့ ရေးဖို့မလွယ်ရင်တော့ ‘ဇာတ်လမ်းအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်’၊ ‘ဇာတ်လမ်းအကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်’ ဆိုတာမျိုး ဝါကျတစ်ခုဆုံးအောင်ရေးပြီးတော့မှ ဇာတ်လမ်းအကျဉ်းချုပ်ကို ဆက်ရေးတာပိုလွယ်ပါတယ်”

“မှတ်ထားပါ့မယ်ဦး”

“အမှတ်တမဲ့ရေးရင် အဲဒီလိုပဲ ကတ္တားကို ရှေ့ကဖော်ထားပြီးမှ နောက်ကကြိယာမလိုက်မိတာမျိုးဖြစ်တတ်တယ်လေ။ ဆိုပါစို့။ ‘ကျန်းမာရေးနည်းလမ်းတစ်ခုမှာ နံနက်တိုင်းလမ်းလျှောက်ပါ’လို့ ရေးရင် မှန်သလိုလိုပဲ။ သေသေချာချာကြည့်ရင် ‘ ကျန်းမာရေးနည်းလမ်းတစ်ခုမှာ ’ဆိုတဲ့ ကတ္တားပုဒ်အတွက် နောက်ကလိုက်တဲ့ကြိယာပုဒ်မပါတာတွေ့လိမ့်မယ်၊ ‘နံနက်တိုင်းလမ်းလျှောက်ပါ’ ဆိုတာက လမ်းညွှန်တဲ့ သီးသန့်ဝါကျတစ်ခုပဲလေ။ ကျန်းမာရေးနည်းလမ်းဟာ ဘာဆိုတာဖော်ပြတဲ့ ကြိယာမှ မဟုတ်တာ’’

“ဒီလိုဆိုရင် ဘယ်လိုရေးသင့်သလဲဦး”

“ကျန်းမာရေးနည်းလမ်းတစ်ခုမှာ နံနက်တိုင်းလမ်းလျှောက်သောနည်းဖြစ်သည်။ ဒါမှမဟုတ် ‘ကျန်းမာရေးနည်းလမ်းတစ်ခုမှာ နံနက်တိုင်းလမ်းလျှောက်ခြင်းဖြစ်သည်’ လို့ရေးရင် ရှေ့က ဖော်ပြထားတဲ့ နည်းလမ်းဟာ ဘာလဲဆိုတာ နောက်မှာ ဖော်ပြတာမို့ အဖွင့်အပိတ်ညီပြီး ပြေပြေပြစ်ပြစ်ဖြစ်သွားတာပေါ့ကွယ်”

“ဟုတ်ကဲ့ပါဦး”

“မင်းပြောလို့ တစ်ခုသတိရတယ်။ မကြာခင်က ဂျာနယ်တစ်စောင်ထဲမှာ သတင်းတစ်ခုဖတ်လိုက်ရတယ်၊ မိသားစုတစ်စု ကားနဲ့ခရီးဝေးသွားရင်း လမ်းမှာ မတော်တဆ ကားမှောက်တဲ့သတင်းလေ။ သတင်းရေးတဲ့သူက ‘ဖြစ်စဉ်ကို စုံစမ်းကြည့်ရာ အောက်ပါအတိုင်းသိရှိရသည်’လို့ ဝါကျတစ်ခု သီးခြားရေးပြီးတော့မှ နောက်ကဖြစ်စဉ်ကို ဆက်ရေးတာမို့ မှန်လည်းမှန်တယ်၊ ရှင်းလည်းရှင်းတယ်၊ အဲဒီလိုမရေးဘဲ ‘ဖြစ်စဉ်မှာ စက်ရုံမန်နေဂျာ ဦးလှမော်သည် မိသားစုနှင့်အတူ ကားဖြင့် ခရီးထွက်ခဲ့သည်’ ဆိုတာမျိုးရေးရင် ‘ဖြစ်စဉ်မှာ’ဆိုတဲ့ ကတ္တားအတွက် ကြိယာမပါဘဲ ထောင့်နေမှာပေါ့။ ‘ဖြစ်စဉ်မှာ စက်ရုံမန်နေဂျာ ဦးလှမော်မိသားစုနှင့်အတူ ကားဖြင့် ခရီးထွက်စဉ် လမ်းတွင် မတော်တဆကားမှောက်ပြီး ဦးလှမော်နှင့်အတူ ဇနီးနှင့် သမီးနှစ်ယောက်ပါထိခိုက်ဒဏ်ရာရရသည့် အကြောင်းပင်ဖြစ်သည်’ ဆိုရင်တော့ ဖြစ်စဉ်က ဘာလဲဆိုတာ အဆက်အစပ်မိသွားပြီး ပြေပြစ်သွားတာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“အဲဒီလို ရှေ့မှာ ကတ္တားကို ဖော်ပြပြီး နောက်ကကြိယာမလိုက်ဘဲ အဆုံးသတ်တဲ့ ဝါကျမျိုးကို ပညာရှင်တွေက နာမည်ပေးထားတာရှိတယ်”

“ဘာပါလဲဦး”

“ကြိယာမပါဘဲ ကတ္တားတစ်ခုတည်း ငုတ်တုတ်ကြီးကျန်နေလို့ ‘ကတ္တားငုတ်တုတ်ဝါကျ’ တဲ့ကွ”

“မှတ်သားထားပါ့မယ်ဦး။ နောက်ကို ‘ကတ္တားငုတ်တုတ်ဝါကျ’ မရေးမိအောင်လည်း သတိထားပါ့မယ်”

လူကုန်ကူးမှု အသိပညာပေး ဟောပြောပွဲကျင်းပ

တပ်ကုန်း ဇွန် ၂၁

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူကုန်ကူးမှု အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက် ညနေ ၃ နာရီက တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင်ကျေးရွာအုပ်စု ကြံခင်းစုကျေးရွာ ပညာရာမိက ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြတ်မြတ်မိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (နေပြည်တော်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမင်းနိုင်က လူကုန်ကူးမှုနှင့်ပတ်သက်၍ လူကုန်ကူးခံရခြင်း၊ လူကုန်ကူးမှုဖြစ်စဉ်သမိုင်း၊ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ခြင်း၊ လူကုန်ကူးမှု၏ အဓိပ္ပာယ်၊ ကမ္ဘာနှင့် မြန်မာနောက်ခံ သမိုင်းကြောင်းများကို ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တပ်ဖွဲ့စုမှူး ဒုရဲမှူးမင်းနိုင်က ပြန်လည်ဖြေကြားခဲ့သည်။

တက်ရောက်

ဟောပြောပွဲသို့ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြတ်မြတ်မိုး၊ ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ရင်၊ တပ်ကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုသုံးအုပ်စုမှ ပြည်သူ ၃၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(လ/၀၃၆)

မော်လမြိုင်မြို့ ဈေးကြိုအဝေးပြေးကားဝင်း ကွန်ကရစ်ကွင်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ရှိ ဈေးကြိုအဝေးပြေးကားဝင်း၌ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးနှင့် ယာဉ်များရပ်နား ထွက်ခွာရန် အဆင်ပြေစေရေး ကွန်ကရစ်ခင်းအဆင့်မြှင့်တင်ရေးလုပ်ငန်းကို မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးသက်ဝင်း၏ ကြီးကြပ်မှုအရ မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ရန်ပုံငွေမှငွေကျပ် ၆၇၉၇၅၀၀ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကွန်ကရစ်ကွင်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီးပြည်နယ်ဝန်ကြီး ဦးသက်ဝင်းနှင့် ဒေါက်တာတိုးတိုးအောင်၊ ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စစ်ကျန်ပုံးသီးဟောင်းနှင့်ကျည်ဆန်ဟောင်းများ တူးဖော်တွေ့ရှိ

ကျောက်ပန်းတောင်း ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်းကျေးရွာအုပ်စု စိတ္တိန်းတောင်ရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဇွန်၂၀ ရက် နံနက် ၇ နာရီက ညစောင့်နေအိမ်တဲဆောက်လုပ်ရန်အတွက် ပင်မအဆောက်အအုံ၏ မြောက်ဘက် ၄၆ ပေအကွာတွင် ပန်းရန်ဆရာ ဦးမိုးမြင့်ဇော်နှင့်အဖွဲ့က မြေကျင်းတူးဖော်ရာ အနက် ၁ ဒသမ ၅ ပေအရောက်တွင် ဂျပန်ခေတ် စစ်လက်ကျန်ဟု ယူဆရသော ပုံးသီးဟောင်းနှင့် လေယာဉ်ပစ်ကျည်များ၊ မိုင်းဟောင်းများတွေ့ရှိ၍ တူးဖော်ထုတ်ယူခဲ့ပြီး ပုံးသီးနှင့် ကျည်ဟောင်း ၁၇၅ လုံး တူးဖော်အပြီးတွင် မြေကျင်းအတွင်း၌ များစွာကျန်ရှိသေးကြောင်းသိရသဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်တင့်ထံ အကြောင်းကြားခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် နယ်မြေခံတပ်နယ်တာဝန်ရှိသူများထံ ဆက်သွယ်အကြောင်းကြားခဲ့သဖြင့် ကျောက်ပန်းတောင်းရဲတပ်ဖွဲ့စခန်းမှ ဒုတိယမြို့နယ်မှူးမင်းသိန်း၊ ပုပ္ပားရဲစခန်းမှ ခေတ္တစခန်းမှူးဒုရဲအုပ်ဖော်ဖုန်းရှိန်တို့ ကနဦးရောက်ရှိစစ်ဆေး၍ လုံခြုံရေး တာဝန်ယူထားခဲ့ကြောင်း သိရသည်။

အဆိုပါ တူးလက်စမြေကျင်းအတွင်းမှ ကျန်ရှိနေသော ပုံးသီးဟောင်းနှင့် ကျည်ဆန်ဟောင်းများကို နယ်မြေခံတပ်နယ် တပ်ရင်းများမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် စစ်မြေပြင်အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးကြပြီး ဆက်လက်တူးဖော်ခဲ့ရာ စစ်ကျန်မိုင်း၊ ပုံးသီး၊ ကျည်ဖူး ၇၇ လုံးနှင့် ဒလက်အကျိုးအပျက်လေးခု၊ ထိပ်ဖူးအပျက်တစ်ခုထပ်မံတူးဖော်တွေ့ရှိခဲ့သည် တူးဖော်တွေ့ရှိသည့် စစ်ကျန်မိုင်း၊ ပုံးသီး၊ ကျည်ဟောင်း စုစုပေါင်း ၂၅၂ လုံး၊ ဒလက်အကျိုးအပျက်လေးခုနှင့် ထိပ်ဖူးအပျက်တစ်ခုတို့ဖြစ်ပြီး ၎င်းတူးဖော်တွေ့ရှိသည့် စစ်ကျန်ပုံးသီးနှင့် ကျည်ဟောင်းများကို စနစ်တကျ စစ်ဆေးဖျက်ဆီးနိုင်ရန်အတွက် နယ်မြေခံတပ်နယ်မှ သိမ်းဆည်းသွားကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

ခေတ်မီဆိပ်ကမ်းဗဟိုတံတားနှင့် အဆင့်မြင့်ခရီးသည်နားနေဆောင်တည်ဆောက်ရေး ပန္နက်တင်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့တော် ဆိပ်ကမ်းသာယာလှပရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပန်းဆိုးတန်း-ဒလဆိပ်ကမ်းအား ခေတ်မီဆိပ်ကမ်း ဗဟိုတံတားနှင့် အဆင့်မြင့်ခရီးသည်နားနေဆောင် တည်ဆောက်ရေး ပန္နက်တင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကျန်းမာရေးဆိပ်ကမ်းဝင်း၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပန်းဆိုးတန်း-ဒလကူးတို့ဆိပ်ကမ်းအပါအဝင် ရန်ကုန်ဆိပ်ကမ်းအား နိုင်ငံတကာ ခေတ်မီဆိပ်ကမ်းအဖြစ် အဆင့်မြင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ဆိပ်ခံတံတား အဆင့်မြှင့်တင် တည်ဆောက်ခြင်းနှင့် နောက်ခံမြေပေါ်တွင် ခေတ်မီစီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းအတွက် တင်ဒါခေါ်ယူခဲ့ရာ New Downtown Development Public Limited မှ လုပ်ပိုင်ခွင့်ရရှိခဲ့ကြောင်း၊ တိုးတက်များပြားလာသည့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပန်းဆိုးတန်း-ဒလ ဆိပ်ခံဗဟိုတံတားနှစ်စင်းနှင့် ခရီးသည်နားနေဆောင်တို့ကို တစ်နှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပန္နက်တင်ရိုက်နှိပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးတရားသူကြီးချုပ်တို့က ခေတ်မီဆိပ်ကမ်းဗဟိုတံတားနှင့် အဆင့်မြင့်ခရီးသည် နားနေဆောင်ဆောက်လုပ်မည့်မြေနေရာတွင် ပန္နက်တင်ရိုက်နှိပ်ပြီး အမွှေးနံ့သာရေများ ပက်ဖျန်းပေးကြသည်။

ကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြသထားသော ပန်းဆိုးတန်း-ဒလဆိပ်ကမ်း ခေတ်မီဆိပ်ကမ်းဗဟိုတံတားနှင့် အဆင့်မြင့်ခရီးသည်နားနေဆောင် တည်ဆောက်ရေးပုံစံငယ်များကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ဘုရင့်နောင် တံတားအမှတ်(၂)တွင် သံပေါင်များတပ်ဆင်နေစဉ်။

❍ **ရွှေဖုံးမှ**

ဤဘုရင့်နောင် တံတားအမှတ်(၂)ကို အမြန်ဆောက်လုပ်ပြီးစီးချင်ပါကြောင်း၊ ယခုအခါ တံတားတစ်စင်းလုံး ၈၅ ရာခိုင်နှုန်းအထိ ပြီးနေပြီဖြစ်သော်လည်း တံတားတွင် အဓိကကျသည့်သံပေါင်များကိုတော့ အခုမှရောက်၍ အားချင်းတပ်ဆင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ သံပေါင်တပ်ဆင်ချိန်သည် မိုးရာသီဖြစ်ပြီး မိုးများအတွင်း ဆောင်ရွက်ရမည်ဖြစ်သလိုရေလယ်တွင် တစ်ဖက်က ပေ ၂၀၀ သာ ကွာဝေးသည့် ဘုရင့်နောင်တံတားကြီးရှိနေ၍ ခက်ခဲမှုရှိပါကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကိုလည်း သတိထားရပါကြောင်း၊ ထို့ကြောင့် သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းကို နှစ်လ(သို့မဟုတ်) နှစ်လခွဲအတွင်း တပ်ဆင်မည်ဖြစ်ပါကြောင်း အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ပြောသည်။

၎င်းက ဆက်လက်၍ မိမိတို့သည် ဝန်ထမ်းဖြစ်၍ တံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်နေသော်လည်း ပင်ပန်းလွန်းသည် မထင်ပါကြောင်း၊ အများပြည်သူတို့သည် တချို့နေရာများတွင် မိမိတို့ငွေကြေးများကို အကုန်အကျခံ၍ တံတားဆောက်လုပ် လှူဒါန်း၍ ကုသိုလ်ယူလျက်ရှိကြောင်း၊ မိမိတို့မှာ မိမိပိုင်ငွေကြေး စိုက်ထုတ်လုပ်ကိုင်ရခြင်းမရှိသော်လည်း ဤလိုဌာနက တာဝန်ယူ တံတားဆောက်လုပ်ကုသိုလ်ယူကြရသဖြင့် ဝမ်းသာပီတိဖြစ်ရပါကြောင်းဖြင့် ပြောပြသည်။

တံတားကြီးသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်သို့ ဆက်သွယ်ထားသော ဘုရင့်နောင်တံတားအမှတ်(၁)အနီးယှဉ်လျက် မြစ်ညာဘက်ပေ ၂၀၀ အကွာတွင်တည်ရှိပြီး ပင်မတံတားအရှည် ၁၆၂၈ ဒသမ ၃ ပေရှည်ပြီး ချဉ်းကပ်တံတားအရှည်မှာ မရမ်းကုန်းဘက်တွင် ၈၁၉ ဒသမ ၃၆၄ ပေ၊ လှိုင်သာယာဘက်ကမ်းတွင် ၁၆၅၇ ဒသမ ၁၃၄ ပေ စုစုပေါင်း တံတား အရှည်ပေ ၄၁၀၄ ဒသမ ၅၃ ရှည်၍ တံတားပေါ်၌ လေးလမ်းသွားကားလမ်း အကျယ် ၄၈ ပေ၊ လူသွားလမ်း(တစ်ဖက်လျှင်) ၆ ပေရှိ၍ မော်တော်ယာဉ်တစ်စီးချင်း ခံနိုင်ဝန်အလေးချိန် ၇၅ တန်ဖြစ်သည်ဟု သိရသည်။

သိပ္ပံနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ ရန်ကုန်နည်းပညာတက္ကသိုလ်၌ကျင်းပ

ရန်ကုန် ဇွန် ၂၁

သိပ္ပံနှင့် နည်းပညာဘွဲ့လွန်ကျောင်းသားများ၏ အရည်အသွေးမြှင့်တင်ရန်၊ သုတေသနပြုလုပ်သူများကျောင်းသားများအချင်းချင်း အသိပညာမျှဝေခြင်းဖြင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် (၇)ကြိမ်မြောက် သိပ္ပံနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၌ ဇွန် ၁၉ ရက် မှ ၂၀ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့သည်။

ဇွန် ၁၉ ရက်ဖွင့်ပွဲအခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား လုပ်ဆောင်လျက်ရှိရာ အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာ ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ မွေးထုတ်ပေးနိုင်ရန်လည်း လိုအပ်သည့် သင်ထောက်ကူပစ္စည်းများနှင့် အခွင့်အလမ်းများကို ဝန်ကြီးဌာနမှ ပံ့ပိုးလျက်ရှိကြောင်း၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်အသုံးချရေး၏ အရေးပါမှုကို အလေးထားပြီး အစဉ်အမြဲတွန်းအား ပေးဆောင်ရွက်လျက်ရှိကြောင်း၊ စာတမ်းရှင်များအနေဖြင့် ယခုလို စာတမ်းဖတ်ပွဲတွေမှာ ပါဝင်ဖတ်ကြားခြင်းဖြင့် စာတမ်း ဖတ်ကြားတင်ပြဆွေးနွေးသည့် အလေ့အကျင့်ကောင်းများနှင့် နည်းပညာနှီးနှောဖလှယ်ရေးဆိုင်ရာ အရည်အသွေးများ၊ အင်္ဂလိပ်ဘာသာဖြင့် တင်ပြဆွေးနွေးနိုင်မှု အရည်အသွေးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခု အတွေ့အကြုံမှတစ်ဆင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံတွေအထိပါ လေ့လာမှုတွေ ပြုလုပ်နိုင်လာပြီး နိုင်ငံတကာနှင့်သက်ဆိုင်သည့်စာတမ်းတွေအထိပါ တင်သွင်းဖတ်ကြားသွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ အင်ဂျင်နီယာဘာသာရပ်ဌာန အသီးသီးမှ ဘွဲ့လွန်သင်တန်းသားများ၊ သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များမှ ဆရာ၊ ဆရာမများ စုစုပေါင်း ၁၄၉ ဦး က ဗိသုကာပညာရပ်၊ ဓာတုဗေဒ၊ မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအား၊ လျှပ်စစ်နှင့်ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ စက်မှု၊ ချည်မျှင်နှင့် အထည်စသည်ဖြင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သုတေသနများကို စာတမ်းဖတ်ကြမည်ဖြစ်သည်။

မကွေးမီ (အထက်မြန်မာပြည်) မန္တလေးနည်းပညာတက္ကသိုလ်၌လည်း သိပ္ပံနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ အင်ဂျင်နီယာနှင့် ကွန်ပျူတာတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ ဘွဲ့လွန်သင်တန်းသားများ၊ စာတမ်းရှင်များ တက်ရောက်ခဲ့ကြသည်။

သိပ္ပံနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများကို ၂၀၀၈ ခုနှစ်မှစတင်၍ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် နည်းပညာတက္ကသိုလ်တို့တွင် စုစည်းကျင်းပလာခဲ့ပြီး ၂၀၁၁ ခုနှစ်မှစတင်၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လက်ခံကျင်းပလာခဲ့သည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(မန္တလေး) တတိယပွဲစဉ်၏ တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲဆက်လက်ကျင်းပ

မန္တလေး ဇွန် ၂၁

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေမှူကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်(မန္တလေး)၏

တတိယနေ့ ၁၈ ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် မင်းနိုင် (Srixon) ဂေါက်ရိုက်ယှဉ်ပြိုင်စဉ်။

တတိယနေ့ပွဲစဉ်ကို ဇွန် ၂၁ ရက် နံနက်ပိုင်းက မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပခဲ့သည်။

တတိယလိုက်နေ

တတိယနေ့ ၁၈ ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် မင်းနိုင် (Srixon)က စုစုပေါင်း ရိုက်ချက် ၂၁၄ ချက်ဖြင့် ပထမ၊ ဇော်ဇော်လတ် (HAN Golf Academy)က စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့် ဒုတိယ၊ လှမျိုး (Mizuno)က စုစုပေါင်း ရိုက်ချက် ၂၁၆ ချက်ဖြင့် တတိယလိုက်နေပြီး အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် မောင်မောင်ဦးက စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ပထမ၊ ဇင်မင်းသူက စုစုပေါင်း ရိုက်ချက် ၂၁၉ ချက်ဖြင့် ဒုတိယ၊ ကျော်ကျော်က စုစုပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသမီးအဆင့်

အပျော်တမ်း အမျိုးသမီးအဆင့် ပြိုင်ပွဲတွင် ခင်မာနွယ်က နှစ်ရက်ပေါင်း ရိုက်ချက် ၁၆၂ ချက်ဖြင့် ပထမ၊ မဦးခိုင်က ၁၆၂ ချက်ဖြင့် ဒုတိယ၊ ဝင့်ဖူးနဒီအောင်က ၁၆၅ ချက်ဖြင့် တတိယလိုက်နေသည်။

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဧရာဝတီဘဏ်လီမိတက်၊ ယူနိုက်တက်အမရဘဏ်၊ မြဝတီဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် အင်းဝဘဏ်တို့မှ အဓိကကူညီပံ့ပိုးပြီး Official Golf Ball အဖြစ် Volvik၊ ရွှေမန်းတောင်ဂေါက်ကလပ်နှင့် Event Management အဖြစ် HAN Event Management တို့မှ ထပ်မံပံ့ပိုးပေးကြောင်း သိရသည်။

ဖိုးသော်ဇင်

လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်သော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့တွင် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့သည်။ အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကြီးကြပ်သူရှစ်ဦး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ်မှ ဥက္ကဋ္ဌဦးစီး၍ ကြီးကြပ်သူ ၁၀ ဦးနှင့် ခရိုင်များမှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အင်ဂျင်နီယာများဦးစီး၍ ဝန်ထမ်း စုစုပေါင်း ၄၅၂ ဦး စုစုပေါင်း ၄၇၀ ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ခြင်းသည် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန်၊ ဗို့အားပိုမိုတိုးတက်ကောင်းမွန်စေရန်၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရန်နှင့်လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပါလီမန်ဘတ်ဂျက်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်၏ အစီအစဉ်ဖြင့် အာဆီယံပါလီမန်များဆိုင်ရာညီလာခံ (AIPA)၊ ဂျာမန်ဖောင်ဒေးရှင်း GIZ တို့ ပူးပေါင်းဆောင်ရွက်သည့် ပါလီမန်ဘတ်ဂျက်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး အလုပ်ရုံဆွေးနွေးပွဲ (Workshop on Parliamentary Budgeting and Transparency) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hotel Royal ACE ၌ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု လွှတ်တော်ဒုတိယနာယကဦးနန္ဒကျော်စွာ **(ယာပုံ)**ကကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး AIPA အတွင်းရေးမှူးချုပ် MR. P. O. Ram နှင့် GIZ မှ Ms. Maureen Liwidjaja တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်ခေါင်းစဉ်ဆိုင်ရာများကို အလုပ်ရုံဆွေးနွေးပွဲအကြံပေး Mr. Ian Lienert က ရှင်းလင်းတင်ပြကာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် AIPA အဖွဲ့ဝင်ခြောက်နိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် အကြောင်းအရာဆိုင်ရာများအပေါ် မိတ်ဆက်ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီမှ အတွင်းရေးမှူး ဦးမောင်တိုးခေါင်းဆောင်သည့် ကိုယ်စားလှယ်ခြောက်ဦး၊ AIPA အထွေထွေအတွင်းရေးမှူးချုပ်၊ ဂျာမန်ဖောင်ဒေးရှင်း (GIZ) မှတာဝန်ရှိသူများ၊ AIPA အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံများမှ လွှတ်တော်ဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လွှတ်တော်ဆိုင်ရာ ဘဏ္ဍာငွေသုံးစွဲမှုနှင့် ပွင့်လင်းမြင်သာမှုရှိမှု အခြေအနေဆိုင်ရာများအပေါ် AIPA အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြဆွေးနွေးကြပြီး မေးခွန်းများမေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက AIPA အထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဆိုင်ရာ ကိုယ်စားလှယ်များအား အဆိုပါ ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၁ မှ ၂၂ ရက်အထိ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ဖြေလျှော့ဆောင်ရွက်ပေးနေသော်လည်း တရားမဝင်ကုန်များ တင်သွင်းနေသည့်အတွက် တားဆီးရန်လိုအပ်

ရန်ကုန် ဇွန် ၂၁

ပုဂ္ဂလိကကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဉ္စမထပ်၌ ဇွန် ၂၁ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် **(ယာပုံ)**က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအဆင့်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ဒုတိယအဆင့်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ တတိယအဆင့်တွင် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုနှင့် စတုတ္ထအဆင့်အဖြစ် ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စစ်မှန်သော ပြုပြင်ပြောင်းလဲမှုများကြောင့်

နိုင်ငံတကာ ဆက်ဆံရေးတွင် တိုးတက်လာခဲ့သလို နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မှုများကိုလည်း လျင်မြန်စွာဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးခဲ့သော်လည်း အဆိုပါ ဖြေလျှော့ပေးမှုများကို အခွင့်ကောင်းယူပြီး တရားမဝင်တင်သွင်းမှုများနှင့် စားသုံးရန်မသင့်သည့် စားသောက်ကုန်များ တင်သွင်းမှုများရှိနေသည့်အတွက် ထိထိရောက်ရောက်တားဆီးနှိမ်နင်းသွားရန်လိုအပ်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကုန်သည် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များကလည်း တက်တက်ကြွကြွဆွေးနွေး အကြံပြုပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာ အောင်ထွန်းသက်က စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အစိုးရ၊ ပုဂ္ဂလိကနှင့် လူမှုအဖွဲ့အစည်းသုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်မှ လုပ်ငန်းများ ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် WTO၊ AEC စည်းမျဉ်းစည်းကမ်းများအရ Project အစား Promotion အဖြစ်ဖော်ဆောင်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် Out Ward Looking အမြင်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံလာသည့် စိန်ခေါ်မှုများကို အခွင့်အရေးအဖြစ် ပြောင်းလဲအသုံးချတတ်ရန် အရေးကြီးပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု အသင်းချုပ်နှင့် ညီနောင်အသင်းများက လုပ်ငန်းများလုပ်ကိုင်ရာ၌ တွေ့ကြုံရသည့် အခက်အခဲ ပြဿနာများနှင့် ဖြေရှင်းဆောင်ရွက်သင့်သည့်နည်းလမ်းများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြပြီး ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပြည်ထောင်စုဝန်ကြီးတို့က ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တွင် မြန်မာ့ကုန်သွယ်မှုဗဟိုဌာနပထမဆုံးဖွင့်လှစ်

ရန်ကုန် ဇွန် ၂၁

စီးပွားရေးနှင့် ကုန်သွယ်မှုသတင်းအချက်အလက်များ ဖြန့်ဝေပေးရန်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးဝန်ဆောင်မှုပေးရန်အတွက် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်မှုဗဟိုဌာနအဖြစ် ပထမဆုံးမြန်မာ့ကုန်သွယ်မှုဗဟိုဌာနကို ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယထပ်တွင် ဇွန် ၂၁ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ကိုင်ရာတွင် လိုအပ်သည့်အချက်အလက်များ အသေးစိတ် လွယ်လွယ်ကူကူသိရှိစေရန်၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများက ဈေးကွက်ထိုးဖောက်လိုသည့် နိုင်ငံအသီးသီး၏ အချက်အလက်များကို ရယူနိုင်ရန် မြန်မာ့ကုန်သွယ်မှု ဗဟိုဌာန (Myanmar Trade Centre) က ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှ သိရသည်။

"အစိုးရသစ် တက်လာပြီးနောက်ပိုင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ တစ်စထက်တစ်စ တိုးတက်လာတာတွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုပမာဏကလည်း သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာ ဆယ်ဘီလီယံလောက်အထိတိုးတက်လာပါတယ်။ ဒီနှစ်အတွက် သတ်မှတ်လျာထားချက်က ၂၅ ဘီလီယံဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၃၅ ဘီလီယံအထိ တိုးတက်ရရှိနိုင်အောင် ဆောင်ရွက်နေပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မြန်မာ့ကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာ့ကုန်သွယ်မှု ဗဟိုဌာနကို အသုံးချခြင်းဖြင့် အရေးကြီးသော တိုးတက်မှုများ ဖော်ဆောင်နိုင်မည်ဖြစ်ပြီး သတင်းအချက်အလက်များဖြည့်ဆည်းပေးရန်၊ အစိုးရမူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာစွာ အလွယ်တကူ သိရှိနိုင်ရန်၊ ပို့ကုန်မြှင့်တင်ရေးအတွက် ကြိုးပမ်းလျက်ရှိသော လုပ်ငန်းစဉ်များအား ကူညီပံ့ပိုးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကုန်သွယ်မှုဗဟိုဌာနများကို မန္တလေးမြို့၊ မုံရွာမြို့၊ ပုသိမ်မြို့၊ တောင်ကြီးမြို့များတွင် ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း ကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်)၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

စင်ကာပူ၊ ဟောင်ကောင်နှင့် ဒူဘိုင်းသို့ သစ်သီးဝလံတင်ပို့လျက်ရှိသည့် မြန်မာ့ရွှေသစ်သီးဝလံကုမ္ပဏီ ဒါရိုက်တာဒေါ်လဲ့လဲ့ဦးက "အရင်တုန်းက ကျွန်မတို့ ပြပွဲတွေသွားပြမှ နိုင်ငံတကာအဆက်အသွယ်ရတယ်။ အခုဆိုရင် နိုင်ငံတကာက မြန်မာနိုင်ငံကိုလာပြီး ကျွန်မတို့ ထွက်ကုန်ကိုလာရှာရင် ဒီနေရာမှာတင်ပဲ အဆက်အသွယ်ရနိုင်တယ်။ ဒါကြောင့်အခုလို မြန်မာ့ကုန်သွယ်မှု ဗဟိုဌာန ဖွင့်လှစ်တာဟာအလွန်ကိုကောင်းတဲ့အစီအစဉ်ပါ" ဟု ရန်ကုန်မြို့တွင် ပထမဆုံး မြန်မာ့ကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်ရခြင်းအပေါ် ၎င်း၏ အမြင်ကိုပြောကြားသည်။

"ကျွန်မတို့ရဲ့ ပင်ရင်းက မုံရွာမှာပါ။ စက်ရုံစထောင်တာကတော့ နှစ်နှစ်လောက်ရှိပြီ။ လောလောဆယ်တော့ အနောက်နိုင်ငံမှာ ဒီပစ္စည်းလေးတွေကို ပေါက်စေချင်ပါတယ်။ ပြင်သစ်၊ အမေရိကနဲ့ ထိုင်းက ဒီကိုအလည်လာရင်းနဲ့ အဝယ်များတယ်။ မြန်မာနိုင်ငံကနေနိုင်ငံခြားကို ဆက်သွယ်ဖို့ ခက်ခဲတဲ့ အနေအထားမျိုးဆိုရင် ဒီလိုကုန်သွယ်မှုဌာန ဖွင့်လှစ်ပြီး ကြားထဲကနေ ဆက်သွယ်ပေးတဲ့အတွက်အစ်မတို့ပြည်တွင်းက ထုတ်ကုန်ပစ္စည်း *စာမျက်နှာ ၉ သို့*

မြန်မာ့ကုန်သွယ်မှုဗဟိုဌာနဖွင့်ပွဲတွင် ပြသထားသောကုန်ပစ္စည်းများအား ပြည်သူများကြည့်ရှုအားပေးစဉ်။

ပြည်တွင်းသတင်း

တရုတ်နှင့် မြန်မာနှစ်နိုင်ငံအကြား မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နေမှုဆွေးနွေး

နေပြည်တော် ဇွန် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဇွန် ၁၁ ရက်မှ ၂၀ ရက်အထိ တရုတ်နိုင်ငံ State Administration of Press, Publication, Radio, Film and Televisions က ကြီးမှူးကျင်းပသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြန်ကြားရေးဝန်ကြီးများ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ မြန်မာ၊ ကင်မရွန်း၊ ဂျော်ဒန်၊ ကာဂျစ်စတန်၊ လက်ဘနွန်၊ မောရစ်သျှ၊ နီပေါ၊ ပါလက်စတိုင်း၊ ဆီယာလီယွန်၊ တောင်ဆူဒန်၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး တရုတ်နိုင်ငံနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်ဖလှယ်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မီဒီယာကဏ္ဍတိုးတက်ဖွံ့ဖြိုးလာမှု၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်ရန် အလားအလာကောင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ရှင်းလင်းဆွေးနွေး

တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များကလည်း ၎င်းတို့နိုင်ငံအတွင်း ဆောင်ရွက်နေသော မီဒီယာကဏ္ဍအခြေအနေကို ရှင်းလင်းဆွေးနွေးကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ရှိ တရုတ်ဗဟိုရုပ်မြင်သံကြားဌာန (CCTV)၊ တရုတ်နိုင်ငံတကာအသံလွှင့်ဌာန(CRI) နှင့် ပေကျင်းရုပ်မြင်သံကြားဌာန (BTV) တို့ကိုလည်း လေ့လာခဲ့သည်။ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြသခဲ့ပြီး ကိုယ်စားလှယ်အဖွဲ့၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဇွန် ၁၇ ရက်တွင် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမှ တရုတ်နိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းစပ်မြို့ဖြစ်သော Shang Dong ပြည်နယ်ရှိ ချင်တောင်းမြို့သို့ သွားရောက်ပြီး မီဒီယာလုပ်ငန်းများကို လေ့လာသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၈ ရက် ညနေပိုင်းတွင် ချင်တောင်းဒုတိယမြို့တော်ဝန် Dr. Wang Guangzheng တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ပြီး မြန်မာ၊ တရုတ်နှစ်နိုင်ငံ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နေမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၉ ရက်က ချင်တောင်းမြို့တွင်းနှင့် ပင်လယ်ကမ်းခြေနေရာများကိုလည်းကောင်း၊ Hisense အီလက်ထရွန်နစ်ကုမ္ပဏီနှင့် ချင်တောင်းဘီယာစက်ရုံတို့ကိုလည်းကောင်း၊ ချင်တောင်းမြို့ရှိ International Horticultural Exposition ၂၀၁၄ ကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၀ ရက် ညပိုင်းတွင် ပေကျင်းမြို့ရှိ SAPRFT က တည်ခင်းသော ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ဇွန် ၂၁ ရက်တွင် ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမဆောင်၌ ယူနန်ပြည်နယ်ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနဥက္ကဋ္ဌ မစ္စတာ ချန်ရှင့်ကန်းနှင့်တွေ့ဆုံကာ ပူးပေါင်းရိုက်ကူးရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးပြီး နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက မျိုးစေ့၊ စိုက်နည်းစနစ်များအကြောင်း၊ ရှင်းလင်းပြောကြားပြီး တောင်သူလယ်သမားများကလည်း မိမိတို့အခက်အခဲများကို ပြန်လည်ပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ချုပ် ဦးနိုင်ကြည်ဝင်း၊ တိုင်း/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ၊ တောင်သူလယ်သမားများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ တောင်သူ ဦးကျော်အောင်၏စိုက်ကွင်းတွင် စံကွက်ရိတ်သိမ်းမှုအရ ပုလဲသွယ်စပ်မျိုးစပါး တစ်ဧကအစိုတင်း ၂၁၇ ဒသမ ၃၆ တင်း၊ အခြောက်တင်း ၂၀၉ ဒသမ ၇၆ တင်းထွက်ရှိကြောင်း၊ စက်မှုလယ်ယာမှ Combine Harvester ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၈ မှ

တွေကို နိုင်ငံတကာက ပိုသိမယ်လို့လည်းထင်ပါတယ်။" ဟု ထန်းပင်နှင့် အင်ကြင်းပင်တို့မှ ဖြစ်လာသော ကျောက်များဖြင့် အလှဆင်ပစ္စည်းများပြုလုပ်ကာ ပြည်ပဈေးကွက်သို့ ဝင်ရောက်ရန် ပြင်ဆင်နေသည့် Art of Stone ကုမ္ပဏီ မန်နေဂျာဖြစ်သူ ဒေါ်ချစ်ချစ်ထွန်းက ဆိုသည်။

ယခုဖွင့်လှစ်သည့် မြန်မာ့ကုန်သွယ်မှုဗဟိုဌာနတွင် စာကြည့်တိုက်နှင့် မြန်မာ့ပို့ကုန်ပြခန်းများ ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များအတွက် မေးမြန်းစုံစမ်းမှုများကိုဖြေကြားပေးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာအုပ်စာစောင်နှင့် CD များထုတ်လုပ်ဖြန့်ချိခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ပို့ကုန်ကြော်ငြာလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ကုန်စည်ပြပွဲဝန်ဆောင်မှုပေးခြင်း၊ ကုန်သွယ်မှုပညာပေးသင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် အမှတ်တရပစ္စည်းများရောင်းချခြင်းတို့ကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ့ကုန်သွယ်မှုဗဟိုဌာနသည် အီလက်ထရွန်နစ် သတင်းအချက်အလက်များလေ့လာနိုင်ရန် စီစဉ်ပေးသွားမည့်အပြင် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာများ ဆွေးနွေးတိုင်ပင်နိုင်ရန် စီးပွားရေးပညာပေးဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များ၊ စီးပွားရေးတွေ့ဆုံညှိနှိုင်းပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ယင်းဌာန၏ထုတ်ပြန်ချက်များအရ သိရသည်။

ယခုနှစ်တွင် ပထမဆုံးအဖြစ် စတင်ဖွင့်လှစ်သည့် မြန်မာ့ကုန်သွယ်မှုဗဟို ဌာနများအား ပြည်တွင်း၌သာ ဖွင့်လှစ်ထားရှိရုံမျှမကဘဲ ဟောင်ကောင်၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ စင်ကာပူ၊ ဘယ်လ်ဂျီယံ၊ ထိုင်းနှင့် တောင်ကိုရီးယားနိုင်ငံများတွင် မြန်မာနိုင်ငံ၏စီးပွားရေးသံမှူးရုံးများကို ဖွင့်လှစ်ထားပြီး ပြည်တွင်းရှိကုန်သွယ်မှုဗဟိုဌာနများနှင့် အပြန်အလှန်စီးပွားရေးသတင်းများ ဖလှယ်နိုင်မည်ဖြစ်သည်။

(ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်)

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာရေးမသင်နိုင်ခဲ့သူများအတွက် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်

မြန်မာနိုင်ငံတွင် လူတိုင်းအတွက် ပညာရေးကို အခြေခံပညာ နှစ်ရှည်စီမံကိန်းဘောင်အတွင်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ "နိုင်ငံအဆင့်စီမံချက်"၏ ရည်မှန်းချက်တွင် ကျောင်းပြင်ပမူလတန်းပညာရေးကို အရေးပါသည့် လုပ်ငန်းအဖြစ် သတ်မှတ်ထားသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးသည် ကျောင်းပြင်ပ ပညာရေးနည်းလမ်းဖြင့် မူလတန်းပညာကို ရရှိစေမည့် ပညာရေးစနစ်ဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ် ရောက်သော်လည်း ကျောင်းပညာရေး မသင်နိုင်ခဲ့သူများ၊ ပညာတစ်ပိုင်းတစ်စ ဖြစ်နေသူများ၊ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွက် သက်ငယ်အုပ်စုကလေးများကို ဒုတိယအကြိမ် ပညာရေးအခွင့်အလမ်းအဖြစ် ပညာဆက်လက်သင်ယူလိုသောဆန္ဒကို ဖြည့်ဆည်းပေးရန်၊ အဆိုပါကလေးများအား အခြေခံပညာအလယ်တန်းအဆင့်သို့ ဆက်လက်သင်ယူမှုရရှိစေရန် ရည်ရွယ်ပြီး ဆောင်ရွက်သည့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် ဖြစ်သည်။

ကျောင်းပြင်ပမူလတန်း ပညာရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန၌ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးသန်းဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန)

မေး။ ။ ကျောင်းပြင်ပ မူလတန်းပညာရေးအကြောင်းသိပါရစေ။

ဖြေ။ ။ အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာမသင်ခဲ့ရသူတွေ၊ မူလတန်းကို ကျောင်းတစ်ပိုင်းတစ်စနဲ့ ထွက်ခဲ့ရသူတွေအတွက် ဒုတိယအခွင့်အလမ်းအဖြစ် ကျောင်းပြင်ပပညာရေးနဲ့ ပြန်ထိန်းယူတာပါ။ ကျောင်းတွင်း သင်ကြားရေးစနစ်မှအပ စီစဉ်သင်ကြားတဲ့စနစ်ကို ကျောင်းပြင်ပ ပညာရေးလို့ခေါ်တယ်။ ကျောင်းပြင်ပပညာရေးမှာ ထူးခြားတာက အချိန်စာရင်းမရှိဘူး၊ သင်ယူသူနဲ့ သင်ကြားသူညှိနှိုင်းပြီး အဆင်

ဦးသန်းဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန)

ပြေတဲ့နေရာ၊ အဆင်ပြေတဲ့အချိန်မှာ သင်ကြားတဲ့စနစ်ဖြစ်တယ်။ ကျောင်းပြင်ပအတွက် ရေးဆွဲထားတဲ့သင်ရိုးညွှန်းတမ်းနဲ့ နှစ်နှစ် ချုံ့ပြီး သင်ပေးတယ်။ နှစ်နှစ်ပြီးရင် မူလတန်းပညာတတ်မြောက်သွားပြီဖြစ်တယ်။

မေး။ ။ ကျောင်းပြင်ပပညာရေးကို ဘယ်နေ့ကစပြီး ဆောင်ရွက်တာပါလဲ၊ သိပါရစေ။

ဖြေ။ ။ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှာ ပညာရေးဝန်ကြီးဌာနနဲ့ ယူနီဆက်ဖ်ပေါင်းပြီး မြို့နယ် ငါးမြို့နယ်မှာစခဲ့တယ်။ သင်ကြားပေးမယ့်ဆရာကိုလည်း သီးသန့်သင်တန်းပေးထားတယ်။ စီစဉ်ပေးထားတဲ့ ဆရာ့လက်စွဲ သင်ရိုးညွှန်းအတိုင်း နှစ်နှစ်အတွင်း တတ်အောင်သင်ပေးရမှာ။ ပြီးရင် အလယ်တန်းအဆင့်ကို တက်ရောက်နိုင်တယ်။ အခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ မြန်မာတစ်ပြည်လုံး ၈၉ မြို့နယ်ရှိလာပြီ။ ဆောင်ရွက်ပြီး ၈၉ မြို့နယ်အပြင် ဆောင်ရွက်ဆဲ မြို့နယ်များအပါအဝင် ၁၀၁ မြို့နယ် ရှိပါတယ်။ ၈၉ မြို့နယ်မှာအခြေစိုက် စခန်းပေါင်း ၅၇၃၊ သင်ကြားသူစုစုပေါင်း ၂၁၈၀၀ ကျော်၊ ဆရာ ဆရာမ ပေါင်း ၁၁၀၀ ကျော် သင်ကြားပေးလျက်ရှိတယ်။ ကြီးကြပ်ရေးမှူး ၁၅၅ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်ရေးမှူး ၄၉ ဦးက ကြီးကြပ်သင်ကြားပေးတယ်။ အခြေစိုက်စခန်းဆိုတာ အိမ်တစ်အိမ်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဇရပ်စသဖြင့် စာသင်ရန်စီစဉ်ထားတဲ့နေရာကိုခေါ်တယ်။ ပညာရေးဝန်ကြီးဌာန အခြေစိုက်ကြီးကြပ်ရေးကော်မတီ မြို့နယ်တာဝန်ရှိသူများ၊ ယူနီဆက်ဖ် စေတနာရှင်အလှူရှင်များက ကျောင်းသုံးပစ္စည်းဝတ်စုံကအစ ပံ့ပိုးကူညီတယ်။ နှစ်နှစ်သင်ပေးပြီးရင် စာမေးပွဲစစ်တယ်။ အကုန်လုံးလိုလို အောင်ကြပါတယ်။ ၁၀၁ မြို့နယ်မှာ ဇွန် ၁၆ ရက်ကစပြီး ကျောင်းပြင်ပ မူလတန်းပညာရေး စပြီးသင်ကြားပေးနေပါပြီ။

မေး။ ။ ကျောင်းပြင်ပ မူလတန်း အရေးပါပုံကို သိပါရစေ။

ဖြေ။ ။ အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာ သင်ယူခွင့်မရရှိခဲ့သူတွေကို ၂၀၀၈-၂၀၀၉ က စပြီး ကျောင်းပြင်ပ မူလတန်းပညာရေးစနစ်ကြောင့် ကျောင်းပြန်တက်နိုင်တယ်။ သူတို့သင်နိုင်တဲ့နေရာ၊ အချိန်တွေ၊ လိုအပ်တဲ့ကျောင်းသုံးပစ္စည်းတွေ အပြည့်အစုံ ပံ့ပိုးပေးတယ်။ သူတို့ဘက်ကလည်း ပညာသင်ချင်စိတ်နဲ့ ပညာကိုရအောင်ယူရပါမယ်။ "ထူရင် ထတယ်၊ ယူရင်ရတယ်" စကားပုံလိုပေါ့၊ ကျောင်းမှန်မှန်တက်ဖို့ပဲ လိုပါတယ်။ ဒါဆိုရင် သူတို့ဘဝလေးတွေ အဆင်ပြေသွားပါလိမ့်မယ်။

မေး။ ။ ကျောင်းပြင်ပ ပညာရေးနဲ့အတူပေါ်ပေါက်လာတဲ့ ရပ်ရွာပညာပဒေသာဌာနကို ရှင်းပြပေးပါ။

ဖြေ။ ။ မြန်မာနိုင်ငံမှာ စာတတ်မြောက်ရေးလုပ်တယ်။ စာဖတ်တတ်လာကြတယ်။ အဲဒီလူတွေကို စာတွေမေ့မသွားအောင် စာဖတ်ဝိုင်းဖွဲ့ပြီး သက်ကြီးစာစဉ်တွေ ပေးဖတ်တဲ့နေရာကို ရပ်ရွာပညာ ပဒေသာဌာနလို့ခေါ်တယ်။ အဲဒီမှာ စာလည်းသင်တယ်။ စာဖတ်ရှိန်လည်းမြှင့်တယ်။ ကျန်းမာရေးဗဟုသုတတွေလည်း ပြောပေးတယ်။

ဦးအေးကြိုင် (ကျောင်းပြင်ပ မူလတန်းပညာရေး စီမံကိန်းဗဟိုညှိနှိုင်းရေးမှူး)

မေး။ ။ လက်ရှိဆောင်ရွက်နေတဲ့ ကျောင်းပြင်ပမူလတန်းပညာရေးရဲ့ လုပ်ငန်းဆောင်ရွက်ချက်လေးတွေကို သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့အပိုင်းကတော့ ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ပေးရတဲ့အပိုင်းပါ။ ၂၀၀၈ မတိုင်ခင်က ဒီကလေးတွေ ကျောင်းနေချင်ပေမဲ့

ဦးအေးကြိုင် (ကျောင်းပြင်ပ မူလတန်းပညာရေး စီမံကိန်းဗဟိုညှိနှိုင်းရေးမှူး)

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရဘူး၊ နိုင်ငံတော်က ဒီနှစ်လုပ်သွားတဲ့ နှစ်တစ်နှစ်ရဲ့ မေလ နောက်ဆုံးပတ်ကို ကျောင်းနေရမယ့်အရွယ်ကလေးတိုင်း ကျောင်းနေရမယ်။ အခမဲ့သင်ယူခွင့် ရှိတယ်ဆိုပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသင်ပညာရေးကိုမသင်နိုင်တဲ့ ကလေးမျိုးလည်းရှိတယ်။ ဒီလိုကလေးမျိုးတွေ ပညာမတတ်ရင် ဆင်ခြင်တုံတရား၊ စဉ်းစားချင့်ချိန်မှုမရှိဘဲ အမှားလုပ်မိခဲ့ရင် တိုင်းပြည်အတွက်နစ်နာမယ်။ အမှိုက်လေးတွေဖြစ်သွားမယ်။ အဲဒီအမှိုက်လေးတွေကို တန်ဖိုးရှိတဲ့ရွှေတွေဖြစ်အောင် လုပ်ပေးရတဲ့လုပ်ငန်းမျိုးဖြစ်ပါတယ်။ သူတို့ကနိုင်ငံအတွက် ရတနာလေးတွေပါ။ ပညာတတ်တွေဖြစ်လာရင် တိုင်းပြည်အတွက် လည်းကောင်းတာပေါ့၊ ကျွန်တော်တို့ရဲ့ ကျောင်းပြင်ပပညာရေးလုပ်ငန်းဟာ ကျောင်းနေရမယ့် ကလေးတွေ၊ ကျောင်းစာသင်လိုတဲ့ကလေးတွေကို စာလည်းသင်၊ စိတ်လည်းပြင်၊ သူတို့ဝမ်းစာအတွက်လည်း အလုပ်မပျက်ရအောင်လုပ်ပေးတဲ့ လုပ်ငန်းမျိုးပါ။ ပထမတစ်နှစ်မှာ သူငယ်တန်း၊ တစ်တန်း၊ နှစ်တန်းစာကိုသင်ပေးတယ်။ ဒုတိယတစ်နှစ်မှာ သုံးတန်း၊ လေးတန်း စာသင်တယ်။ ပြီးရင် မူလတန်းပညာတတ်မြောက်တယ်လို့

မေး / ရေး – ရီရီမြင့် + ဥမ္မာသန့်
ဓာတ်ပုံ – ရီရီသန့်

ခေါ်တယ်။ အလယ်တန်းအဆင့်ကို သင်ယူခွင့်ရှိတယ်။ ဒီနေရာမှာ နှစ်နှစ်သင်တဲ့ကလေးနဲ့ ငါးနှစ်သင်တဲ့ ကလေးတတ်မြောက်မှုက အတူတူပါပဲ။ ဒါကို သုတေသနပြုထားပါတယ်။ သူတို့အဆင်ပြေတဲ့နေရာ၊ အချိန်၊ တစ်နေ့ကို ၂ နာရီခွဲနဲ့ တစ်ပတ်ခြောက်ရက် သင်ပေးတယ်။ သင်ပေးမယ့် ဆရာ ဆရာမတွေကိုလည်း နှစ်နှစ်တည်းနဲ့ သင်ရိုးအားလုံးကို ပြီးမြောက်အောင်သင်နိုင်ဖို့ သင်တန်းပေးရပါတယ်။ စာတစ်ခုတည်း သင်တာမဟုတ်ဘဲ စာရိတ္တပိုင်းလည်း ပြင်ပေးရပါတယ်။ စာလည်းသင် စိတ်လည်းပြင်ဆိုတော့ ဒီလုပ်ငန်းက အခက်အခဲနည်းနည်းရှိပါတယ်။ ဒီလုပ်ငန်းမှာ ပညာရေးက အငြိမ်းစားယူသွားတဲ့ ဆရာကြီး ဆရာမကြီးတွေနဲ့ ကလေးတွေအပေါ် သင်ကြားပေးလိုတဲ့စိတ်ရှိတဲ့ Volunteer နဲ့ ဆောင်ရွက်ကြရပါတယ်။ ဒီလိုကလေးတွေ ပညာတတ်သွားအောင် တာဝန်ရှိသူတွေ၊ အဖွဲ့အစည်းတွေနဲ့ စေတနာရှင် အလှူရှင်တွေက ဝိုင်းဝန်းကူညီပေးကြပါတယ်။ အလယ်တန်းအဆင့် ပြောင်းဖို့ကလည်း နိုင်ငံတော်ရဲ့ပညာရေး အခမဲ့စနစ်ကြောင့် ကူးပြောင်းဖို့ လွယ်ကူပါတယ်။ အခုဆိုရင် ကျောင်းပြင်ပပညာရေးစနစ်နဲ့ တက္ကသိုလ်ဝင်တန်းကို ငါးဦးရောက်နေပါပြီ။ ယူနီဆက်ဖ်က အာရှနဲ့ပစိဖိတ်မှာရှိတဲ့ ပရောဂျက်တွေထဲက မြန်မာနိုင်ငံက ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ် ပရောဂျက်က လူထုပါဝင်မှု အရှိဆုံးနဲ့ အောင်မြင်မှုအရှိဆုံးလို့ သုံးသပ်ဂုဏ်ပြုပြောသွားပါတယ်။ ယူနီဆက်ဖ် ကိုယ်စားလှယ်ကလည်း အကောင်းဆုံးစံတစ်ခုဖြစ်တဲ့အတွက် သူတို့တန်ဖိုးထားပါတယ်လို့ ပြောပါတယ်။ ဒါကြောင့် အခု ကျောင်းပြင်ပ အလယ်တန်းပညာရေးကို ဆက်လက်ဆောင်ရွက်ဖို့ သင်ရိုးတွေဆွဲနေပါပြီ။ ၂၀၁၅ မှာ အလယ်တန်းပညာမသင်မနေရ၊ ၂၀၃၀ မှာ အထက်တန်းပညာမသင်မနေရ ရည်မှန်းချက်တွေရှိတယ်။ နိုင်ငံ့ပညာရည်မြင့်မားရေးအတွက် တစ်ထောင့်တစ်နေရာကနေ ကူညီဆောင်ရွက်ပေးနေတာပါ။ ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေ စေတနာရှင်၊ အလှူရှင်တွေကလည်း လူတိုင်းစာတတ်မြောက်ဖို့ လိုအပ်နေတဲ့ ကွက်လပ်လေးကို ဝိုင်းဖြည့်ပေးကြပါတယ်။ ကျောင်းပြင်ပ အလယ်တန်း သင်ရိုးညွှန်းတမ်းက

ဦးအောင်နိုင် (လက်ထောက်ပညာရေး သုတေသနအရာရှိ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန)

တော့ ရေးဆွဲနေတာ ၇၅ ရာခိုင်နှုန်းပြီးနေပါပြီ။ ယူနက်စကိုက ပညာရှင်တွေနဲ့ပူးပေါင်းပြီး ရေးဆွဲတာပါ။ အထက်တန်းအဆင့်ကိုလည်း ဆက်ပြီးရေးဆွဲသွားမှာပါ။

ဦးအောင်နိုင် (လက်ထောက်ပညာရေး သုတေသနအရာရှိ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန)

မေး။ ။ ကျောင်းပြင်ပမူလတန်းပညာရေးနဲ့ပတ်သက်ပြီး ဘာပြောချင်ပါသလဲ။

ဖြေ။ ။ ပညာရေးဝန်ကြီးဌာန၊ ယူနီဆက်ဖ်၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေ၊ စေတနာရှင် အလှူရှင်တွေပူးပေါင်းပြီး သက်ဆိုင်ရာမြို့နယ်တွေမှာ ကျောင်းပြင်ပမူလတန်းပညာရေးကို နည်းလမ်းအသွင်သစ်ဖြင့် ပြည်သူကိုဗဟိုပြုပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီဆောင်ရွက်ချက်တွေကို ဆက်လက်အကောင်အထည်ဖော်နိုင်အောင် ပြည်သူတွေကလည်း ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ပေးကြဖို့ နှိုးဆော်တိုက်တွန်းလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်တွင်းသတင်း

သန့်ရှင်းသောသွေးစက်များလိုအပ်လာတဲ့အခါ

သတင်းနှင့်ဓာတ်ပုံ
ခင်ရတနာ

"အရေးတကြီး လိုအပ်နေတဲ့ သွေးအတွက် ကျန်းမာရေးဝန်ထမ်းတွေရဲ့ အကြံအဉာဏ်ကိုပဲ လိုက်နာရမယ်ဆိုတာ သိပါတယ်။ သို့သော် ကျွန်မအမျိုးသားရဲ့အသက်အတွက် ကုန်ကျစရိတ်က အိပ်ကပ်မှာပါလာတဲ့ ငွေအနည်းငယ်နဲ့ မလောက်ငှတော့ပါဘူး။ ကျွန်မရဲ့သွေးကို လှူပါမယ်ပြောလည်းမရဘဲ သွေးလှူဘဏ်ကနေ ဝယ်ခိုင်းနေပါတယ်။ အလုပ်သင်ဆရာဝန်မလေးတစ်ယောက်က သနားလို့ ငွေထုတ်ပေးလိုက်လို့ အဆင်ပြေသွားတယ်။ မဟုတ်ရင် လူနာအသက်အတွက် စိုးရိမ်စရာပါ" လို့ ဇွန် ၁၇ ရက် အရေးပေါ်ဌာနကို ရောက်ရှိလာတဲ့ လူနာရှင် မစိုးစိုးဝေက ပြောပါတယ်။

လူနာရှင်တွေအတွက် အရေးပေါ်အခြေအနေ ခွဲစိတ်ကုသမှုတွေနဲ့ မတော်တဆ ထိခိုက်မှုတွေ ကြုံလာပြီဆိုရင် မဖြစ်မနေ သွေးလိုအပ်လာပါပြီ။ အရင်ကတော့ လိုအပ်နေတဲ့သွေးကို လူနာရှင်တွေဆီကနေ၊ အလှူရှင်အဖွဲ့အစည်းတွေဆီကနေ တိုက်ရိုက်ရယူပြီး သွေးသွင်းတာမျိုး ရှိခဲ့ပါတယ်။ ယနေ့ခေတ် ရောဂါဘယတွေစုံလာတဲ့အခါမှာတော့ သွေးလှူမယ့်သူဟာ ရောဂါကင်းရှင်းသူဖြစ်ကြောင်း အာမခံနိုင်ရဲ့လား မေးခွန်းထုတ်စရာ ရှိလာပါတယ်။

"သွေးလှူတာက မွန်မြတ်တဲ့အလှူပါ။ သွေးသည်အသက်၊ အသက်သည်သွေးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကောင်းမွန်သန့်ရှင်းပြီး ရောဂါဘယကင်းရှင်းတဲ့သွေးတွေရရှိဖို့ စနစ်တကျစုဆောင်းဆောင်ရွက်ပေးရတာပါ။ သွေးလှူဒါန်းလိုက်တာနဲ့ ချက်ချင်းပြန်သွင်းတယ်ဆိုတာက မဖွံ့ဖြိုးသေးတဲ့အရပ်ဒေသတွေမှာ စိုးရိမ်ရဆုံး အခြေအနေနဲ့ကြုံရမယ်ဆိုရင် ဆရာဝန်တွေက မျက်စိမှိတ်ပြီး ဆောင်ရွက်ပေးရတာမျိုးပါ။ အခုနောက်ပိုင်းမှာ သွေးလှူကြတဲ့ အသင်းအဖွဲ့တွေနဲ့ တစ်ဦးချင်းလှူဒါန်းကြသူတွေက ကျွန်မတို့သွေးလှူဘဏ်ကို ဆက်သွယ်ကြပါတယ်။ ကျွန်မတို့ဘက်ကလည်း စနစ်တကျ စစ်ဆေးမှုတွေလုပ်ပြီး လက်ခံပေးပါတယ်။ **ရလာတဲ့သွေးတွေကို ဓာတ်ခွဲခန်းမှာ စစ်ဆေးရတယ်။ ပြီးရင်လည်း တာရှည်အထားခံအောင် စနစ်တကျထိန်းသိမ်းရပါတယ်။ သွေးလိုအပ်ရင် ကျွန်မတို့ဆီလာရောက်ပြီးဝယ်ယူနိုင်ပါတယ်။ သူတစ်ပါးလှူထားတဲ့ သွေးကို ရောင်းစားတာမဟုတ်ပါဘူး။ အချိန်မရွေး အသုံးတည့်အောင်နဲ့ ရောဂါကင်းတဲ့သွေးတစ်အိတ်ဖြစ်လာဖို့ ကုန်ကျစရိတ်ဖြစ်ပါတယ်''**ဟု ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသီတာအောင်က ရှင်းပြပါတယ်။

သွေးအလှူရှင်အသင်းများကလည်း သွေးအချိန်မီရရှိစေရေးအတွက် သွေးလှူဒါန်းမှုတွေကို ဆောင်ရွက်ပေးနေကြတာပါ။ လူနာရှင်တွေကလည်း အလှူရှင်ရှိရင် သွေးကို ဝယ်ယူစရာမလိုပါဘူးလို့ ထင်နိုင်ပါတယ်။ **လှူဒါန်းတဲ့ သွေးတွေကို ယုံကြည်စွာနဲ့ လက်ခံဖို့အတွက်ကတော့ ကျန်းမာရေးရှုထောင့်အရ အခက်အခဲတွေရှိနေတာကို အများပြည်သူတွေသိစေချင်တယ်**လို့ ဆရာဝန်ကြီးက ဆက်လက်ရှင်းပြပါတယ်။

"သတင်းစာမျက်နှာတွေမှာတွေ့ရတယ်။ သွေးလှူရှင်တွေက သွေးလှူချင်တာကို ကျန်းမာရေးဝန်ထမ်းတွေက လက်မခံဘူး။ ဝယ်ခိုင်းတာမျိုးလုပ်တယ်။ သွေးလှူလိုသူတွေကိုလည်း အလုပ်ရှုပ်ကြောင်းပြောတယ်လို့ ရေးထားပါတယ်။ အမှန်တကယ် စေတနာအားနည်းတဲ့ ဝန်ထမ်းတွေလည်း ရှိကောင်းရှိမှာပါ။ ဒါပေမယ့် အချိန်အခက်အခဲအရ ကျေလည်အောင်ရှင်းမပြနိုင်တာမျိုးလည်း ဖြစ်တတ်ပါတယ်။ အရေးပေါ်သွေးလိုအပ်တဲ့ လူနာတစ်ဦးတည်း ဆေးရုံမှာရှိတာ မျိုးမဟုတ်ဘဲ လူနာနဲ့ကျန်းမာရေးဝန်ထမ်း မမျှတတဲ့အခြေအနေတွေ အများကြီးရှိနေပါတယ်။ **စနစ်တကျ ဓာတ်ခွဲထားတဲ့သွေးထက် ပိုပြီးစိတ်ချရတာမျိုးမရှိတာမို့ လက်မခံရတာလည်း ရှိနိုင်မှာပါ။ သွေးလှူခဲ့မယ်ဆိုရင်တောင် သွေးကိုပြန်ပြီးစစ်ဆေးဓာတ်ခွဲရမယ့်စရိတ်ကလည်း ရှိပါတယ်။** နယ်ဆေးရုံတွေမှာ ဓာတ်ခွဲဖို့ အခက်အခဲရှိတာကြောင့် သွေးသွင်းပေးလိုက်လို့ ရောဂါကူးစက်တာမျိုးဖြစ်နိုင်တာကို လူတွေအသိအားနည်းနေသေးတယ်" လို့ ရန်ကုန်ဆေးရုံကြီး ပြင်ပလူနာဌာနမှ တာဝန်ကျ ဆရာဝန်တစ်ဦးကလည်း ပြောပါတယ်။

သွေးသွင်းရာကနေ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခြင်းခံရတဲ့ ကျောင်းသူလေးတစ်ယောက်ကို လွန်ခဲ့တဲ့ ခုနစ်နှစ်က ပူတာအိုမှာ တွေ့ခဲ့ရဖူးတယ်။ သွေးအလှူရှင် ဦးလေး ဖြစ်သူကလည်း တစ်သက်လုံးယူကြုံးမရ ဖြစ်တာကို တွေ့ခဲ့ရတယ်။ အဲဒီလိုအဖြစ်ဆိုးမျိုးတွေကို မကြုံဖို့အတွက် အလှူရှင်တွေဘက်ကလည်း ကိုယ့်ကိုကိုယ်တန်ဖိုးထား နေထိုင်ရမှာဖြစ်သလို သွေးလိုအပ်တဲ့အခါ သန့်ရှင်းတဲ့သွေးဖြစ်ဖို့ ထိန်းသိမ်းစောင့်ရှောက်ပေးရမှာက နိုင်ငံတော်ရဲ့တာဝန် ဖြစ်ပါတယ်။

"ကျွန်တော်တို့အနေနဲ့ စုပေါင်းပြီး သွေးလှူဒါန်းမှုတွေကို သွေးလှူဘဏ်မှာတင်မဟုတ်ပါဘူး။ နေရာစုံကိုသွားပြီး လှူဒါန်းပေးပါတယ်။ ဒါ့အပြင် သွေးလိုတယ်ဆိုရင် ဖုန်းဆက်တာနဲ့ အသင်းဝင်တွေ ကိုယ်တိုင်သွားလှူတာမျိုးလည်းရှိပါတယ်။ ပြန်ပြီး ဓာတ်ခွဲစမ်းသပ်မှုတွေကတော့ နိုင်ငံတော်ရဲ့ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အရေးကြီးတဲ့သွေးကို အချိန်မီလှူဒါန်းပေးနိုင်တာပဲရှိသလို နိုင်ငံတော်က ဆေးရုံတိုင်းမှာ စနစ်ကျတဲ့ သွေးဘဏ်တိုက်တွေကို တည်ဆောက်ပေးပြီး အခမဲ့ သွေးဖြန့်ဖြူးပေးဖို့ လိုအပ်နေပါတယ်"လို့ စေတနာသွေးလှူရှင်များအသင်းက ဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်းက ပြောပါတယ်။

ရန်ကုန်ဆေးရုံကြီးရှိ သွေးလှူဘဏ်မှာ သွေးတစ်ပုလင်းကို ငွေကျပ် ၇၅၀၀ နှုန်းနဲ့ ရောင်းချပေးနေပြီး အမှန်တကယ် ငွေကြေးမတတ်နိုင်သူတွေကို တာဝန်ကျ ဆရာဝန်တွေရဲ့ ထောက်ခံချက်နဲ့ အခမဲ့ပေးနေတယ်လို့သိရပြီး အပြင်ကနေ တစ်ဆင့်ဝယ်ယူတာမျိုးတွေလည်း ပြုလုပ်နိုင်ပြီး တစ်ပုလင်းကို ငွေကျပ် ၁၅၀၀၀ အထိ ဈေးနှုန်းရှိတယ်လို့ သိရပါတယ်။

မြန်မာ့လက်ရွေးစင်အသင်းကို ပဏ္ဍာမကစားသမား (၂၅) ဦးဖြင့်ဖွဲ့စည်း

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွှန့်

အာဆီယံ ဒေသတွင်း အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် မြန်မာအသင်းသည် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။ ပြိုင်ပွဲမတိုင်မီ မြန်မာအသင်းမှာ နိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇွန် ၂၈ ရက်တွင် ဂျပန်ကလပ် ဆီရီမိုအိုဆာကာအသင်း၊ ဇူလိုင် ၂ ရက်တွင် ဗီယက်နမ် လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်း ကစားမည်ဖြစ်သည်။ ဆီရီမိုအိုဆာကာအသင်းနှင့် ခြေစမ်းပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတွင် ကစားမည်ဖြစ်ပြီး ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကို ဗီယက်နမ်နိုင်ငံတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ ခြေစမ်းပွဲစဉ်များကို ယှဉ်ပြိုင်ကစားရန် မြန်မာ့လက်ရွေးစင်အသင်းကို ပဏ္ဍာမကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

ယခုရွေးချယ်လိုက်သည့် မြန်မာအသင်းသည် AFC Challenge Cup ပြိုင်ပွဲဝင် အသင်းမှ ကစားသမား ၁၄ ဦးပြန်ပါလာပြီး ကျော်ဇေယျာဝင်း၊ ကြည်လင်း၊ စိုးမင်းဦးတို့လည်း အေဗရာမိုဗစ်လက်ထက် ပထမဆုံး ရွေးချယ်ခံခဲ့ရသည်။

ထို့ပြင် MNL တွင် ခြေစွမ်းပြနေသော မျက်နှာသစ် ကစားသမားများဖြစ်သည့် နေမျိုးအောင်၊ ဇန်ဘိုထွန်း၊ အောင်ရှိုးသာမောင်နှင့် အောင်ကျော်နိုင်တို့ ရွေးချယ်ခံခဲ့ရသည်။ မြန်မာအသင်းမှာ ဇွန် ၂၃ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

ပဏ္ဍာမ မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ ဇီကိုဗစ်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ဒီနို၊ ကစားသမားများအဖြစ် **ဂိုး-** သီဟစည်သူ(ရတနာပုံ)၊ ကျော်ဇင်ဖြိုး(မကွေး)၊ မန်လာဟရွှယ် (နေပြည်တော်)၊ ရန်အောင်လင်း(ဟံသာဝတီ)၊ **နောက်တန်း-** ဇော်မင်းထွန်း၊ သက်နိုင်(ရတနာပုံ)၊ အောင်ဇော်၊ ခင်မောင်လွင်(ရန်ကုန်)၊ သိန်းဇော်(ဇွဲကပင်)၊ နေမျိုးအောင်(GFA)၊ ဇန်ဘိုထွန်း(မနော်မြေ)၊ **အလယ်တန်း-** ရန်အောင်ကျော်၊ အောင်မိုး၊ ကြည်လင်း(ရန်ကုန်)၊ မင်းမင်းသူ၊ နေလင်းထွန်း၊ နိုင်လင်းဦး(ဧရာဝတီ)၊ အောင်ရှိုးသာမောင်(မကွေး)၊ အောင်ကျော်နိုင်(နေပြည်တော်)၊ ကျော်ဇေယျာဝင်း(ကမ္ဘောဇ)၊ ရန်အောင်ဝင်း(ရတနာပုံ)၊ **ရှေ့တန်း**-ရန်ပိုင်၊ ကောင်းစည်သူ(ရတနာပုံ)၊ စိုးမင်းဦး(ကမ္ဘောဇ)နှင့် ကျော်ကိုကို(ရန်ကုန်)တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်း၌ ပြန်လည်ရွေးချယ်ခံခဲ့ရသည့် ကျော်ဇေယျာဝင်း။

ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ "ကျွန်တော်နဲ့ ...." ဆောင်းပါးများစုစည်းမှုစာအုပ်ထွက်ရှိ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်ဖော်ပြခဲ့သော ကျွန်တော်နှင့်. . . . ဆောင်းပါးများကို စုစည်းထားသည့် ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။



အဆိုပါစာအုပ်တွင် ကျွန်တော်နှင့် ပါရဂူဘွဲ့၊ ပဋိပက္ခဖြေရှင်းမှု၊ အဂတိလိုက်စားမှု၊ ကိုယ်ကျိုးစီးပွား ပဋိပက္ခ၊ ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့မှု၊ တပည့်များ၊ စာမေးပွဲစနစ်၊ နိုင်ငံခြားရင်နှီးမြှုပ်နှံမှု၊ အချိန်စီမံခန့်ခွဲခြင်း၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှု၊ နယူးယောက်မြို့စာသင်ခြင်း၊ တက္ကသိုလ်အဆောင်များ၊ ၂၀၁၄ အာဆီယံအနိမ့်ဆုံးလစာ စသည့် ဆောင်းပါး ၃၆ ပုဒ်ပါရှိသည်။

စာအုပ်များကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အရောင်းဆိုင်အပါအဝင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ စာအုပ်ဆိုင်များတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ကြောင်းနှင့် စာအုပ်တန်ဖိုးမှာငွေကျပ် ၂၅၀၀ ဖြစ်ကြောင်း၊ ကိုယ်စားလှယ်အဖြစ် ဖြန့်ချိလိုပါက ကိုထိန်လင်း ဖုန်း ၀၁-၂၄၈၁၀၂ နှင့် ၀၉-၇၃၁၀၀၂၇၄ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကြည့်မြင်တိုင်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးညိုသင်းအောင်၏ စီစဉ်မှု၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်၊ ကျန်းမာရေးဌာန၊ ဈေးကြီးအနောက်ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းမှုဖြင့် ဇွန် ၁၈ ရက်က ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေးအတွက် တစ်လမ်းဝင်တစ်လမ်းထွက် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းတို့ကို ဆောင်ရွက်စဉ်။ ဘော်ဂါသွေး

မူလတန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

ပျဉ်းမနား ဇွန် ၂၁

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၊ ကူးတို့ဆိပ်ကျေးရွာအုပ်စု ရွှေပြည်သာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားတွင် ဇွန် ၁၉ ရက် နံနက် ၈ နာရီခွဲက ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက ရွှေပြည်သာယာကျေးရွာတွင် ယခင်က စာသင်ကျောင်းမရှိသောကြောင့် နှစ်မိုင်ခန့်ကွာဝေးသော ကူးတို့ဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ကလေးငယ်များသွားရောက်ပညာသင်ကြားခဲ့ရာ သွားလာရေးနှင့် ကလေးသူငယ်များ၏ ပညာရေးမှာ လွန်စွာခက်ခဲခဲ့ကြောင်း၊ ကူးတို့ဆိပ်မူလတန်းကျောင်း(ခွဲ)အပြင် ပညာရေးဌာနမှ သတ်မှတ်ပေးခဲ့သဖြင့်ကျောင်းဆောင်အားကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ကာ မူလတန်း ပညာပေးဆရာ ဆရာမများ ငှားရမ်းသင်ကြားခဲ့ရကြောင်း၊ ယခုအခါ အခြေခံပညာမူလတန်းကျောင်းအပြင် ပညာရေးဌာနမှ အဆင့်တိုးမြှင့်ချပေးခဲ့ပြီး ဆရာ ဆရာမများလည်း ချထားသင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ကလေးသူငယ်ကျောင်းသူ ကျောင်းသားများအနေဖြင့် မိမိတို့ရပ်ရွာဒေသ၌ပင်လွယ်ကူစွာဖြင့် ပညာသင်ကြားရမည်ဖြစ်သောကြောင့် အနာဂတ်တွင် တိုင်းပြည်မှအားထားရသော ရင်သွေးငယ်များဖြစ်စေရေး ကြိုးစားသွားကြရန်လိုအပ်ကြောင်း အမှာစကားတွင် ပြောကြားသည်။

ဆက်လက်၍ ရွှေပြည်သာယာကျေးရွာ အခြေခံမူလတန်းကျောင်းမှ ကျောင်းကော်မတီဝင် ဦးအောင်စိုးနိုင်က ၂၀၀၉ ခုနှစ်က တွဲဖက်မူလတန်းကျောင်းအဖြစ်ချထားပေးခဲ့ပြီး ယခုမူလတန်းအဆင့် တိုးမြှင့်ပေးအပ်ခဲ့သောကြောင့် အထူးပင်ဝမ်းသာရပါကြောင်း၊ မိမိတို့ကျောင်းကော်မတီများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများ အားလုံးပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းစာသင်ကြားနိုင်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူးဦးဇော်လွင်စိုး၊ နေပြည်တော်ပညာရေးမှူး ဦးစိုးဝင်း၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးဦးမြို့နိုင်၊ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက္ကံ)**

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီလဝါအထူး စီးပွားရေးဇုန်စီမံကိန်းရုံးခန်းမ၌ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဌာနဆိုင်ရာအသီးသီးမှ ဌာနအကြီးအကဲများ၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဒေသခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်က ယခု ရှင်းလင်းဆွေးနွေးပွဲကို နိုင်ငံတော်က ဖော်ဆောင်နေသည့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာမှ ပတ်ဝန်းကျင်ထိခိုက်မှုတတ်နိုင်သမျှ နည်းပါးစေရန်နှင့် လျော့ကျစေရန်အတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့်ပတ်သက်၍ အထူးသဖြင့် ဒေသခံပြည်သူလူထု သိရှိအောင် ရှင်းလင်းတင်ပြနိုင်ရန် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ကြောင်း။

ယခင်က ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိအောင်၊ ပတ်ဝန်းကျင်ထိခိုက်မှုတတ်နိုင်သမျှ လျော့နည်းအောင် ကြိုတင်အစီအမံများ ဆောင်ရွက်ရန် အားနည်းချက်များ ရှိခဲ့ပါကြောင်း၊ နောက်ပိုင်းရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပတ်ဝန်းကျင်ထိခိုက်မှုများ တတ်နိုင်သမျှလျော့နည်းအောင် အစီအမံများ ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားပြီး စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုအခြေအနေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများ၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းရေးအတွက် စောင့်ကြပ်ကြည့်ရှုသွားမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ဖြေကြား

ယင်းနောက် တက်ရောက်လာသော ဒေသခံပြည်သူများ၏ သိလိုသည်များကို ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် ဟက်တာ ၄၀၀ မှ ပြောင်းရွှေ့သွားသော အိမ်ထောင်စု ၆၈ စု နေထိုင်သည့် ကျောက်တန်းမြို့နယ် မြိုင်သာယာရပ်ကွက်(၃)သို့ သွားရောက်ကြည့်ရှုပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက သီလဝါအထူးစီးပွားရေးဇုန်တွင် လာရောက်လုပ်ကိုင်မည့် အလုပ်သမားများ ငှားရမ်းနေထိုင်နိုင်ရန် လျာထားသည့် အိမ်ရာစီမံကိန်းနေရာနှင့် သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်နေသည့် နေရာသို့လည်း သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအနေဖြင့် အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သွားမည့်အနေအထား ပိုင်ဆိုင်ထား ယင်းတိုးတက်မှု တည်မြဲစေရန်လိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ထုတ်ပြန်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းရှိ အလားတူနိုင်ငံများနည်းတူ မကြာသေးမီက စတင်ပြုလုပ်ခဲ့သည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်တိုးတက်ပြီး ကာလအတန်ကြာ အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သွားမည့် အနေအထားတစ်ရပ်ကို ပိုင်ဆိုင်ထားကြောင်း၊ သို့ရာတွင် ယင်းတိုးတက်မှုတည်မြဲစေရန်နှင့် ပြီးပြည့်စုံမှုရှိစေရန် အလို့ငှာ ကျယ်ပြန့်သော မူဝါဒနှင့် တည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပိုင်းဖြတ်အကောင်အထည်ဖော်သွားရန် လိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အိုင်အမ်အက်ဖ်၏ မြန်မာနိုင်ငံဆိုင်ရာ Article IV မစ်ရှင် အကြီးအကဲ မစ္စတာ မက်ဒေးဗီးစ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စီးပွားရေး အလားအလာသည် အားရဖွယ် အနေအထားတွင်ရှိကြောင်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမှုကြောင့် ဂျီဒီပီတန်ဖိုး တိုးတက်မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အနည်းငယ်ပိုမိုတိုးတက်ဖွယ်ရှိကြောင်း၊ ငွေကြေးအရင်းအနှီးများ စီးဆင်းဝင်ရောက်မှု တိုးတက်လာခြင်းက သာမန်စာရင်း လိုငွေပြမှု တိုးတက်လာခြင်းထက် သာလွန်နေချိန်မှာပင် ငွေကြေးဖောင်းပွမှုမှာ ယခင်နှစ်နှင့်ယှဉ်လျှင် ဆက်လက်တည်မြဲနေဖွယ်ရှိကြောင်း၊ ငွေကြေးပမာဏနှင့် ချေးငွေပမာဏတို့သည် ဆယ်ဂဏန်း တိုးတက်မှုနှုန်းဖြင့် ဆက်လက်တိုးတက်ဖွယ်ရှိကြောင်း။

သို့ရာတွင် ဖြစ်ပေါ်လာမည့် အလားအလာများအတွက် အန္တရာယ်ကျရောက်နိုင်ခြေများလည်း ရှိနေကြောင်း၊ ဘဏ္ဍာရေးနှင့် ပြင်ပမှ ထောက်ခံပေးနိုင်မည့် ကြားခံများ ကျဉ်းမြောင်းလျက်ရှိကြောင်း၊ ငွေကြေးဖောင်းပွမှုအပေါ် ဝယ်လိုအား၏ ဖိအားများ ဖြစ်ပေါ်နေခြင်းနှင့် ငွေကြေးအရင်းအနှီး ကြီးမားစွာ စီးဆင်းဝင်ရောက်မှုတို့ကြောင့် နုနယ်သေးသော မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှုနည်းလမ်းများအပေါ် တင်းအားများ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ လက်ရှိအားဖြင့် လျင်မြန်စွာ ကြီးထွားနေသည့်ဘဏ္ဍာရေးကဏ္ဍသို့ နိုင်ငံခြားဘဏ်များ ဝင်ရောက်လာနိုင်ခြေရှိမှုကလည်း မက်ခရိုစီးပွားရေး မူဝါဒအပေါ် တောင်းဆိုမှုများ မြင့်တက်စေသည့်အပြင် ရှားပါးလှသည့် စီမံကြီးကြပ်မှု စွမ်းဆောင်ရည်အပေါ် တင်းအားများဖြစ်ပေါ်စေကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ်သို့ ကူးပြောင်းခြင်းကို မြှင့်တင်ထားသည့် စွမ်းဆောင်ရည်၊ ပိုမို ကောင်းမွန်သည့်နည်းလမ်းများဖြင့် ပြီးမြောက်အောင် ဆောင်ရွက်ထားခြင်းဖြင့် မက်ခရိုစီးပွားရေး တည်ငြိမ်မှုကို ဆက်လက်ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ နှုန်းရှင်ငွေလဲနှုန်းစနစ်ကို ဆက်လက်ထိန်းသိမ်းလျက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားအရန်ငွေ ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ဘဏ္ဍာရေးကဏ္ဍကို ခေတ်မီတိုးတက်အောင် ဦးတည်ဆောင်ရွက်လျက်ရှိသော်လည်း ခေတ်မီသော ထိန်းကျောင်းမှုစနစ်တစ်ရပ်နှင့် ပိုမိုအားကောင်းသော စီမံကြီးကြပ်မှုတို့ကို လိုအပ်လျက်ရှိကြောင်း၊ ဘဏ်အားလုံးကို လွှမ်းခြုံနိုင်သည့် ခေတ်မီပြီး ချင့်ချိန်မှုရှိသော လုပ်ထုံးလုပ်နည်းများကို မြန်နိုင်သမျှ မြန်အောင် အကောင်အထည်ဖော်ခြင်းအားဖြင့် ခိုင်မာသော ဘဏ္ဍာရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာစေရေး အုတ်မြစ်ချပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းမှာ နိုင်ငံခြားဘဏ်များ ဝင်ရောက်လာနိုင်ဖွယ်ရှိခြင်းကြောင့် အထူးအရေးကြီးကြောင်း၊ အိုင်အမ်အက်ဖ်အနေဖြင့် မက်ခရိုစီးပွားရေး မူဝါဒများနှင့် ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များတွင် တာဝန်ရှိသူများနှင့် ဆက်လက်၍ အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့၏ နည်းပညာ အကူအညီများနှင့် လေ့ကျင့်သင်ကြားမှုများကို အာဏာပိုင်များ၏ ဦးဆောင်လမ်းညွှန်မှု၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ်ရှင်အဆုံးသတ်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

မစ္စတာမက်ဒေးဗီးစ် ခေါင်းဆောင်သောအပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်) မစ်ရှင်အဖွဲ့သည် တာဝန်ရှိသူများနှင့် ၂၀၁၄ ခုနှစ်အတွက် Article IV ဆိုင်ရာ အကြံပြုဆွေးနွေးခြင်းပြုလုပ်ရန်အတွက် ၂၀၁၄ ခုနှစ် ဇွန် ၄ ရက်မှ ၁၇ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြောင်း၊ မစ်ရှင်အဖွဲ့သည် သမ္မတရုံးဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ အခြား အဆင့်မြင့်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ သံတမန်အသိုင်းအဝိုင်းတို့နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ပြည်တွင်းသတင်း

ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာ အလယ်တန်းကျောင်းသို့ မီတာဘောက်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

နေပြည်တော် ဇွန် ၂၁

ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာရှိ အလယ်တန်းကျောင်း၌ လျှပ်စစ်မီးတပ်ဆင်ရန် လျှပ်စစ်မီတာဘောက် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၀ ရက် နံနက်က ယင်းကျောင်း၌ ကျင်းပရာ ရန်ကုန်မြို့ မင်းဓမ္မလမ်း မင်းဓမ္မအိမ်ရာရှိ ရွှေပြည်တံခွန် တယ်လီကွန်းကုမ္ပဏီမှ တာဝန်ရှိသူများက လျှပ်စစ်မီတာဘောက်အတွက် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝေက လက်ခံယူသည်။

"အဘတို့ရွာက မြို့နဲ့ခုနစ်မိုင်လောက်ဝေးပြီး အခုလိုရွာက ကျောင်းမှာ လျှပ်စစ်မီးရရှိအောင် အဘက်ဘက်က ကူညီပံ့ပိုးပေးကြတဲ့ တာဝန်ရှိသူတွေ၊ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတစ်ဦး၏ ဝမ်းသာမှုကို ကြားခဲ့ရသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက "အရင်စာသင်နှစ်တွေက မိုးမလုံလေမလုံနဲ့ကလေးတွေ စာသင်ကြားရတာ ဒီနှစ်တော့ ကျောင်းဖွင့်အမီ နိုင်ငံတော်က ပံ့ပိုးပေးမှုနဲ့ အလှူရှင်က ကျွန်မတို့ရွာက ကျောင်းကို ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရတယ်" ဟု ပြောသည်။

ပသွယ်အလယ်တန်းကျောင်းတွင် မူလတန်း၊ အလယ်တန်း၊ ကျောင်းသားကျောင်းသူ ဦးရေ ၂၀၀ နီးပါးခန့် စာသင်ကြားလျက်ရှိပြီး မိုးလုံလေလုံ စာသင်ကြားနိုင်ရန်အတွက် နိုင်ငံတော်၏ ခွင့်ပြုပံ့ပိုးငွေနှင့်အတူ ရွှေပြည်တံခွန်တယ်လီကွန်းကုမ္ပဏီက ကျပ်သိန်းနှစ်ရာကျော်ဖြင့် အကျယ် ပေ ၃၀၊ လေးခန်းတွဲ ပေ ၁၂၀ ရှိ တိုင်စိုက်အုတ်ညှပ်၊ သွပ်မိုး တစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၄ ခုနှစ် ကျောင်းများ ပိတ်ထားသည့် မတ် ၊ ဧပြီ ၊ မေ သုံးလနှင့်အပြီး ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မောင်မောင်သန်း(ကော့မှူး)

တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုပွဲကျင်းပ

တပ်ကုန်း ဇွန် ၂၁

တပ်ကုန်းမြို့နယ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် အောင်ချက် အကောင်းဆုံးကျောင်းများ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ထူးချွန်စွာဖြင့် အောင်မြင်ခဲ့ကြသည့် လေးဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၉၁ ဦး စုစုပေါင်း ၁၂၈ ဦးနှင့် အောင်ချက် အကောင်းဆုံးဆု ရရှိခဲ့ကြသည့် ကျောင်းသုံးကျောင်းတို့ကို နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(လ/၀၃၆)

ကျောက်တံခါးမြို့တွင် ၂၂ ဘီးတွဲယာဉ်နှစ်စီး မီးလောင်မှုဖြစ်ပွား

ကျောက်တံခါး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၉ အနီးတွင် ယာဉ်နှစ်စီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၁ ရက် နံနက် ၂ နာရီခန့်က ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၉/၁) နှင့် (၁၁၉/၂) အကြားတွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) ယာဉ်အမှတ် ၂ခ/ . . . ၂၂ ဘီးတွဲယာဉ်သည် သံချောင်းများတင်ဆောင်၍ မောင်းနှင်နေစဉ် ယာဉ်မောင်း၊ ယာဉ်နံပါတ်(စုံစမ်းဆဲ) ၂၂ ဘီးတွဲ စားအုန်းဆီများ တင်ဆောင်လာသောယာဉ်က နောက်မှ ဝင်တိုက်မိ၍ မီးများတောက်လောင်ခဲ့ပြီး ယာဉ်နှစ်စီးစလုံးမှာ ယင်းနေရာတွင်ပင် မီးလောင်၍ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရင်းတိုက်ကုန်းအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ ကျောက်တံခါး၊ ဖဒို၊ ပဲနွယ်ကုန်း၊ တောင်ငူနှင့်အင်းမြို့များမှ မီးသတ်ယာဉ်များ ရောက်ရှိခဲ့ပြီး မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခွဲတွင် မီးညွန့်ကျိုး၍ နံနက် ၄ နာရီခွဲတွင် လုံးဝမီးငြိမ်းခဲ့ပြီး ယာဉ်များ နံနက် ၆ နာရီတွင် ပုံမှန်ပြေးဆွဲသွားလာနိုင်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ခင်ကို (ကျောက်တံခါး)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လယ်ယာစိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲကျင်းပ

ဖြူး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပြန့်ပွားရေး၊ စိုက်ပျိုးပညာပေးဆွေးနွေးပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်အောင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်ထွန်း၊ လူငယ့်အားမာန် သမဝါယမအသင်းဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် ရပ်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စိတ်ပါဝင်စားသူ တောင်သူဦးကြီးများ တက်ရောက်ခဲ့ကြသည်။ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်က နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရသည့် ရည်မှန်းချက်များ ရှင်းလင်းပြောကြားပြီး နည်းပညာပေးရေးလုပ်ငန်းများအကြောင်းကို ခရိုင်ဦးစီးအရာရှိ ဦးသွင်မြင့်က ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နွယ်နွယ်ဝင်းက သိပ္ပံနည်းကျ စိုက်ပျိုး နည်းစနစ် ၁၄ ချက်၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်တင်တင်ထွေးက ပိုးမွှားရောဂါကြိုတင် ကာကွယ်နှိမ်နင်းနည်းများ၊ တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မြင့်မြင့်က မြေဆီလွှာဖွံ့ဖြိုး တိုးတက်ရေးအတွက် မြေဆီလွှာဓာတ်ခွဲသေတ္တာအသုံးပြုခြင်း၊ သီးနှံပင်အာဟာရဓာတ် လိုအပ်ချက်များနှင့် မြေဩဇာ စနစ်တကျသုံးစွဲနည်းများကို ရှင်းလင်းဆွေးနွေး၍ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံဒေါ်လှလှသူက မျိုးကောင်းမျိုးသန့်ပွားများ ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး ဆွေးနွေးပွဲကို ညနေ ၄ နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ် ပြန်/ဆက်

ဗုဒ္ဓဘာသာယဉ်ကျေးမှုကျောင်း (ဓမ္မစကူးလ်)ဖွင့်

လက်ပံတန်း ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ခမုံကျေးရွာအုပ်စု ကျောက်အိုင်ကျေးရွာ သီတာရုံကျောင်းတိုက်တွင် ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီက ဗုဒ္ဓဘာသာယဉ်ကျေးမှုကျောင်း (ဓမ္မစကူးလ်) ဖွင့်ပွဲကျင်းပရာ ဘုရားငါးဆူကျောင်းတိုက်မှ ဆရာတော် ဉူးဂုဏသာမိ၊ သီတာရုံကျောင်းတိုက် ဆရာတော် ဉူးဇာနေယျတို့က ယဉ်ကျေးမှုဆိုင်ရာများကို ဩဝါဒမြွက်ကြားပြီး ကျောင်းနှင့် ပတ်သက်သည့် သင်ကြားရေး ဆရာဆရာမများက အမှာစကား ပြောကြားကြသည်။

ထို့နောက် ရပ်မိရပ်ဖဦးညွန့်ရွှေက ကျောင်းဖွင့်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ကျောင်းတွင် တနင်္ဂနွေနေ့တိုင်း ကျောင်းသား ၁၅၀ အား သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(ဝ၉၈)

သစ်ပင်စိုက် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၂၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၈၀၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၃၀၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၃-၉၇၀
ဥရောပ	တစ်ယူရို	၈၃၃၅-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၆၂
ထိုင်း	တစ်ဘတ်	၂၉.၈-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၁
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ဝတ်ကာလသစ်)	တစ်အိတ်	၁၇၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၅၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၉၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၅၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၅၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၄၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၅၈၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀-၂၆၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၀၀၀
သကြား	တစ်ပိဿာ	၉၂၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်မြေစိုက်ပိုစတာစိုက်ထူ ဖွင့်လှစ်ပွဲကို ဇွန် ၂၀ ရက်က ကမ္ဘာအေးစေတီဘုရားလမ်းနှင့် ဦးထောင်ဗိုလမ်းထောင့် ဗဟန်းမြို့နယ်၌ကျင်းပရာ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက စက်ခလုတ်နှိပ်ဖွင့်လှစ်စဉ်။ မီးမီး(လှိုင်)

အထူးအထွက်တိုး ကြံစိုက်ပျိုးနည်းစနစ် သင်တန်းဖွင့်လှစ်မည်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ကြံသီးနှံပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲမှ နေပြည်တော်ကောင်စီနယ်မြေနှင့်ကြံစိုက်ပျိုးရာတိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် **'တစ်ဧကလျှင်တန် ၈၀ အထက်'** ထွက်ရှိနိုင်သည့် အထူးအထွက်တိုး **'သိပ္ပံနည်းကျမျိုး တစ်ဆစ်ချင်းပျိုးထောင်'** ကြံစိုက်ပျိုးသည့် နည်းစနစ်အား တောင်သူများ လေ့လာစိုက်ပျိုးနိုင်ရန်အတွက် ပညာပေးစိုက်ပျိုးပြသလျက်ရှိပါသည်။ ကြံစိုက်ပျိုးနေကြသည့် တောင်သူများ၊ ကြံစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် သကြားစက်ရုံပိုင်ရှင်ကုမ္ပဏီများအနေဖြင့် အထူးအထွက်တိုးသိပ္ပံနည်းကျ ကြံစိုက်ပျိုးနည်းစနစ်အား သင်ယူစိုက်ပျိုးလိုပါက နေပြည်တော်ကောင်စီနယ်မြေ ပညာပေးကြံစိုက်ကွင်းများတွင် စာတွေ့၊ လက်တွေ့ရက်တို (၅)ရက်သင်တန်း ဖွင့်လှစ်လေ့ကျင့်ပေးသွားမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားကြသူများ အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းစာရင်းပေးသွင်းနိုင်ကြကာ သင်တန်းသားစာရင်းပေးသွင်းကြမည့် အင်အားအပေါ်မူတည်၍ သင်တန်းဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်ညွန့်၊ ညွှန်ကြားရေးမှူး
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရုံးအမှတ် (၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၀၈၊ ၀၆၇-၄၃၁၂၀၉

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၂၀၊ နှစ်ခန်းတွဲ(ခြောက်ထပ်)တိုက်၏ မြေညီအပါ ငါးလွှာ ခေါင်းရင်းခန်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါ တိုက်ခန်းအား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးထွန်းရွှေ AA-080895 ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေများက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ(စရန်ငွေ)ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း အရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးနန္ဒာဝင်း	**ဒေါ်မိတင်ဇာလင်း**
စဉ်-၂၈၀၂၆	**စဉ်-၃၀၄၉၁**
LL.B.,D.B.L,D.M.L	**LL.B., D.B.L, D.M.L, D.I.L**

အထက်တန်းရှေ့နေများ
အမှတ် ၉/၁၁၊ အခန်း ၁၀၂/ဘီ၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၃၅၂၆၄

အမည်ပြောင်း

ဦးတင်ဇော်မိုး၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အထက(၂) Grade-4(C)မှ မောင်နိုင်းထက်ဝေယံအား ယနေ့မှစ၍ မောင်ထက်ပြည့်စုံထူးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်ပြည့်စုံထူး**

အမည်ပြောင်း

ဦးမျိုးမြင့်၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အထက(၅) Grade-7(A)မှ မောင်စစ်ပိုင်စိုးအား ယနေ့မှစ၍ မောင်စွမ်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စွမ်းထက်အောင်**



အမွေဆက်ခံသက်သေခံလက်မှတ်စာရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မိတ္ထီလာခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၇
(ကွယ်လွန်သူ ဦးတင်ငွေ၏ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း)

ဒေါ်ခင်တုတ် ၉/မထလ(နိုင်)၁၆၄၉၆၇
နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့။

လျှောက်ထားသူ

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ နန်းတော်ကုန်းရပ်ကွက်နေ ဒေါ်ခင်တုတ်က ကွယ်လွန်သူ ဦးတင်ငွေ၏ တစ်ဦးတည်းသော အစ်မအရင်းဖြစ်သည်ဟူ၍ အထက်လိပ်စာနေ ကွယ်လွန်သူ ဦးတင်ငွေ ကမ္ဘောဇဘဏ်(မိတ္ထီလာဘဏ်ခွဲ)တွင် ငွေစာရင်းအမှတ် (၀၂၃၁၂-၀၀၁၀၃၆၉)ဖြင့် စုဆောင်းခဲ့သောငွေကျပ် (၆၄၂၁၇၈၀၈/၃၉ ပြား) တိတိ ကျန်ရှိရစ်သော ကြွေးမြီများကို ထုတ်ယူရန်အတွက် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိရှိစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးတင်ငွေမှာ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဇူလိုင် ၂ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၆ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဒေါ်ခင်တုတ်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဝင်း)
ဒုတိယခရိုင်တရားသူကြီး(၁)
မိတ္ထီလာခရိုင်တရားရုံး

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/ဒီ)၊ မြေကွက်အမှတ် ၅ဒီ/၇ဘီ၊ ဧရိယာ ၀ဒသမ ၁၅၀ဧက၊ မြေအကျယ်ပေ(၉၀ ×၇၀)၊ မြေပိုင်မြေကွက်နှင့် ၄င်းမြေပေါ်ရှိ အမှတ် ၁၀(က)၊ ရှမ်းလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးသည် ကွယ်လွန်သူ ဒေါ်ခင်ထွေး ပိုင်ဆိုင်ပြီး ယခုအခါ ကျန်ရစ်သူ သမီးကြီးဒေါ်နုနုကြင်၊ သမီးလတ် ဒေါ်မာလာကြင်နှင့် သားငယ် ဦးကျော်ထွန်းဇင်(ခ)ဦးထွန်းဇင်တို့သုံးဦး၏အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။

ထို့ကြောင့် အထက်ပါအမွေပစ္စည်းအား သားသမီးသုံးဦး၏သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း စသည့်အခြားနည်းတစ်စုံတစ်ရာ လွှဲပြောင်းခြင်းမပြုပါရန် သမီးကြီး ဒေါ်နုနုကြင်၏ ညွှန်ကြားချက်ရရှိသော သမီးဖြစ်သူ အမှတ် ၁၅၀၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်စန္ဒီဝင်း၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်စန္ဒီဝင်း	**ဦးမြအောင်(အောင်ကြီး)**
	တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၃)
	အမှတ် ၁၆၃၊ လေးလွှာ၊ ၃၈ လမ်း၊
	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိရှိနိုင်ပါရန်

ကျွန်ုပ်တို့အား အမှုလွှဲအပ်တာဝန်ပေးသူ ဦးလှဝင်း(LPN -၀၇၉၄၆၉)၊ အမှတ် ၆၉၊ စိတ္တလမ်း၊ တိလောကရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်၏လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စု၊ ရဲစုကွင်း၊ ကွင်းအမှတ် ၅၂၆(က) ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ ဧက ၁၀ဒသမ၁၂ မြေကွက်နှင့်အကျိုးခံစားခွင့်များ၊ မူလအမည်ပေါက် ဒေါ်ကျွင်းထံမှ ဒေါ်အေးမူ ၁၂/မဂဒ(နိုင်) ၁၂၈၈၈၇၊ ရဲစုတောင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေသူသည် သီးစားချထားရေးအဖွဲ့မှ ချမှတ်ခွင့်ပြုချက်အရ ဧရိယာ ဧက ၅ဒသမ၁၂ အားရရှိ၍ ၁၉၉၃ခုနှစ်အထိ လုပ်ခဲ့ပါသည်။ ယင်းနောက် ဒေါ်အေးမူမှ ၁၅-၄-၁၉၉၃ ရက်တွင် ဦးလှဝင်းထံသို့ ဧရိယာ ဧက ၅ဒသမ၁၂အား လွှဲပြောင်းပေးခဲ့ပါသည်။ ဦးလှဝင်းသည် ဒေါ်အေးမူထံမှ လက်ခံရရှိထားသော မြေဧရိယာအား လက်ဝယ်ထားရှိစိုက်ပျိုးလုပ်ကိုင်နေစဉ် ၁၉၉၄ ခုနှစ်တွင် ထောက်ကြံ့မြို့ရောင်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော မြေဧရိယာ အနက်မှကျန်ရှိသော မြေဧရိယာ ၃ဒသမ၄၈ ဧကမှ၂ဒသမ၀ဧကကို ဒေါ်နွဲ့ ၁၂/မရက(နိုင်)၁၀၇၇၈၈ အား အရပ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။

မြို့ရောင်လမ်း၌ ပါဝင်နေသော မြေဧရိယာအချို့မှာ ဦးလှဝင်းပိုင်ဆိုင် လက်ရှိထားခဲ့သော ယခင်စိုက်ပျိုးလုပ်ကိုင်ခဲ့သော မြေဧရိယာများသာဖြစ်ပါကြောင်း အများသိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမြင့်စိုး (၄၅၀၄)	**ဦးသီဟကျော်(၃၄၈၆၀)**
ဒေါ်အိအိစိုး(၉၇၀၁)	**ဒေါ်ချမ်းမြေ့ဦး(၃၇၆၇၀)**
တရားလွှတ်တော်ရှေ့နေများ	**အထက်တန်းရှေ့နေများ**

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ အင်းစိန်မြို့နယ်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မလေးရှားတွင် အလုပ်လုပ်ရန် တရားမဝင်ပို့ဆောင်သူနှစ်ဦးကို အရေးယူပေးရန် မိခင်ဖြစ်သူတိုင်တန်း

ရန်ကုန် ဇွန် ၂၁

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် တရားမဝင် ပို့ဆောင်ပေးသူနှစ်ဦးကို အရေးယူပေးရန် တိုင်တန်းခဲ့သောဖြစ်စဉ် သယ်န်းကျွန်းမြို့နယ်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက်က သန်လျင်မြို့နယ်နေ ဒေါ် ---မှ ၎င်းသည် နေအိမ်၌ ရှိနေစဉ် ယခင်က ခင်မင်ရင်းနှီးသူ ဦးပီလီဂန်း ရောက်ရှိလာပြီး သားဖြစ်သူနှစ်ဦးတို့ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကားပစ္စည်းဆိုင်၌ တစ်လလျှင် ငွေကျပ်သုံးသိန်းခန့်ဖြင့် အလုပ်လုပ်ရန် တရားဝင်လမ်းကြောင်းမှ ပို့ပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါကိစ္စကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ရမ်ကာဆာမိ(ခ)တင်မောင်က တစ်ဦးလျှင် အကျိုးဆောင်ခ ငွေကျပ်ခုနစ်သိန်းဖြင့် တာဝန်ယူဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ပြောဆိုလာသဖြင့် ၎င်းက သဘောတူညီခဲ့ကြောင်း၊ မေ ၂ ရက်က ၎င်း၏ သားနှစ်ဦးကို မလေးရှားနိုင်ငံသို့ သွားရောက်ရမည်ဖြစ်၍ သယ်န်းကျွန်းမြို့နယ်ရှိ ကားဂိတ်အနီးသို့ အကျိုးဆောင်ခ ငွေကျပ် ၁၄ သိန်းနှင့်အတူ လာရောက်ရန် ဦးပီလီဂန်းက ဖုန်းဖြင့် အကြောင်းကြားလာသဖြင့် သွားရောက်ခဲ့ကြောင်း၊ ထိုသို့သွားရောက်ခဲ့ပြီး ဦးပီလီဂန်းနှင့် ရမ်ကာဆာမိ(ခ)တင်မောင်တို့ထံ ငွေကျပ် ၁၄ သိန်း ပေးကာ သားနှစ်ဦးကို အပ်နှံခဲ့ကြောင်း၊ မေ ၁၄ ရက်က မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော သားများက ၎င်းတို့အား တရားမဝင်လမ်းကြောင်းမှ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်ဟု ဖုန်းအဆက်အသွယ်ရပြီးနောက် ထပ်မံ၍ အဆက်အသွယ် မရတော့သဖြင့် စုံစမ်းရာ ဦးပီလီဂန်းနှင့် ရမ်ကာဆာမိ(ခ)တင်မောင်တို့တွင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်မရှိကြောင်း သိရသဖြင့် စုံစမ်းအရေးယူပေးရန် တိုင်တန်းလာခဲ့ခြင်း ဖြစ်သည်။

အဆိုပါ တိုင်တန်းချက်အရ သယ်န်းကျွန်း မြို့မရဲစခန်းက အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

(၃)ထိပ်ကားမှတ်တိုင်၌ ခါးပိုက်နှိုက်တစ်ဦး ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ (၂)မှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်မှု ကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီက လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းလမ်း (၃)ထိပ်ကားမှတ်တိုင်၌ စောင့်ကြည့်စုံစမ်းနေစဉ် မှတ်တိုင်သို့ ဆိုက်ရောက်လာသော အမှတ် (၇၉)ယာဉ်လိုင်း ခရီးသည်တင်ယာဉ်ပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက်ဖြစ်ချက်ဟောင်းရှိသူ ဗိုက်ကလေး(ခ) မင်းသူရ (၂၆နှစ်) လှိုင်သာယာမြို့နယ်နေသူအား တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေခဲ့ရာ ကျောပိုးအိတ်အတွင်းမှ ငွေကျပ် ၁၄၂၀၀ ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဆောင်ရွက်

ထိုသို့တွေ့ရှိသည့် ငွေများနှင့် ပတ်သက်၍ စစ်ဆေးရာ အဆိုပါ ယာဉ်ဖြင့် လှိုင်သာယာမြို့နယ် မီးခွက်ဈေးမှတ်တိုင်မှ လိုက်ပါစီးနင်းလာစဉ် ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသားတစ်ဦး၏ အင်္ကျီအိတ်ကပ်အတွင်းမှ နှိုက်ယူရရှိခဲ့သောငွေများဖြစ်ကြောင်း သိခဲ့ရသဖြင့် လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် အိုက်စ်များဖမ်းဆီးရမိ

တာချီလိတ် ဇွန် ၂၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေး စခန်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး၊ ကျပ်သိန်းပေါင်း ၄၆၀ ရှိ အိုက်စ်များနှင့် ထိုင်းနိုင်ငံသုံးဘတ်ငွေ လေးသိန်း ရှစ်သောင်းကျော်တို့ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖမ်းဆီးခဲ့

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်ကျော်စွာထွန်း ဦးစီးပူးပေါင်းအဖွဲ့သည် ဇွန် ၁၉ ရက် ညနေ ၄ နာရီခွဲက သက်သေများနှင့်အတူ တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ အားထူ(ကျား) မောင်းနှင်လာသည့် နံပါတ်မပါ Wave-i-110 အမျိုးအစား အဖြူ/ပြာကျားရောင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေခဲ့ရာ ဆိုင်ကယ်တူးဘောက်အတွင်း အဝါရောင်တိပ်ဖြင့် ပတ်ထားပြီး ပလတ်စတစ်ဖြင့်ထုပ်လျက် အိုက်စ် အလေးချိန် တစ်ကီလိုဂရမ်စီပါ နှစ်ထုပ် စုစုပေါင်း အလေးချိန် နှစ်ကီလိုဂရမ် ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၄၆၀ နှင့် ထိုင်းဘတ်ငွေ ၄၈၄၀၀၀ တို့အား တွေ့ရှိသဖြင့် သက်သေများရှေ့ ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့သည်။

(အပေါ်ယာပုံ)

ထို့နောက်ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ လက်ဝယ် တွေ့ရှိသူ အားထူ(၁၇ နှစ်) စန်းလု (အောက်)ကျေးရွာ လွယ်တော်ခမ်း အုပ်စု တာချီလိတ်မြို့နယ်နေသူအား တာချီလိတ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

လယ်စောင့်တဲ၌ မိုးခိုနေစဉ် မိုးကြိုးပစ်၍ လူတစ်ဦးသေဆုံး

ဟိုပန် ဇွန် ၂၁

ဟိုပန်ခရိုင် ဟိုပန်မြို့နယ် မန်မိုင် ရပ်ကွက် လယ်ကွင်း လယ်စောင့်တဲပေါ်၌ မိုးခိုနေစဉ် မိုးကြိုးပစ်၍ အမျိုးသားတစ်ဦးသေဆုံးကြောင်း သိရသည်။

စစ်ဆေး

ဖြစ်စဉ်မှာ ဟိုပန်မြို့နယ် မန်မိုင်ရပ်ကွက် လယ်ကွင်း(ခန့်မှန်းမြေပုံညွှန်း၊ MF ၇၅၀၈၃၅)ပြင်ရှိ လယ်စောင့်တဲပေါ်၌ မိုးခိုနေသည့် အမျိုးသားတစ်ဦး ဇွန် ၁၈ ရက် ညနေ ၅ နာရီခန့်က မိုးကြိုးပစ်ခံရ၍ သေဆုံးနေကြောင်း သတင်းရရှိသဖြင့် ဟိုပန်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူးသိန်းဇော် ဦးစီးတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့နှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မန်မိုင်ရပ်ကွက်နေထိုင်သူ တောင်သူ ဦးထွန်းလှ(ခ)ဦးဆန်စိုင်းဆွယ်(၆၁နှစ်)ဖြစ်ကြောင်း သိရသည်။ သေဆုံးသူမှာ ဒဏ်ရာများဖြင့် မိုးကြိုးလျှပ်စစ်ကွင်းမိ၍ သေဆုံးကြောင်း သိရသည်။

ဆောင်ရွက်ထား

သေဆုံးမှုနှင့်ပတ်သက်၍ ဟိုပန်မြို့နယ်ရဲစခန်း၌ သေမှုသေခင်းအမှတ်စဉ်ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ခတ်ကြိုးကိုင်လျက် လူတစ်ဦးခတ်လိုက်သေဆုံး

ကသာ ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ကောင်းကွေ့ကျေးရွာတွင် လူတစ်ဦးခတ်ကြိုးကိုင်လျက် ခတ်လိုက်ပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက်က ဝန်းသိုမြို့မရဲစခန်းတွင် ဒုရဲအုပ်ဖော်လင်းထွန်း တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ဝန်းသိုမြို့နယ် ကောင်းကွေ့ကျေးရွာ၌ လူတစ်ဦး ခတ်ကြိုးကိုင်လျက် ခတ်လိုက်သေဆုံးနေကြောင်း၊ ကောင်းကွေ့ကျေးရွာနေ မီးရထားလမ်းလုပ်သား ညွန့်ဝင်းက အကြောင်းကြားသဖြင့် သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် သေဆုံးသူမှာ ဖိုးကျော်(ခ)ကျော်ကျော် (၃၃နှစ်) ဆိုသူဖြစ်ပြီး ၎င်း၏ အိမ်ရှေ့ လယ်ကွင်းအစပ်၌ ပြုတ်ကျနေသော ခတ်ကြိုးတွင် လျှပ်စီးဝင်နေသည်ကို မသိဘဲ လက်နှစ်ဖက်ဖြင့်ကိုင်လျက် ခတ်လိုက်ပြီး သေဆုံးနေသည်ကို တွေ့ရသဖြင့် ဒုရဲအုပ်ဖော်လင်းထွန်းက အမှုဖွင့်ပြီး ဝန်းသိုမြို့မရဲစခန်းမှူး ဒုရဲမှူးတင်မောင်ဝင်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

မိဘအမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ဆိပ် အထကမှ ၂၀၁၄ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူ မဂမုန်းဇင်၏ မိဘအမည်မှန်မှာ ဦးခွန်ကျော်ဇင် ၇/ပခန(နိုင်)၀၉၂၆၅၇နှင့် ဒေါ်မြင့်မြင့်အေး ၁၀/သထန(နိုင်)၁၀၃၂၇၂ ဖြစ်ပါကြောင်း။

ဦးခွန်ကျော်ဇင် ၇/ပခန(နိုင်)၀၉၂၆၅၇
ဒေါ်မြင့်မြင့်အေး ၁၀/သထန(နိုင်)၁၀၃၂၇၂

ပျောက်ဆုံးကြောင်း

ကျွန်တော်များ Hoang Anh Gia Lai Myanmar Co.,Ltd. ၏ သွင်းကုန်ကြေညာလွှာအမှတ် -500995 (04-04-2014) မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

(ကျေးဇူးဆပ်ပါမည်။)

ဦးအောင်မြတ်ထွန်း
ဖုန်း-၀၉-၄၂၀၇၆၂၄၈၁

စာအုပ်စာပေ လူ့မိတ်ဆွေ

အများသိစေရန် ကြေညာခြင်း

[illegible]

ဦးလှထွန်းအတွက် အခွင့်ရ ရှေ့နေ
ဦးထွန်းလှိုင် L.L.B (H.G.P, Criminal Distinction), C.B.L, D.B.L
[illegible]

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင် တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၉၀

ဦးဘိုဘို **နှင့်** ၁။ ဒေါ်နီနီသန်း
၂။ ဒေါ်မိန်းမိန်း(ခ)ဒေါ်စန္ဒာလှိုင်
၃။ ဒေါ်လှလှမိုး
၄။ ဦးမိုးကျော်အုန်း

တရားလို **တရားပြိုင်များ**

ဒေါ်နီနီသန်း အကွက်အမှတ် န-၇/ ၂၈+၂၃၊ ၆၄×၆၅ လမ်းကြား၊ ၄၂×၄၃ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဘိုဘိုက ဂရန်စာချုပ်မူရင်း၊ မြေယာပုံစံ(၁၀၅)မူရင်းနှင့် အထူးကိုယ်စားလှယ်လွှဲစာမူရင်းများ လက်ရောက်ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၂၇ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇွန်၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

(၃၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ကျေးဇူးရှင်ချစ်ဖေဖေ ဦးမြင့်ဦး (မြသီတာပရိဘောဂလုပ်ငန်း)နှင့် ချစ်မေမေ ဒေါ်အမာကြည် (မိသားစုပုံနှိပ်တိုက်)တို့၏ ၁၉-၆-၂၀၁၄ ရက်တွင် ကျရောက်သည့် (၃၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင်ကျန်းမာချမ်းသာစွာဖြင့် ချစ်သား၊ သမီး၊ မြေးတို့နှင့်အတူ လောကီလောကုတ္တရာ အကျိုးများ ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင် ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးများ - မယုမွန်ဦး
ကိုသန်းဟန်-သက်သက်မွန်ဦး
စုမွန်ဦး
ချစ်သားများ - ကိုမျိုးသက်ဦး-ကေသီထွန်း
ဒေါက်တာအောင်သက်ဦး
မြေး - ရွှန်းပွင့်လွှာဦး၊ ဆုရှင်းသန့်မွန်၊ သုတအောင်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

[illegible]

နိုင်ငံတကာအားကစားနှင့် ကျော်ငြာ

ကမ္ဘာကျော်တွေကို ကျော်ဖြတ်အနိုင်ယူလိုက်တဲ့ ကော်စတာရီကာ

အာကာကျော်

ဒီနှစ်ကမ္ဘာ့ဖလား ဘောလုံးပွဲမှာတော့ ကော်စတာရီကာအသင်းဟာ တကယ့်အံ့ဖွယ် အစွမ်းပြနေတာတွေ့ရပါတယ်။ ကမ္ဘာ့ချန်ပီယံတွေဖြစ်ခဲ့ဖူးတယ်လို့ ဆိုတဲ့ ဥရုဂွေးနဲ့ အီတလီအသင်းတွေကို အနိုင်ယူပြလိုက်တာကတော့ ဘောလုံးပရိသတ်တွေ အံ့အားသင့်စရာဖြစ်ကုန်ရပါပြီ။

ကော်စတာရီကာ အသင်းဟာ အီတလီကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ကမ္ဘာ့ဖလား ၁၆ သင်း ပြိုင်ပွဲသို့ တက်ရောက်သွားပါပြီ။ ဒါဟာ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်း ပထမဆုံးအကြိမ် တက်ရောက်နိုင်တာလို့ ဆိုပါတယ်။ ကော်စတာရီကာအသင်းနည်းပြဂျော့လူးဝစ်ပင်တိုကတော့ သူ့အသင်း အီတလီအသင်းကို အနိုင်ရလိုက်တာဟာ ဘောလုံးသမိုင်းသစ်စတင်လိုက်တာလို့ ပြောဆိုလိုက်ပါတယ်။ ပင်တိုရဲ့အသင်းဟာ ကမ္ဘာ့ဖလားကို ဆွတ်ခူးခဲ့ဖူးတဲ့ အီတလီ၊ အင်္ဂလန်နဲ့ ဥရုဂွေးတို့ကို ကျော်ဖြတ်ပြီး အုပ်စု D ကနေ နောက်တစ်ဆင့်တက်ခွင့်ရသွားတာဖြစ်ပါတယ်။

ကော်စတာရီကာက နာမည်ကြီး အီတလီအသင်းကို အနိုင်ယူပြနိုင်ခဲ့တာ ကော်စတာရီကာ သမိုင်းသစ်ကို စတင်လိုက်တာပါပဲလို့ အသက် ၆၁ နှစ်အရွယ် နည်းပြ ပင်တိုက ပြောဆိုလိုက်ပါတယ်။ ကော်စတာရီကာအသင်းရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးကိုတော့ ပွဲချိန် ၄၄ မိနစ်မှာ ဖူလ်ဟမ်တိုက်စစ်မှူး ဘရိုင်ယန်ရူဇ်က သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။ ကော်စတာရီကာအသင်းဟာ ဒီပွဲအနိုင်ရလိုက်တာကြောင့် အုပ်စု (D) မှာ နှစ်ပွဲဆက်တိုက်အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဖွင့်ပွဲမှာ ဥရုဂွေးကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး ယခုတစ်ဖန် အီတလီကိုပါ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။

ဒီနိုင်ပွဲကြောင့် အင်္ဂလန်အသင်းရဲ့မျှော်လင့်ချက်ဟာ လုံးဝအဆုံးသတ်ခဲ့ရပါတယ်။ ဒီအုပ်စုမှာ အီတလီနဲ့ ဥရုဂွေးကတော့ ဘယ်အသင်း တက်မယ်ဆိုတာ မပြောနိုင်ပါဘူး။ ဒီအထဲက နိုင်တဲ့အသင်းတက်ပါလိမ့်မယ်။ ကော်စတာရီကာကတော့ နှစ်ပွဲဆက်တိုက်နိုင်ပြီး နောက်တစ်ဆင့်တက်နိုင်ခဲ့ပါပြီ။

အန်နာဗလင်စီယာ၏ သွင်းဂိုးတွေနဲ့ အမှတ်ယူခဲ့တဲ့ အီကွေဒေါ

သီဟ

အုပ်စု(င) ဟွန်ဒူးရပ်စ်နှင့် အီကွေဒေါ ပွဲစဉ်ကို ဇွန် ၂၁ရက် နံနက်ပိုင်းက Arena da Baixada ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အီကွေဒေါက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အမှတ်မရသေးသည့် ခြေရည်ညီနှစ်သင်းယှဉ်ပြိုင်ကစားခဲ့ရာ ပွဲစပြီး ၃၁မိနစ်တွင် ဟွန်ဒူးရပ်စ်မှ ကားလို့စ်ကော့စ်လီက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ အီကွေဒေါမှ ၃၄မိနစ်တွင် အန်နာဗလင်စီယာ**(အောက်ပုံ)**က ချေပဂိုးသွင်းယူပြီး ဒုတိယပိုင်း ၃၅မိနစ်တွင် အနိုင်ဂိုးကိုပါ အန်နာဗလင်စီယာက ထပ်မံသွင်းယူပေးခဲ့သဖြင့် အီကွေဒေါအသင်း သုံးမှတ်အပြည့်ရရှိခဲ့သည်။ အုပ်စု(င)၏ နောက်ဆုံးပွဲစဉ်များအဖြစ် ဇွန်၂၆ နံနက် ၂း၃၀တွင် ဟွန်ဒူးရပ်စ်နှင့် ဆွစ်ဇာလန်၊ အီကွေဒေါနှင့် ပြင်သစ်တို့ ကစားကြမည်ဖြစ်သည်။ ဇွန်၂၂၊၂၃ ကစားမည့်ပွဲစဉ်များဖြစ်သည့် အုပ်စု(ဇ)မှ ဇွန်၂၂ ညသ၀း၃၀တွင် ဘယ်လ်ဂျီယံနှင့် ရုရှား၊ ဇွန်၂၃ နံနက် ၁း၃၀တွင် တောင်ကိုရီးယားနှင့် အယ်လ်ဂျီးရီးယားတို့ ကစားကြမည်ဖြစ်သည်။ အုပ်စု(ဆ)မှ ဇွန်၂၃ နံနက်၄း၃၀တွင် အမေရိကန်နှင့် ပေါ်တူဂီတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြင်သစ် နောက်တစ်ဆင့်တက်လှမ်း

ကမ္ဘာ့ဖလားအုပ်စု (E) ပြိုင်ပွဲတွင် ပြင်သစ်က ဆွစ်ဇာလန်ကို ငါးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ၁၆ သင်းပြိုင်ပွဲ တက်ရောက်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ထူးခြားသည်မှာ ပထမပိုင်းမှာပင် ပြင်သစ်ကသုံးဂိုးပြတ်သွင်းယူလိုက်ခြင်းဖြစ်သည်။ အာဆင်နယ်ကစားသမား ဂီရောက်က ပွဲချိန် ၁၇ မိနစ်တွင် လည်းကောင်း၊ မာတူဒီက ၁၈ မိနစ်တွင်လည်းကောင်း၊ ဘယ်ဘူနာက မိနစ် ၄၀ တွင် လည်းကောင်း အသီးသီးသွင်းယူပေးခဲ့ကြသည်။ ပြင်သစ်က ငါးဂိုးပြတ်ဖြင့် ဦးဆောင်ကစားနေချိန် ဆွစ်ဇာလန်က နှစ်ဂိုးပြန်လည်ချေပခဲ့သည်။ ပွဲချိန် ၈၁ မိနစ်နှင့် ၈၇ မိနစ်တို့တွင် ချေပဂိုးများ သွင်းယူနိုင်ခဲ့သည်မှာလည်း အံ့အားသင့်ဖွယ်ကောင်းသည်။ ပြင်သစ်အသင်းသည် တစ်ချိန်လုံး ဆွစ်ဇာလန်အသင်းကို အသာစီးမှ ထိန်းချုပ်ကစားခဲ့သည်။ ပြင်သစ်အသင်းသည် နှစ်ပွဲဆက်တိုက်နိုင်ပြီး အုပ်စုတွင် ခြောက်မှတ်ရရှိထားသည်။ ဇွန် ၂၅ ရက်တွင် အီကွေဒေါနှင့် အုပ်စုနောက်ဆုံးပွဲကစားရမည်ဖြစ်သည်။ ပြင်သစ်အသင်းသည် အုပ်စုနှစ်ပွဲတွင် ရှစ်ဂိုးသွင်းယူထားသည်။

ရွန်းနေကိုဝေဖန်မှု ဗန်ပါစီက ကာကွယ်ပြောဆို

အင်္ဂလန်တိုက်စစ်မှူး ရွန်းနေ ဆက်လက်ဝေဖန်ခံနေရခြင်းအပေါ် ကစားဖော် ဗန်ပါစီက ကာကွယ်ပြောဆိုခဲ့သည်။ အသက် ၂၈ နှစ်ရှိ ရွန်းနေသည် အင်္ဂလန်က ဥရုဂွေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲတွင် တစ်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော်လည်း ရွန်းနေ၏ကစားပုံနှင့်ပတ်သက်ပြီး အင်္ဂလန်ကစားသမားဟောင်းများနှင့် ပရိသတ်များက မေးခွန်းထုတ်နေကြသည်။ "သူတစ်ဂိုးသာ ဂိုးသွင်းနိုင်တာနဲ့ပတ်သက်ပြီး အပြစ်ဆိုနိုင်မယ်လို့ ကျွန်တော်မထင်ပါဘူး။ သူ့အခွင့်အလမ်း သုံးကြိမ်ရတာတော့ မှန်တယ်။ ဒါပေမယ့်လည်း ဂိုးရချင်မှရမှာပါ။ သူဒီပွဲမှာအကောင်းဆုံးကြိုးစားခဲ့တာပါ" ဟု ဒတ်ချ်တိုက်စစ်မှူး ဗန်ပါစီက ပြောသည်။ "ရွန်းနေဟာ တကယ်တော်တဲ့ တိုက်စစ်မှူးကောင်းတစ်ယောက်ပါ။ မန်ယူမှာလည်း အားထားရတဲ့ တိုက်စစ်မှူးပါ" ဟု ဗန်ပါစီက ဆက်လက်ပြောကြားသည်။ ဥရုဂွေးနှင့်ပွဲတွင် ရွန်းနေသွင်းယူသည့် ဂိုးသည် ၎င်း၏ ကမ္ဘာ့ဖလား ၁၀ ပွဲတွင် ပထမဆုံးသွင်းယူခဲ့သည့်ဂိုး ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်။

JAPFA COMFEED MYANMAR PTE LTD

Job Opportunity (For Local Service only)

Japfa Comfeed Myanmar Pte Ltd, is one leading company in the Livestock Industry in Myanmar and now looking for the qualified candidates for the following positions:-

1) Accounting Manager (Male/Female) (1) Post
- B.Com, CPA, knowledge of tax & regulations in at least 5 years professional working experience and able to lead the team

2) Accountant (3) Post
- B.Com (or) LCCI (Level-3), at least 3 years experience in Accounts field

3) Accounting Staff (Male/Female) (2) Post
-B.Com (or) LCCI (Level-3), at least 2 Years experience in Accounting field

4) HR Officer/Supervisor- (1) Post
- Any University Graduate
- Minimum 5 years experience in Human Resources Management

5) Production Supervisor – (10) Post
- Fresh graduate in Bachelor of Veterinary Science

6) Personnel & General Affairs Officer (Male) - (5) Post
- Any University Graduate with minimum 5 years experience in Administration
- Able to stay at the Production/Farm area

7) Electrical Engineer (Male) - (3) Post
- B.E (or) AGTI, at least 2 years experience in related field

8) Lawyer (Male/Female) - (1) Post
- between 40-50 Years
- Must be fluent in English and can communicate with lawyer from overseas

9) Administration Staff (2) Post
- Any graduate with 2 years working experiences in related field

10) Driver (6) Post
- Age between 23-40 Years,
- Able to drive outside Yangon area

All positions require a good command of both spoken & written English and Computer literate as compulsory. Please send your CV to japfamyanmar.hr@gmail.com (or) No.37, Kabaaye Pagoda Road, Inya Lake Hotel Compound., Yangon

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၃၀၄၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့သစ်ရပ်၊ ဗိုလ်ချုပ်လမ်းနေ
ဦးတင်လင်း(ဒု-ဥက္ကဋ္ဌ၊ တင်ဝင်းထွန်းကုမ္ပဏီများအုပ်စု)-ဒေါ်ဖြူဖြူဝင်းတို့၏သား

မောင်တင်ဇာထွန်း

A.G.T.I (IT), B.Sc (Maths), MBA (Thesis)

နှင့်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၆၇လမ်းနှင့် ၄၂×၄၃ကြားနေ
ဒေါက်တာမျိုးသန့်(ဒု-ပါမောက္ခချုပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)-ဒေါ်ခိုင်မေအုန်း(ကထိက၊ သချာဌာန၊ မန္တလေးတက္ကသိုလ်) တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာ ခိုင်မီမီသန့်

M.B.,B.S (Mdy)

တို့၏ ၁၁-၆-၂၀၁၄ရက်တွင် မြစန္ဒာခန်းမ(မုံရွာ)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲတွင် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးပါသော တင်ဝင်းထွန်းကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် အောင်လက်ထပ်လက်စွပ်များ ချီးမြှင့်ပေးပါသော စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ၁၀-၆-၂၀၁၄ရက် တွင် Monywa Win Unity Resort Hotel၌ ကျင်းပသောမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာနာယကအဖြစ် ဆောင်ရွက်ပေးပါသော စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစန်းကို၊ မင်္ဂလာဘိသေကအကျိုးဆောင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော တေးသံရှင် ရုပ်ရှင်သရုပ်ဆောင် ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေး သီဆိုဧည့်ခံပေးပါသော တေးသံရှင် စိုးစန္ဒာထွန်း၊ တေးသံသာများသီဆိုဧည့်ခံပေးပါသော အကယ်ဒမီ ဂီတမှူးသော်ဇင် ဦးဆောင်သော လဝန်းအိမ်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မအိရွှန်းလဲ့မြတ်၊ မစုဝေခိုင်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မမေဇင်ဖြိုး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မယဉ်ဝေလွင်ဦး၊ မင်္ဂလာသတို့သားအရံ မောင်အောင်ခန့်ဖြိုး၊ မောင်ထက်ဝေအောင်၊ မင်္ဂလာသတို့သမီးအရံ မဖြိုးစန္ဒာဗိုလ်၊ မစုနှင်းဝေ၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မန္တလေးတော်ဝင်စိန်တိုက်ပိုင်ရှင် သုဓမ္မမဏိဇောတရေကိုကျော်စွာဝင်း၊ ဆံပင်မိတ်ကပ်အလှဆင်ပေးပါသော မငြိမ်းငြိမ်းကျော် (ပန်းသတင်း-မုံရွာ)၊ ပိုးထည်များဆင်မြန်းပေးပါသော မြောက်ကျွန်းသူ ပိုးထည်တိုက်(ရန်ကုန်)၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော ဒီဇိုင်နာဘုတ်ဘုတ်(မုံရွာ)၊ ပန်းအလှဆင်မြန်းပေးပါသော မယ်ကင်း(မန္တလေး)၊ ဗီဒီယိုမှတ်တမ်းတင်ပေးပါသော စိုးသီရိ(မုံရွာ)၊ ဓာတ်ပုံမှတ်တမ်းတင်ပေးပါသော မင်းကို(ရန်ကုန်)၊ တင်ဝင်းထွန်းကုမ္ပဏီများအုပ်စုမှ ဝန်ထမ်းများ၊ Monywa Win Unity Resort Hotel Pool Side တွင် ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများ၊ Win Unity Resort Hotel မှ ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တင်ဇာထွန်း-ဒေါက်တာခိုင်မီမီသန့်

မိုးညှင်းမြို့နယ် သီးနှံစိုက်ပျိုးရေးအောင်မြင်၊ တောင်သူများဝင်ငွေအဆင်ပြေ နဂါးမောက်ပင်ကိုလည်း တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်စိုက်ပျိုးသူများပြားလာ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်သည် ရှေးဆယ်စုနှစ်ပေါင်းငါးဆယ်မှ ယခုတိုင် စီးပွားဖြစ်ဟင်းရွက်သီးနှံစိုက်ပျိုးရောင်းဝယ်ရေးလုပ်ငန်းဖြင့် အဓိက အောင်မြင်ကျော်ကြားလျက်ရှိသည်။ ဒေသထွက်ဟင်းရွက်သီးနှံများကို အခြားမြို့နယ်ဒေသများသို့ အရောင်းအဝယ် တွင်ကျယ်လျက်ရှိပြီး ဆန်နှင့် ပဲပုပ်သီးနှံများကို ပြည်တွင်း၌သာမက အိမ်နီးချင်းနိုင်ငံ ရပ်ခြားဈေးကွက်အထိ အောင်မြင်မှုရှိနေ၍ တောင်သူများ လူမှုစီးပွားဘဝအတွက် အဆင်ပြေလျက်ရှိနေသည်။ ပဲပုပ်ဈေးက ဈေးကောင်းရနေတာဖြစ်လို့ မိသားစုဝင်ငွေတိုးရေးအတွက် စပါးသီးနှံရိတ်သိမ်းပြီးလျှင် ပဲပုပ်ကို တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့ စိုက်ပျိုးလာကြသည်ဟု တောင်သူတစ်ဦးက ပြောပြသည်။

မိုးညှင်းမြို့နယ်၌ သီးနှံစိုက်ပျိုးရေးတွင် ဈေးကောင်းရသော ဆေးဖက်ဝင် နဂါးမောက်ပင်များကိုလည်း စီးပွားဖြစ် စိုက်ပျိုးသူများနှင့် အိမ်ဝင်းခြံများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးနေကြသည်ကို အားရဖွယ်တွေ့ရသည်။ ဆေးဖက်ဝင် နဂါးမောက်ပင်များမှာ စိုက်ပျိုးမြေရာသီဥတုနှင့် ကိုက်ညီ၍ နဂါးမောက်သီးအလုံးအဝန်းမှာ လှပဖွံ့ထွားစွာ ဖြိုင်ဖြိုင်သီးပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ **(အပေါ်ပုံ)**

စီးပွားဖြစ် ဆေးဖက်ဝင်နဂါးမောက်ခြံစိုက်ပျိုးသူက"နဂါးမောက်သီးပေါ်ချိန်မှာ သူ့ထက်ငါဆိုသလို လာဝယ်ကြပါတယ်။ နဂါးမောက်သီးရောင်းသူတွေက ကြိုတင်အော်ဒါပေးပြီး ဝယ်ယူကြတာဖြစ်လို့ ပြင်ပသို့ ထွက်မရောင်းရဘဲ ခြံမှာရောင်းလိုအားနှင့်ဝယ်လိုအား အဆင်ပြေပါတယ်"ဟု ပြောပြသည်။

မိုးညှင်းသစ်သီး ဈေးကွက်တွင် "နဂါးမောက်သီး ဖြိုင်ဖြိုင်ပေါ်ချိန်မှာ မိုးညှင်းနဂါးမောက်သီး အကြီးတစ်လုံး ငွေကျပ် ၂၀၀၀၊ အလတ်တစ်လုံး ငွေကျပ် ၁၅၀၀၊ အငယ်တစ်လုံး ငွေကျပ် ၁၀၀၀ ဈေးရှိပါတယ်။ မိုးညှင်းကထွက်တဲ့နဂါးမောက်သီးဆိုရင် လတ်လတ်ဆတ်ဆတ်နဲ့ အရသာရှိတော့ ရောင်းရေးဝယ်တာ အဆင်ပြေပါတယ်"ဟု သစ်သီးဈေးကွက်ရောင်းအမျိုးသမီးတစ်ဦးက ပြောပြသည်။

(ဝဇိရ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအသိပညာပေး

စစ်တွေ ဇွန် ၂၁

ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဟောပြောပွဲအခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဆတ်ရိုးကျကယ်ဆယ်ရေးအိမ်ရာ ရှင်းလင်းဆောင်၌ကျင်းပရာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်နှင့် အဖွဲ့ဝင်များ၊ စစ်တွေခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်စိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ငှက်ဖျားတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာစံကျော့ခိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေသန္တရ ကျန်းမာရေးတာဝန်ခံ ဒေါက်တာကြည်ကြည်သာနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ ကျန်းမာရေးမှူးများနှင့်ကြက်ခြေနီများ၊ ရပ်ကွက်သူရပ်ကွက်သားများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်က အမှာစကားပြောကြားပြီး ပြည်နယ် ငှက်ဖျားတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာစံကျော့ခိုင်က သွေးလွန်တုပ်ကွေး ရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ရေးများနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။ ထို့နောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီနှင့် ကျန်းမာရေးမှူးများက ဆတ်ရိုးကျကယ်ဆယ်ရေးအိမ်ရာရှိ နေအိမ်များသို့ လှည့်လည်သွားရောက်ကာ အုတ်ကန်များတွင် အဘိတ်ဆေးခတ်ပေးခြင်း၊ သောက်ရေအိုး၊ ညောင်ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်စနစ်ကျပြုလုပ်ပြသခြင်း၊ ကျန်းမာရေးဆိုင်ရာ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

လယ်ဝေးမြို့အတွင်း မြို့တွင်းလမ်းလေးလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ပျဉ်းမနား-လယ်ဝေးလမ်းဟောင်းကို တစ်ဖက်ခြောက်ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ မြောင်းများကျောက်စီခြင်းနှင့် မြို့တွင်းရေမြောင်း ပေ ၂၀၉၆၀ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာ နေပြည်တော်ကောင်စီ စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ဦးအောင်ကျော်ငြိမ်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။

ကိုကိုရူပ

တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ ငွေကျပ်သိန်း ၁၂၀၀၀ ကျော်ဖိုး ဖမ်းဆီးရမိ

လားရှိုး ဇွန် ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် အေးရှားဝေါလ်တိုးဂိတ်အနီး၌ ဖွင့်လှစ်လျက်ရှိသော မိုဘိုင်းအဖွဲ့သည် ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် စတင်ဖွင့်လှစ်၍ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများကို ရှာဖွေဖမ်းဆီးစစ်ဆေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဇွန် ၁၈ ရက်အထိ စုစုပေါင်း ခန့်မှန်းငွေကျပ် ၁၂၆၇၀၃၆၉၃၈ ကို ဖမ်းဆီးရမိခဲ့သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေါင်းဆောင်သော အလှည့်လိုက်တာဝန်ကျ မိုဘိုင်းခေါင်းဆောင်နှင့်အဖွဲ့တို့သည် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရာတွင် တမလန်း၊ ကျောက်စိမ်း၊ ဟင်းချိုမှုန့်၊ ကားအပိုပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ဖုန်းနှင့်ဖုန်းအပိုပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ ရေဒီယို၊ ကက်ဆက်အစရှိသော အီလက်ထရွန်နစ်ပစ္စည်းများ၊ တိရစ္ဆာန်များမှာ မြွေပွေး၊ မြွေဟောက်၊ လင်းမြွေအစရှိသော တိရစ္ဆာန်များကိုလည်း ဖမ်းဆီးရမိလျက်ရှိသည်။

တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရာတွင် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသော ၂၀၁၄ ခုနှစ် ယာဉ်များကို တစ်ပါတည်းသိမ်းဆည်းလျက်ရှိရာ ဇွန် ၁ ရက်မှ ၁၈ ရက်အထိ အမှုတွဲပေါင်း ခုနစ်မှုဖြင့် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၆၈၃၂၀၀၊ တမလတန်းသစ်များ ၁ ဒသမ ၄၁၂၈ တန်ကို 6c/ --- Fortonaumark TX 7514 ယာဉ်နှင့်တကွ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၁၉၂၀၀၊ မြွေအမျိုးမျိုး တင်ဆောင်လာသော 5F/--- Voxy Toyota (အနက်ရောင်)နှင့်အတူ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၉၇၉၂၀၀ ကိုလည်းကောင်း၊ ဟင်းချိုမှုန့် ၃၄၉ အိတ်အပါအဝင် အခြားကုန်ပစ္စည်းမျိုးစုံတို့ကို ဖမ်းဆီးရမိလျက်ရှိကြောင်း သိရသည်။

ဟန်ဌေး(iprd)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးအေးလွင်-ဒေါ်နှင်းပန်းခိုင်(စာရင်းကိုင်-၄၊ ဆည်မြောင်းဦးစီးဌာန၊ မြင်းခြံမြို့)တို့၏သား မောင်မင်းသန့်ထက်သည် ၂၀၁၄ ခုနှစ် မတ်လတွင်ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲ၌ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ပါသဖြင့် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးစီးအရာရှိနှင့် ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ မြင်းခြံမြို့

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦး(ငြိမ်း) ဒု/ညွှန်ချုပ်-အားကစားဝန်ကြီးဌာန-ဒေါ်ရွှယ်ဂျီးတို့၏သမီးဖြစ်သူ မအိန္ဒြေဦး ခုံနံပါတ် ကမ-၃၅၈သည် ခြောက်ဘာသာ (ဘာသာစုံ)ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် ဘွားဘွား၊ ဦးဦး၊ ဒေါ်ဒေါ်များမှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

ဘွားဘွား၊ဦးဦး၊ဒေါ်ဒေါ်များ
လဝါဝါဝင်း(စတိုး)
Shell - Servic
မိသားစု

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့၊ မြို့သစ်ရပ်၊ အမှတ် C 6၊ အိမ်အမှတ် ၆၆နေ
ဦးပေါက်ကျော် - ဒေါ်သန်းမြင့်တို့၏သား

မောင်သိန်းထိုက်

နှင့်

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ဆိုင်းအောင်ရပ်နေ
ဦးစိန်အောင် - ဒေါ်ညွန့်ညွန့်စိန်တို့၏သမီး

မသန္တာဝင်း

တို့သည် ၁၆-၆-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

မောင်သိန်းထိုက်-မသန္တာဝင်း

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)တောင်၊ မြေကွက်အမှတ် ၁၁၅၄ (က၊ခ၊ဂ)မြေကွက်တည်နေရာအမှတ် ၁၁၅၄၊ သုမနလမ်း၊ ၂ -တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးပေါလာ၊ ဦးသိန်းဟန်၊ ဦးမြရှိန်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းဟန်(ဖခင်)နှင့် ဒေါ်စိန်ဆင့်(မိခင်)တို့ ကွယ်လွန်သဖြင့် ၎င်းအစုအတွက် သားသမီးများဖြစ်သော ၁။ ဦးသိန်းစိုး၁၂/သကတ(နိုင်)၀၇၇၆၃၁၊ ၂။ ဒေါ်ကြည်ကြည်သန်း ၁၂/သကတ(နိုင်)၀၇၇၃၁၃၊ ၃။ ဒေါ်မြင့်မြင့်စန်းကြည် ၁၂/သကတ(နိုင်)၁၈၂၂၁၃၊ ၄။ ဦးအောင်သိန်းနိုင် ၁၂/သကတ(နိုင်)၀၇၇၄၀၈၊ ၅။ ဒေါ်သင်းသင်းအေး ၁၂/သကတ(နိုင်)၁၂၃၉၄၀တို့မှ ၎င်းကျန်အမည်ပေါက် တစ်ဦးဖြစ်သူ၊ ဦးပေါလာ(ဖခင်)နှင့် ဒေါ်ဥ(မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူမှ ဒေါ်သန်းဆွေ ၁၂/သကတ(နိုင်)၀၁၂၁၃၅မှလည်းကောင်း၊ ကျန်အမည်ပေါက် ဦးမြရှိန် ၁၂/သကတ(နိုင်)၀၀၄၆၄၆နှင့် ပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် (၇၄၆)၊ ဦးပိုင်အမှတ်(၂၁)၊ ၃၀×၃၁ကြား၊ ၇၁×၇၂ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီးဌေးကြွယ်(ငြိမ်း) ၉/ခအဇ(နိုင်)၀၁၁၆၃၈နှင့် ဒေါက်တာဒေါ်ကြည်ညွှန့် ၉/ခအဇ(နိုင်)၀၁၁၆၃၉ တို့မှ အမှုတွဲအမှတ် (၀၄၃၇/၂၀၁၄-၂၀၁၅)ဖြင့် ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ (၂၁)ရပ်ကွက်၊ မြိုင်သဇင်လမ်းနေ သားဖြစ်သူ မောင်ခိုင်ဇော် ၇/တငန(နိုင်) ၁၆၉၃၃၄သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိသားစုခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုး အကြိမ်ကြိမ်ကျူးလွန်နေသဖြင့် အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။

ဖခင်-ဦးလူအေးမင်း (တောင်ငူ)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လျှပ်စစ်ဓာတ်ကြိုးများ လဲလှယ်တပ်ဆင်

ဖြူး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့တွင် အများပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနေကြရာတွင်အိမ်သုံးနှင့် စက်မှုသုံးလုပ်ငန်းများအတွက် ဗို့အားပိုမိုကောင်းမွန်လာစေရန် တိုးတက်များပြားလာသည့် လျှပ်စစ်ဝန်အားနှင့် လိုင်းကြိုးအရွယ်အစား မမျှတခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် လိုင်းကြိုးများပြတ်ကျခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းသွားနိုင်ခြင်းနှင့် အိမ်သုံးဆားဗစ်ကြိုးများနှင့် ACSR ဒန်ကြိုးများအကြားဖြစ်ပေါ်တတ်သည့် ဆားဗစ်ကြိုးကြောင့် မကြာခဏ အိမ်မီးပျက်ခြင်းတို့မှ လျော့နည်းစေရေး၊ ဓာတ်အားပျောက်ဆုံးမှုနည်းပါးရေးတို့အတွက် ဖြူးမြို့ ပဲခူးလမ်းတောင်ပိုင်း ရန်ကုန်-မန္တလေးကားလမ်းဘေး တာခြားရပ်ရှိ ၂၀၀ ကေဗွီအေထရန်စဖော်မာ၏ ၄၀၀ ဗို့ကြိုးအရင်းပိုင်း ACSR 25mm2 (ဒန်ကြိုး) 3 Pase 4 wire ကြိုးကိုတောင်ဘက် ပေ ၂၀၀၀၊ မြောက်ဘက် ပေ ၂၀၀၀ စုစုပေါင်း ပေ ၄၀၀၀ ကို HDBC.NO 4 ကြေးကြိုးဖြင့် ဇွန် ၁၆ ရက် နံနက် ၈ နာရီမှ ဇွန် ၁၇ ရက် ၅ နာရီအထိ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦးနှင့် ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ လဲလှယ်တပ်ဆင်ပြီးဖြစ်သည်။

ထို့ပြင် ဖြူးမြို့နယ် ဝဲဒေါင့်ရွာတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ အသစ်တစ်လုံးကို ၁၁ ကေဗွီကြိုးလိုင်း ပေ ၁၃၂၀ နှင့် ဓာတ်အား ၄၀၀ ဗို့လိုင်းကြိုး ပေ ၂၆၄၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်အင်ဂျင်နီယာနှင့် ဝန်ထမ်းအဖွဲ့တို့က မေ ၂၂ ရက်မှ စတင်တည်ဆောက်၍ လျှပ်စစ်ကြိုးများသွယ်တန်းခဲ့ရာ ဇွန် ၁ ရက်က ပြီးစီးသွားသဖြင့် ယခင်က ဓာတ်အားလိုင်းနှင့်ဝေး၍ မီးသွယ်တန်းရန် အခက်အခဲရှိနေသူများ မီတာလျှောက်ထား တပ်ဆင်သုံးစွဲလာနိုင်ပြီး အသေးစားစက်မှုလုပ်ငန်းများလုပ်ကိုင်ရန် ဓာတ်အားအပြည့်အဝရရှိနေပြီဖြစ်ကြောင်း သိရသည်။

ဖြူး-မြင့်ဦး

မိုးနဲမြို့တွင် မွေးမြူရေးစရိတ်များ ထုတ်ချေး

မိုးနဲ ဇွန် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့နယ်၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မွေးမြူရေးစရိတ်ချေးငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးခြင်းအခမ်းအနားကို မြို့နယ်ကမ္ဘောဇခန်းမ၌ ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နို့စားနွားမွေးမြူရေးအစုအတွက် ငွေကျပ် ၁၃၅ သိန်း၊ ငါးမွေးမြူရေးအစုအတွက် ငွေကျပ် ၈၄ သိန်း၊ အသားစားနွားမွေးမြူရေးအတွက် ငွေကျပ် ၆၃ သိန်း၊ ဥစားကြက်မွေးမြူရေးအတွက် ငွေကျပ် ၁၈ သိန်းကို အစုအဖွဲ့အလိုက် ချေးငွေများကိုတာဝန်ရှိသူများက မွေးမြူရေးအစုအဖွဲ့ ၁၈ ဖွဲ့အတွက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ

ဆည်ရေသောက်နှမ်းများအောင်မြင်ဖြစ်ထွန်း၍တောင်သူများဝမ်းသာ

ပွင့်ဖြူ ဇွန် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသများ၌ ဆည်ရေသောက်နှမ်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။ ပွင့်ဖြူမြို့နယ်အတွင်း အပူချိန်မြင့်မား၍ စပါးခင်းများ၌ ရွက်ဖျားခြောက်ရောဂါများ ဝင်ရောက်ခဲ့သောကြောင့် တောင်သူများ စိုးရိမ်စိတ်များ ဝင်ခဲ့ကြရသော်လည်း တစ်ဖက်မှ နှမ်းခင်းများ အောင်မြင်ဖြစ်ထွန်းခြင်းကြောင့် စိတ်သက်သာရာရခဲ့ကြရသည်။

"နှမ်းခင်းတွေက မနှစ်ကထက်ပိုကောင်းတယ်၊ ဈေးကတော့ တက်လိုက်ကျလိုက် ဖြစ်နေတယ်၊ အရင်နှစ်ထက်စာရင်တော့ တစ်တင်းကို ငွေကျပ် ၂၀၀၀ လောက်ဈေးကွာနေတယ်၊ ခုချိန်က နွေစပါးစိုက်ချိန်ဖြစ်တဲ့အတွက် အမြင့်ပိုင်းရောက်ပြီး ရေမဝင်နိုင်တဲ့ လယ်ကွက်တွေမှာ နှမ်းကြဲကြပါတယ်၊ နှမ်းကတော့ သီးညှပ်အနေနဲ့ပေါ့၊ နှမ်းစိုက်ရတာ ကျွန်တော်တို့အတွက် ကုန်ကျစရိတ်သက်သာပြီး တွက်ခြေပိုကိုက်တယ်၊ နွေစပါးက အရင်းအနှီးများတယ်လေ အမှိုက်ပေါတဲ့နှစ်ဆိုရင် အမှိုက်ကောက်ခနဲ့တင်မနည်းဘူး။ စပါးရိတ်ပြီးတဲ့အခါမှာလည်း လယ်ကွက်ထဲက ပျော့နေတော့ ကောက်လှိုင်းတွေကို လမ်းပေါ်ကိုသယ်ရတာ၊ အဲဒီစရိတ်ကလည်းထပ်ပြီး အပိုကုန်တယ်လေ၊ နှမ်းခင်းတွေကကောင်းတော့ စရိတ်ပြန်ဖာမိတာပေါ့ " ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသများတွင် ဆီအိုးကြီးဟုတင်စားခေါ်ဝေါ်သောအညာဒေသရှိ တောင်သူများက နှမ်းနှင့် မြေပဲကို အဓိကထား စိုက်ပျိုးကြသည့်အပြင် စပါး၊ ကုလားပဲ၊ ငရုတ်၊ ပြောင်း စသည်တို့ကိုလည်း စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြသည်။

ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ကျေးရွာမှ တောင်သူ ဦးနိုင်ထွန်းဦးက "နှမ်းကို တန်ခူး၊ ကဆုန်လထဲမှာ ကြဲပါတယ်၊ နှမ်းကြဲရန် ရေကိုအရင်သွင်းပြီး အောက်ခံဆေးပက်ပေးပါတယ်၊ နှမ်းကြဲပြီး တစ်လသားလောက်မှာ အပင်သန်ဆေးဖျန်းပေးပါတယ်၊ နောက်ထပ် ၁၅ ရက်အကြာမှာတော့ အဖူး၊ အပွင့်ဆေးကို ထပ်မံဖျန်းပေးပါတယ်၊ ရိတ်သိမ်းချိန်ကတော့ ဝါဆို၊ ဝါခေါင်လောက်မှာ ရိတ်သိမ်းရပါတယ်။ ခုဆို သီးချင်းတွေတက်နေပြီလေ၊ နှမ်းခင်းတွေကတော့ မနှစ်ကထက်ပိုပြီး ကောင်းကြပါတယ်၊ နှမ်းစိုက်ရတဲ့အတွက် ကုန်ကျစရိတ်သက်သာတယ်၊ ကောင်းရင် တစ်ဧကကို ၁၄ တင်းနဲ့ ၁၅ တင်းကြားမှာထွက်တယ်၊ တစ်ဧကကို နှမ်း နှစ်ပြည်နဲ့ သုံးပြည်ကြား ကြဲရပါတယ်။ ကုန်ကျစရိတ်က ရိတ်ပြီးသိမ်းပြီး ၈၀၀၀၀ ဝန်းကျင်လောက်ပဲ ကုန်ကြပါတယ်၊ နှမ်းဈေးက မငြိမ်တော့ ဈေးကျမှာကိုတော့ နည်းနည်း စိုးရိမ်နေမိပါတယ်"ဟု ပြောသည်။

ရာသီဥတုဖောက်ပြန်မှု မိုးနောက်ကျ၍ ကိုင်းမြေများတွင် စိုက်ပျိုးချိန် နောက်ကျခဲ့ရသည့်အတွက် တစ်ပူပေါ် တစ်ပူဆင့် ဆိုသလို စိုးရိမ်စိတ်ဝင်ခဲ့ကြရသော်လည်း ဆည်ရေသောက်နှမ်းများ အောင်မြင်ဖြစ်ထွန်းသောကြောင့် စိတ်ချမ်းသာခဲ့ရသည်။ သီးနှံပေါ်ချိန်၌လည်း ဈေးကောင်းရရန် မျှော်လင့်နေလျက်ရှိသည်။

"ယခုနှစ်မှာ နှမ်းဈေးကမငြိမ်ဘူး၊ တက်လိုက်ကျလိုက်ဖြစ်နေတယ်၊ အရင်ရက်ပိုင်းကတော့ ဈေးနည်းနည်းအေးနေသေးတယ်၊ ခုရက်ပိုင်းကတော့ ဈေးပြန်တက်လာပါတယ်၊ ယခုအချိန်ထိ နှမ်းဈေးတွေကတော့ နှမ်းဖြူတစ်တင်းလျှင် ၄၇၀၀၀ နှုန်း၊ နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၄၉၀၀၀ နှုန်းနှင့် နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ နှုန်း စသည်ဖြင့် ရောင်းချရပါတယ် "ဟု ငွေစင်ရော်ပွဲရုံမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။



သတင်းဆောင်းပါး-ဇူလိုင်မိုး

ဓာတ်ပုံ-ချစ်သမီး

ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ နို့တိုက်ကျွေး

နေပြည်တော် ဇွန် ၂၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အစီအစဉ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တိုးချဲ့နို့တိုက်ကျွေးခြင်းများကို ၂၀၁၄ခုနှစ် ဇွန် ၂ရက်နေ့မှစ၍ ကျောင်းဖွင့်ရက်များတွင် တိုက်ကျွေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာခင်ဇော်၊ မြို့နယ်ဦးစီးမှူး၊ သက်ဆိုင်ရာအခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ဟားခါးမြို့ အခြေခံပညာ အလယ်တန်းကျောင်းအပါအဝင် ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်နှင့် မြို့နယ်ခွဲလေးမြို့နယ်တို့ရှိ အခြေခံပညာ ကျောင်းများသို့သွားရောက် တိုက်ကျွေးလျက်ရှိပြီး (CP Meiji)ကုမ္ပဏီမှ လှူဒါန်းသော UHT နို့ဘူးပေါင်း ၁၁၅၇၇၆ ဘူးကို တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(မြေတိုင်း၂၃အိုင်)၊ မြေကွက်အမှတ်V-၁၆၃၊ မြေကွက်တည်နေရာအမှတ် ၃၆၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ် ဦးကြည်အမည်ပေါက် နှစ်၉၀မြေငှားဂရန်မြေကွက်အား အမည်ပေါက် ဦးကြည်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မြင့်မြင့် ၁၂/အလန(နိုင်)၀၂၈၁၇၀မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၅၇၁/၂၉-၅-၂၀၁၄ဖြင့် ဒေါ်ခင်ဌေးလွင် ၁၂/အလန(နိုင်)၀၂၈၁၅၄အား လွှဲအပ်၍ မှတ်ပုံတင်မိတ္တူ၊ သေစာရင်းမိတ္တူ၊ ဂရန်မိတ္တူ၊ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတို့ကိုတင်ပြပြီး ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အိုးအိမ်)၊ မြေကွက်အမှတ်(၄၀၄)၊ မြေကွက်တည်နေရာအမှတ်(၄၀၄)၊ ရှခင်းသာလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်(ဦးသင်းလှိုင်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသင်းလှိုင်(ဖခင်)နှင့် ဒေါ်ထွန်း (မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဦးစန်းသွင် ၁၂/ဗဟန(နိုင်)၀၈၅၀၆၀၊ ၂။ ဦးတင့်လွင်(ခ)ဦးတင်မြင့်စိုး ၁၂/သဃက(နိုင်)၀၃၁၁၉၆၊ ၃။ ဦးအောင်လွင် ၁၂/သကတ (နိုင်)၀၃၄၀၄၂၊၄။ဦးစိန်လွင်၁၂/သဃက(နိုင်)၀၈၀၅၅၄၊၅။ဒေါ်အေးအေးသန့်၁၂/သကတ(နိုင်)၁၄၄၁၉၂၊၆။ဦးကျော်ထင် ၁၂/သကတ(နိုင်)၁၉၂၇၃၃၊ ၇။ ဒေါ်အေးအေးစန်း ၁၂/ သကတ(နိုင်)၁၄၄၃၆၇၊ ၈။ ဦးသိန်းလွင် ၁၂/သကတ(နိုင်)၀၈၂၆၇၁ထံမှ အထွေထွေကိုယ်စားလှယ်စာအမှတ် (၁၂၄၂၆/၂၀၁၃)နှင့် (၁၂၄၂၅/၂၀၁၃) (၂၀၈၇၇/၂၀၁၃)ရရှိသူ ဦးသိန်းဌေး ၁၂/သကတ(နိုင်)၀၇၉၇၂၆က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၇၊ မြေကွက်အမှတ်၁၀၉၈၊မြေကွက်တည်နေရာအမှတ်၁၀၉၈၊ (၃၇)ရပ်ကွက်၊ ဒဂုံမြောက် ဦးသိန်းမြင့် TRY-၀၂၃၃၇၆အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းမြင့်TRY-၀၂၃၃၇၆ကိုယ်တိုင်မှ နှစ်၆၀ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မြို့နယ်ထောက်ခံချက်နှင့် တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၉၂၃၇/၁၄ (၃၁-၃-၂၀၁၄)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ခင်သန္တာလွင် ၁၂/လမန(နိုင်)၀၁၈၆၁၇မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ၎င်းပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားရာခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၈B²၊မြေကွက်အမှတ် ၆၉/၃၊ မြေကွက်တည်နေရာအမှတ် ၄၀၊ ဂန္ဓမာလမ်း၊ စမ်းချောင်းမြို့နယ်(ဒေါ်ခင်လှ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်လှနှင့်ခင်ပွန်း ဦးစိန်ထီး၊ သမီးများဖြစ်သော ဒေါ်နုနုကြည် (အပျိုကြီး)နှင့် ဒေါ်မြတ်ဖြူ(အပျိုကြီး)ဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် ဦးမြတ်သူ ၁/မကတ (နိုင်)၀၅၈၉၂၅၊ ဒေါ်မြတ်မူ ၁၂/စခန(နိုင်)၀၃၀၂၈၁၊ ဒေါ်မြတ်ကြူ ၅/ပလန(နိုင်)၀၁၁၉၇၅၊ ဦးဌေးလှိုင် ၁၂/စခန(နိုင်)၀၀၁၅၂၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့ထံမှGP၁၂၂၈၇/၈-၅-၂၀၁၄ဖြင့် ရရှိသူ ဦးရဲလှ ၁၂/သကတ(နိုင်)၀၅၂၅၆၉ကပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း ပါဝါမရုပ်သိမ်းခြင်းမရှိကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းအမှတ်၁၂၊ မြေကွက်အမှတ် ၄၀၁၊ မြေကွက်တည်နေရာအမှတ် ၄၀၁၊ ၁၂ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်ဖြူဖြူခိုင်(ခ)ဒေါ်ခင်ဖြူ နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ဖြူဖြူခိုင်(ခ)ဒေါ်ခင်ဖြူ ၁၂/စခန(နိုင်)၀၄၃၂၉၈ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၅၉၂(၂၂-၁၁-၂၀၁၃)ဖြင့် ရရှိသူ ဦးသက်နိုင်လွင် ၁၂/အလန(နိုင်)၀၀၇၈၁၈ မှ နှစ် ၆၀ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက် ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာများတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၅/သမိုင်း မြေကွက်အမှတ်(၁/ခ၇၉)၊မြေကွက်တည်နေရာအမှတ် ၁၁၁/၇(ဘီ)၊ရွှေနှင်းဆီလမ်းသွယ်(၅)၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးသောင်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းကွယ်လွန်သဖြင့် ဒေါ်သန်းလှ ၁၂/မရက(နိုင်)၀၆၂၀၅၈ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)တောင်၊မြေကွက်အမှတ် ၁၆၄၃/က၊ မြေကွက်တည်နေရာအမှတ်၁၆၄၃/က၊ သာလာဝတီ၄လမ်း၊(၁၀)တောင်၊ သာကေတ(ဦးချစ်ဆွေ) အမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးချစ်ဆွေ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မေဝင်း ၁၂/အစန(နိုင်)၁၀၇၀၉၇ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၄၄/၁၄) ရသူ ဒေါ်စပ်သူဇာကြည် ၁၃/တက(နိုင်)၀၄၅၅၉၇မှ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁)၊မြေကွက်အမှတ်၁၂၂/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၂/ခ၊ ကန်တော်မင်လမ်း၊ ရွှေပြည်သာမြို့နယ် ပါမစ်မြေအား အမည်ပေါက် ဦးမျိုးမြင့် ၁၂/လမတ(နိုင်) ၀၀၉၈၆၄ ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၉၊မြေကွက်အမှတ်၂၀၇၊ မြေကွက်တည်နေရာ အမှတ်၂၀၇၊ မင်းလမ်းလမ်းသွယ်၊ (၂၉)ရပ်ကွက်၊ ပါမစ်မြေအား အမည်ပေါက် ဒုဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း) ၁၃/နခတ(နိုင်)၀၀၃၁၆၂ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးသွားပါ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးဒေါင့်ကန်၊ မြေကွက်အမှတ် ၆၂၂၊ မြေကွက်တည်နေရာအမှတ် ၇၃၉၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း (ဦးအေးတင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအေးတင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးဂေါ့စ်မာမက် ၁၂/ကတတ(ဧည့်) ၀၀၀၆၇၉က ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)နှင့် မန္တလေး သဘင်ပညာရှင်များ ဆွေးနွေး

မန္တလေး ဇွန် ၂၁

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို) နှင့် မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးမှ သဘင်လုပ်သားထုများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက်က မန္တလေး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်ရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌက မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ သဘင်ပညာရှင်များအစည်းအရုံး၊ ဇာတ်၊ အငြိမ့်၊ ဆိုင်းများမှ သဘင်လုပ်သားထုများနှင့် တွေ့ဆုံညှိနှိုင်းလျက် လုပ်ငန်းများ အဆင်ပြေအောင် ဆောင်ရွက်နေပါကြောင်း၊ သဘင်အနုပညာရှင်များ၏ သားသမီးများပညာရေးအတွက် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ပညာရေးဖောင်ဒေးရှင်းကိုဖွဲ့စည်းထားကြောင်း၊ သဘင်ပညာရှင်များ အသေးစားချေးငွေရရှိရန် သမဝါယမဦးစီးဌာနနှင့် ပူးပေါင်းချိတ်ဆက်ထားကြောင်း၊ သဘင်အနုပညာရှင်များဆုံးရှုံးမှုတန်ဖိုးမရှိစေရန်လည်း အာမခံလုပ်ငန်းနှင့် ချိတ်ဆက်ထားကြောင်း၊ သဘင်ပညာရှင်များ ဘဝအာမခံချက်ရရှိရေးနှင့် လုံခြုံမှုရှိစေရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သဘင်အစည်းအရုံးမြေနေရာများရရှိရေးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့များတွင်ဇာတ်သဘင်များဖြစ်မြောက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုသဘင်အစည်းအရုံးမှ သဘင်အနုပညာရှင်များရပ်တည်မှုခိုင်မာစေရန်အတွက် လုပ်ငန်းများဆောင်ရွက်နေသကဲ့သို့ သဘင်အနုပညာရှင်များအနေဖြင့် သဘင်စည်းမျဉ်း၊ စည်းကမ်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒေါ်နုနုဝင်းနှင့် ဧရာမြန်မာအာမခံကုမ္ပဏီမှ ဒေါ်လှယဉ်ကျေးတို့က လုပ်ငန်းအလိုက်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ဗဟိုအစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ မြေလတ်ဦးစောလှိုင်က ဇာတ်သဘင်တင်ဆက်မှု စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကိုလည်းကောင်း၊ ဦးဝင်းမောင်က ဆိုင်းလုပ်ငန်းသမားစဉ် စည်းမျဉ်း၊ စည်းကမ်းများရေးဆွဲပြဋ္ဌာန်းနိုင်ရေးကိုလည်းကောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ဇာတ်အဖွဲ့၊ ဆိုင်းအဖွဲ့နှင့်အငြိမ့်အဖွဲ့များ၏ သိရှိလိုသော မေးမြန်းချက်များကို ဗဟိုအစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ပန်တျာဦးမြကြိုင်၊ ဒုတိယဥက္ကဋ္ဌ မြေလတ်ဦးစောလှိုင်၊ အတွင်းရေးမှူးသရေစည်သူ ဒေါ်နွဲ့နွဲ့စန်းနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး သဘင်လုပ်ငန်းရှင်များအစည်းအရုံးဥက္ကဋ္ဌ ပန်တျာစိန်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်များမှ ဇာတ်၊ အငြိမ့်နှင့် ဆိုင်းအဖွဲ့တို့မှ သဘင်လုပ်သားများ တက်ရောက်ကြသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

တယ်လီနော နှင့် ဆမ်ဆောင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်လက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၂၁

တယ်လီနောမြန်မာနှင့် ကမ္ဘာ့နံပါတ်တစ် မိုဘိုင်းပစ္စည်းထုတ်လုပ်သူ Samsung Electronics တို့ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို ရန်ကုန်မြို့ရှိ တယ်လီနောရုံးချုပ်၌ နှစ်ဖက်ကုမ္ပဏီမှ အကြီးတန်းအရာရှိများက ဇွန် ၁၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

"ဆက်သွယ်ရေးကဏ္ဍမှာ တယ်လီနောနဲ့ ဆမ်ဆောင်းအတွက် ပူးပေါင်းဆောင်ရွက်မှုက အခွင့်အလမ်းများစွာကို စတင်လိုက်တာပဲ ဖြစ်ပါတယ်။ မြန်မာပြည်သူတွေအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုကို ဆမ်ဆောင်းနဲ့အတူ လက်တွဲဆောင်ရွက်ရမှာ ဝမ်းမြောက်မိပါတယ်" ဟု တယ်လီနောမြန်မာ CEO Mr. Petter Furberg ကပြောသည်။

တယ်လီနောမြန်မာနှင့် ဆမ်ဆောင်းတို့ ပူးပေါင်း၍ ဈေးကွက်ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းကတ်နှင့် မိုဘိုင်းဟန်းဆက်ကို တစ်ပါတည်း ဈေးနှုန်းသင့်တင့်မျှတစွာ ပူးတွဲရောင်းချမှုများနှင့် အရောင်းမြှင့်တင်ရေး ဆောင်ရွက်မှုများကို လက်တွဲအကောင်အထည်ဖော်သွားမည်ဖြစ်ကာ ကုမ္ပဏီနှစ်ခုလုံး၏ မြန်မာဈေးကွက်တွင် လက်တွဲဆောင်ရွက်နေမှုကို ပိုမိုခိုင်မာလာအောင် ဆောင်ရွက်ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

Samsung Electronics Myanmar ၏ Managing Director Mr. Nam Sik Ahn ကလည်း "တယ်လီနောနဲ့ ဆမ်ဆောင်းက ဈေးကွက်ဝန်ဆောင်မှုမှာ တစ်ဦးနှင့်တစ်ဦး လက်တွဲညီညီ ဆောင်ရွက်သွားမှာဖြစ်ပြီး အခုပူးပေါင်းမှုကလည်း ကုမ္ပဏီနှစ်ခုလုံးရဲ့ မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ပိုမိုခိုင်မာလာစေမှာ ဖြစ်ပါတယ်" ဟု ပြောကြားကာ ယခုပူးပေါင်းဆောင်ရွက်နိုင်မှုအတွက် ဝမ်းမြောက်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ ခေတ်မီဆန်းသစ်ပြီး တန်ဖိုးရှိတဲ့ ဝန်ဆောင်မှုတွေကို အများပြည်သူအတွက် ပေးအပ်ဖို့ပါပဲ။ ဆမ်ဆောင်းဟာလည်း ကုမ္ပဏီနှစ်ခုလုံးရဲ့ နည်းပညာဆိုင်ရာ ရည်မှန်းချက်များကို ပြည့်ဝစေဖို့အတွက် မိမိတို့ရဲ့ လက်တွဲဖော်ကောင်းတစ်ဦးဖြစ်တယ်လို့ ယုံကြည်ပါတယ်" ဟု တယ်လီနော မြန်မာ၏ Chief Marketing Officer Mr. Sharad Mehrotra က ပြောကြားခဲ့သည်။

တယ်လီနောမြန်မာသည် ဆက်သွယ်ရေးလိုင်စင်ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် မြန်မာပြည်သူများအတွက် လွယ်ကူစွာ ရရှိနိုင်ပြီး လက်လှမ်းမီသော ဈေးနှုန်းဖြင့် မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုများ ပေးအပ်သွားမည် ဟု သိရသည်။

သွန်းဝသန်

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် Public Digital Library Service ကို ဇွန် ၁၈ ရက်က စတင်အသုံးပြုနိုင်ခဲ့ပြီးနောက် ဒေသခံများက တယ်လီဖုန်း၊ Tablet များဖြင့် စာအုပ်များ လာရောက်ဖတ်ရှုနေကြစဉ်။ နန်းဦးခမ်း (ဟိုပုံး)

ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဆင်းပွဲကျင်းပ

လားရှိုး ဇွန် ၂၁

ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဆင်းပွဲကို လားရှိုးမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဇွန် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းကို ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို)က လားရှိုးမြို့ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့နှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းဆင်းပွဲတွင် လားရှိုးမြို့ နမ့်ခိုက်ကျောင်းမှ ဆရာတော်ဦးဝိမလ(ယော)က "နောက်ထပ်ဓမ္မစကူးလ်သင်တန်းတွေထပ်ဖွင့်ဖို့အတွက် နည်းပြဆရာတွေလိုအပ်နေတာမို့ သင်တန်းပေးတာပါ။ လူငယ်တွေ ကျောင်းသား ကျောင်းသူတွေကို ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း နေတတ်စေဖို့ လိုက်နာစေဖို့ဗုဒ္ဓဘာသာဝင်ကောင်းတွေဖြစ်စေဖို့ ရည်ရွယ်တာပါ"ဟု မိန့်ကြားသည်။ သင်တန်းကို လားရှိုးမြို့တွင် ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး သံဃာများ၊ သီလရှင်များ အပါအဝင် သင်တန်းသား ၆၀ တက်ရောက်ခဲ့သည်။

မမ(လားရှိုး)

မူလတန်းအဆင့်သင် ကျောင်းများအား အသုံးစရိတ်ငွေများ ခွဲဝေပေး

ကျောက်ဆည် ဇွန် ၂၁

ကျောက်ဆည်မြို့နယ်အတွင်းရှိ မူလတန်းအဆင့် ကျောင်းများသို့ ရုံးသုံးပစ္စည်းများဝယ်ယူသုံးစွဲရန် ငွေကျပ် ၃၃၂၀၀၀၀၀ နှင့် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူသုံးစွဲရန် ငွေကျပ် ၃၃၂၀၀၀၀၀ တို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံသို့ ဇွန် ၁၉ ရက်က ထုတ်ပေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် မူလတန်းအဆင့်သင် မူလတန်းကျောင်း ၁၆၅ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၉ ကျောင်း၊(လယ်/ခွဲ)ကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ (ထက်/ခွဲ)ကျောင်း ငါးကျောင်းနှင့် အထက်တန်းကျောင်း ကိုးကျောင်းရှိပြီး တက်ရောက်ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူပေါင်း ၃၈၈၄၃ဦးရှိကြောင်း သိရသည်။

သက်မောင်

သာဓုအနုမောဒနာခေါ် ဆိုနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စိန်ချယ်လမ်း ပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀တိတိကို မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမီ)၊ သား ဗိုလ်မှူး ဗိုလ်ကြီးကျော်ကိုကိုရှိန်း-ဒေါ်မိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း၊ မောင်မိုးပြည့်စုံဟိန်း၊ ညီဦးမြင့်၊ တူမ ဒေါ်နိုင်နိုင်မော်နှင့် ဒေါ်အေးအေးမော်(မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)မိသားစုတို့မှ စိန်ချယ်လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့မှ ရာအိမ်မှူး ဦးမြင့်နိုင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။ ဤကုသိုလ်အား ရဟန်းရှင်လူပြည်သူများ သာဓုခေါ်ဆိုနိုင်ပါသည်။

မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု

သာဓုအနုမောဒနာခေါ် ဆိုနိုင်ပါရန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပေါက်ချိုင်းကုန်းကျေးရွာတွင် နေထိုင်လျက်ရှိသော အဘွားဒေါ်မြကြည် အသက်(၁၂၁)နှစ်ထံသို့ မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုးနှင့် ဦးအုန်းမြင့်တို့မှ အလှူငွေကျပ်တစ်သိန်းကို ဒုတိယအကြိမ်မြောက် သွားရောက်လှူဒါန်းခဲ့သောအလှူအား သာဓုခေါ်ဆိုနိုင်ရန်နှင့် လှူဒါန်းလိုသူများ သွားရောက်လှူဒါန်းနိုင်ပါသည်။

မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု

ရောင်းမည်

လက်ရှိအသုံးပြုနေသော မြေထိုးစက်
KOMATSU -D-60-3- ၁စီး
KOMATSU D-40- ၁စီး
ဖုန်း-၀၉-၂၅၉၁၆၁၀၅၈

ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အထက (၂) တက္ကသိုလ်ဝင်တန်း A-4 မှ မောင်ခင်ကျော်ဦး၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ဖြစ်ပါကြောင်း။

ဦးညွန့်ဝင်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/4766 (၃ဆ/၄၇၆၆)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၁၀၉၄ Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကိန်ဟွမ် ၁၃/ကတန(နိုင်)၀၈၈၆၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေ အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (ကျိုင်းတုံမြို့)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက် မြေတိုင်းရပ်ကွက်အမှတ် ၂၉/အဘိရာဇာ၊ မြေကွက်ဦးပိုင်အမှတ် ၆၉၊ ဧရိယာ ၀ ဒသမ ၂၈၀ ဧကရှိ ဦးဟန်လင်းအောင်အမည်ဖြင့် ပိုင်ဆိုင်သော အစိုးရပိုင်မြေကွက်အား ဦးဟန်လင်းအောင် ၉/တကန(နိုင်)၁၁၇၃၆၈ (ဘ)ဦးတင်ကျော်အောင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သီးပွံနည်းကျ စိုက်ပျိုးနည်းစနစ် ပညာပေးဆွေးနွေး

နေပြည်တော် ဇွန် ၂၁

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်တွင် ၂၀၁၄-၂၀၁၅ မြို့နယ်လုံးကျွတ် သီးပွံနည်းကျ GAP စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးရန် တောင်သူများအား ပညာပေးဆွေးနွေးပွဲကို ဇွန် ၁၈ ရက်က ကင်ပွန်းတန်းကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ၂၀၁၅ ခုနှစ်အတွင်း ပျဉ်းမနားမြို့နယ်၌ စိုက်ပျိုးမည့် မိုးစပါး ၁၅၇၀၀၀ ဧကကို GAP စနစ်ဖြင့် မြို့နယ်လုံးကျွတ် စိုက်ပျိုးရန် ဟောပြောခြင်းနှင့် အသေးစိတ်ရှင်းလင်းခြင်း၊ ပုလဲသွယ်မိုးစပါးစိုက်ပျိုးရန်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံစိုက်ပျိုးရန် ပညာပေး ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် တောင်သူများ တက်ရောက်ခဲ့သည်။

ကိုကြီးကျော်(ပျဉ်းမနား)

မြို့နယ်စည်ပင် ပန်းအလှပင်များ စိုက်ပျိုး

အိမ်မဲ ဇွန် ၂၁

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်သန့်ရှင်းသာယာလှပရေးအတွက် အိမ်မဲမြို့အဝင် နောင်ရိုးပန်းခြံနှင့် မြို့အဝင်လမ်း တစ်လျှောက်ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မလိုအပ်သော အလေ့ကျပင်များခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဇွန် ၁၈ ရက်က ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိတ္ထီလာတွင် သဒ္ဓမ္မ ပရိယတ္တိ ဗိမာန်တော်ကြီး ဆောက်လုပ်လှူဒါန်း

မိတ္ထီလာ ဇွန် ၂၁

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် သဒ္ဓမ္မဝံသာရုံ စာသင်တိုက်ကြီးတွင် သီတင်းသုံးနေထိုင်တော်မူသည့် သံဃာတော်များ ပရိယတ္တိစာဖြေစာမေးပွဲများ၊ သာသနာ့အခမ်းအနားများ ကျင်းပရာတွင် နေရာအခက်အခဲမရှိစေရေးရည်ရွယ်၍ အလှူရှင်မိသားစုတစ်စုက သဒ္ဓမ္မပရိယတ္တိဗိမာန်တော်ကြီးကို ဇွန် ၁၉ ရက်က ရေစက်ချလှူဒါန်းကြောင်း သိရသည်။

"စာသင်တိုက်အတွင်း ပရိယတ္တိစာမေးပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ကထိန်အလှူပွဲ သာသနာ့အခမ်းအနားတွေ ကျင်းပတဲ့အခါမှာ သံဃာတော်များနေရာ အခက်အခဲမရှိအောင် ရည်ရွယ်ပြီး ဗိမာန်တော်ကြီးကို ဆောက်လုပ်လှူဒါန်းတာပါ၊ စုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ ခန့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းတာပါ" ဟု အလှူရှင် မိသားစုဝင်တစ်ဦးက ပြောသည်။

အဆိုပါ သဒ္ဓမ္မ ပရိယတ္တိဗိမာန်တော်ကြီးအား ရေစက်ချလှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ ရွှေဘုံသာကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယ၊ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက်ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာ အသောကာရေလယ်တိုက်ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တလာဘဝတ္တ ဆရာတော်ကြီးများ အမှူးပြုသည့် သံဃာတော် ၂၅ ပါးကြွရောက်တော်မူပြီး ဗိမာန်တော်ကြီးအတွင်း သီတင်းသုံးတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ငါးပါးသီလနှင့်ရေစက်ချတရားတော်များ ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်တော်မူကြရာ ဗိမာန်တော်ကြီးအလှူရှင် ဈေးအရှေ့ပြင်ရပ်ကွက် ဩဇာခြံရပ်နေ ဦးဝင်းရှိန်၊ ဒေါ်ယဉ်ယဉ် မိသားစုက ရေစက်ချအမျှပေးဝေကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မန္တလေးတွင် လိုင်စင်မဲ့ဆိုင်ကယ်များ ဇူလိုင်လဆန်း နောက်ဆုံးထားမှတ်ပုံတင်ရန် အသိပေး

မန္တလေး ဇွန် ၂၁

မန္တလေးမြို့တွင် ပြည်ပမှ တရားမဝင်တင်သွင်း အသုံးပြုနေသော လိုင်စင်မဲ့ဆိုင်ကယ်များအား One Stop Service ဖြင့် လိုင်စင်ပြုလုပ်ပေးနေခြင်းကို ဇူလိုင် ၄ ရက်နောက်ဆုံးထားပြုလုပ်ပေးမည်ဖြစ်၍ ပြည်သူများအနေဖြင့် အမြန်ဆုံးလာရောက်လုပ်ဆောင်နိုင်ကြရန် မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနက အသိပေးထားကြောင်း သိရသည်။

"လိုင်စင်တွေကို One Stop Service နဲ့ လုပ်ပေးနေတာဆိုတော့ အချိန်ကုန် ငွေကုန်သက်သာပါတယ်။ ဒါကြောင့် လိုင်စင်မဲ့ဆိုင်ကယ်တွေရှိတဲ့သူတွေအနေနဲ့ ဒီအချိန်အတွင်းမှာ အမြန်လာလုပ်သင့်ပါတယ်။ လာလုပ်ကြဖို့လည်း အသိပေးထားပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင် လိုင်စင်မဲ့ဆိုင်ကယ်များကို စွယ်တော်မြတ်စေတီအနီး တောင်ပိုင်းခရိုင်ရုံးတွင် One Stop Service မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက်က စတင်ပြုလုပ်ပေးနေခြင်း ဖြစ်ပြီး ဇူလိုင် ၄ ရက်တွင် စီမံချက်ကာလကုန်ဆုံးမည်ဖြစ်၍ လိုင်စင်မဲ့ဆိုင်ကယ်လက်ဝယ်ရှိသူများအနေဖြင့် အမြန်ဆုံးလာရောက် လုပ်ဆောင်ကြရန် အသိပေးထားခြင်း ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးများတွင် လိုင်စင်ပြုလုပ်ပေးပြီးသော က၊ ည၊ န စာရင်းများအရ ဇွန် ၁၆ ရက်အထိ မန္တလေးတွင် ၃၁၆၈၁ စီး၊ မိတ္ထီလာတွင် ၇၃၁၅ စီး၊ မြင်းခြံခရိုင်တွင် ၁၂၂၅၉ စီး၊ ကျောက်ဆည်ခရိုင်တွင် ၆၆၅၂ စီး၊ ရမည်းသင်းခရိုင်တွင် ၃၀၀၈စီး၊ ပြင်ဦးလွင်ခရိုင်တွင် ၅၀၁၈ စီး ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သတင်းတိုများ

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

အိမ်မဲ ဇွန် ၂၁

အိမ်မဲမြို့နယ် ညောင်ကုန်းချောင်းဖျားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က ကျင်းပရာ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်၊ အော်ရီးရှား စိုက်ပျိုးပင်ပေါင်း ၅၃၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံပညာမူလတန်းကျောင်းခွဲများ ဖွင့်လှစ်

ရမည်းသင်း ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဝါးဖြူတောင်အုပ်စု ငါးတဲစုကျေးရွာနှင့် ကျောင်းကုန်းကျေးရွာတို့တွင် အခြေခံပညာမူလတန်းကျောင်း(ခွဲ)များ ဖွင့်ပွဲကို ဇွန် ၁၉ ရက်က ကျင်းပခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်တို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ ၁၁လုံး၊ မွန်ပြည်နယ်မှ သိုလှောင်ရုံ ၅ လုံးနှင့် ရခိုင်ပြည်နယ်မှ သိုလှောင်ရုံ ၂ လုံး စုစုပေါင်း သိုလှောင်ရုံ ၁၈ လုံးတို့အား မြေမပါ ဈေးပြိုင် တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ နှစ်လုံးတွဲ နစ်ဆန်း သိုလှောင်ရုံ(၁၀) လုံးနှင့် ဇလွန်မြို့နယ်မှ သို့လှောင်ရုံ(၁)လုံး**

Lot(1) (၁) (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) **(နှစ်လုံးတွဲ)**နစ်ဆန်း-၁၊ နစ်ဆန်း-၂၊ နစ်ဆန်း-၃၊ နစ်ဆန်း-၄၊ နစ်ဆန်း-၅၊ ပိုးလောင်းကျေးရွာ၊ မြောင်းမြမြို့နယ်

Lot(2) (၂) (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) **(နှစ်လုံးတွဲ)**နစ်ဆန်း-၆၊ နစ်ဆန်း-၇၊ နစ်ဆန်း-၈၊ နစ်ဆန်း-၉၊ နစ်ဆန်း-၁၀၊ ပိုးလောင်းကျေးရွာ၊ မြောင်းမြမြို့နယ်

Lot(3) (၃) (၁၄၄'×၅၀'×၁၄') (သွပ်၊ ပျဉ်၊ ပျဉ်) ၁/၈၆ ဆန်စက်အမှတ်-၂၉၇၀ဝင်း ညောင်ပင်ဈေးရပ်၊ စက်ကြီးလမ်း၊ ဇလွန်မြို့

(ခ) **မွန်ပြည်နယ်၊ ပေါင်မြို့နယ်မှ သိုလှောင်ရုံ(၅)လုံး**

Lot(4) (၁) (၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ဝါး) (စည့်-၈) (စည့်-၉) စက်-၀၃၆ဝင်း ကျွဲခြံ ပေါင်မြို့နယ်

Lot(5) (၂) (၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ဝါး) (စည့်-၁၃) စက်-၀၄၇ဝင်း ကျွဲခြံပေါင်မြို့နယ်

Lot(6) (၃) (၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ဝါး) (စည့်-၁၄) (စည့်-၁၅) စက်-၀၃၅ ဝင်း ကျွဲခြံပေါင်မြို့နယ်

(ဂ) **ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်မှ သိုလှောင်ရုံ (၂)လုံး**

Lot(7) (၁) (၄၀'×၂၀'×၁၂') (သွပ်၊ သွပ်၊ ကွန်)(မြေက-၂၆) ရွာမ တောင်ကုတ်မြို့နယ်
(၂) (၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ဝါး) (စည့်-၃၇) ရွာမ တောင်ကုတ်မြို့နယ်

(ဃ) **တင်ဒါရောင်းချမည့်ရက်** - ၂၃-၆-၂၀၁၄ရက်မှ ၂-၇-၂၀၁၄ရက်အထိ
အချိန် - ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ

(င) **တင်ဒါစည်းကမ်းရှင်းလင်းမည့်ရက်/အချိန်** - ၃-၇-၂၀၁၄ ရက်၊ မွန်းတည့် ၁၂ နာရီ

(စ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃-၇-၂၀၁၄ ရက် ၁၃း၀၀ နာရီ

(ဆ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ပုသိမ်မြို့၊ မွန်ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး၊ စစ်တွေမြို့

(ဇ) **Deposit ပေးသွင်းရမည့်နေရာ** - Deposit ငွေ Lot (1)ကျပ် သိန်း ၁၅၀၊ Lot(2) ကျပ် သိန်း ၁၅၀၊ Lot (3)ကျပ် သိန်း ၆၀၊ Lot (4)ကျပ်သိန်း ၃၀၊ Lot (5)ကျပ်သိန်း ၂၀၊ Lot (6)ကျပ်သိန်း ၃၀၊ Lot (7) ကျပ်သိန်း၃၀တို့ကို ရန်ကုန်မြို့ မြန်မာနိုင်ငံသားများဘဏ်၊ နေပြည်တော်၊ မြန်မာနိုင်ငံသားများဘဏ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ရခိုင်ပြည်နယ်စစ်တွေမြို့ မြန်မာ့စီးပွားရေးဘဏ်တို့တွင် (P.O) Cheque ဝယ်ယူပေးသွင်းရမည်။

(ဈ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၅၂)၊ နေပြည်တော်

(ည) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၄၅၂၀၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၄၃၁၈၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ဖုန်း-၀၄၃-၂၃၄၂၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရာဇမိရာဇ်၊ မြေကွက်/ ဦးပိုင်အမှတ် ၁၀ᵃ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးအောင်ဇော်လတ်အမည်ဖြင့်ပိုင်ဆိုင်သော ဂရန်မြေမြေကွက်အား ဦးကိုကိုလေး-ဒေါ်ရှမ်း ၇/ရကန(နိုင်)၀၁၀၅၄၄+၉/တကန(နိုင်)၀၁၂၉၆၆ (ဘ)ဦးရာဆင်+ ဦးစံမှတ်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

(a) Tender No.5, 6, 7/ HPGE/ 14-15 (Carbon Brush), (Pump)& (Compressor)
(b) Tender No.8, 9, 10/ HPGE/ 14-15 (Chiller), (Cooler for Air & Oil) & (Bearing)
(c) Tender No.11/ HPGE/ 14-15(Circuit Breaker for 11 kV)
(d) Tender No.12/ HPGE/ 14-15 (Control & Other Electric Parts)
(e) Tender No.13/ HPGE/ 14-15(Spare Parts for Kabaung)
(f) Tender No.14/ HPGE/ 14-15 (Spare Parts for Shwekyin)
(g) Tender No.15/ HPGE/ 14-15 (Spare Parts for Tigyit)
(h) Tender No.16/ HPGE/ 14-15 (Spare Parts for Yeywa)
(i) Tender No.17/ HPGE/ 14-15 (Spare Parts for Kunchaung)
(j) Tender No.18/ HPGE/ 14-15 (Spare Parts for Paung Laung)
(k) Tender No.19/ HPGE/ 2014-2015- Single Core UG Cable (33 kV 400mm, 150 mm & 11 kV 70 mm)
(l) Tender No.20/ HPGE/ 2014-2015- Diesel (HSD) 55,000 Gallon

၂။ Tender No-5 မှ 19 အထိ တင်ဒါပိတ်ရက်မှာ ၂၄-၇-၂၀၁၄ ဖြစ်ပါသည်။ Tender No.20 အတွက် တင်ဒါပိတ်ရက်သည် ၉-၇-၂၀၁၄ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၂၇ ၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈

ဒေသဖွံ့ဖြိုးရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံများတွေ့ဆုံ

မော်လူး ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ ဖွံ့ဖြိုးရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၊ ခရိုင်ရဲမှူးကြီး ဦးစိုးမြင့်၊ မြို့နယ်ဒုအုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်နှင့် ဌာနဆိုင်ရာအဖွဲ့များပါဝင်သောအဖွဲ့သည် မော်လူးဒေသမှ တာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မော်လူးဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်ကြရန်၊ လိုအပ်မှုများရှိပါကလည်း မြို့နယ်၊ ခရိုင်သက်ဆိုင်ရာဌာနအလိုက် တင်ပြတောင်းဆိုကြရန် ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

ခရိုင်ရဲမှူးကြီးကလည်း မူးယစ်ဆေးဝါး တားဆီးကာကွယ်ခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးသုံးစွဲသူများ ဆေးဖြတ်လိုပါကလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများက ကာယကံရှင်မိဘများနှင့် ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးရန်၊ တရားမဝင်သစ်များ၊ မူးယစ်ဆေးဝါးများဖမ်းဆီးခြင်းလုပ်ငန်းများတွင်လည်း တာဝန်ရှိသူများက ပြည်သူများ ပူးပေါင်းပါဝင်မှုရှိလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရန်ပြောကြားခဲ့သည်။

ထို့နောက် မော်လူးဒေသမှ ရပ်မိရပ်ဖတစ်ဦးက ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းကြီး ဖြတ်သန်းရာ မော်လူးအဝင် တံတားအမှတ် ၁၆၂/၁၀ မှာ ခိုင်ခံ့မှုမရှိခြင်း၊ မြို့တွင်းလမ်းများ ကျဉ်းမြောင်းနေခြင်းတို့ကို သင့်လျော်သလို ဆောင်ရွက်ပေးစေလိုကြောင်း ပြောဆိုဆွေးနွေးပြောကြားခဲ့သည်။

ခင်မောင်ဆွေ(မော်လူး)

လားရှိုးမြို့တွင် တီဘီလူနာရှာဖွေခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

လားရှိုး ဇွန် ၂၁

၂၀၁၄ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် တီဘီလူနာရှာဖွေကာ ပျောက်ကင်းအောင်ကုသပါဟူသည့် ဆောင်ပုဒ်နှင့်အညီ တီဘီလူနာရှာဖွေခြင်းလုပ်ငန်းများကို လားရှိုးမြို့တွင် ဇွန် ၁၈ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနမှသိရသည်။

လားရှိုးမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခိုင်စန္ဒာအောင်က "တီဘီလူနာရှာဖွေခြင်းအစီအစဉ်အရ လားရှိုးမြို့ပေါ် ရပ်ကွက် ၁၂ ခုရှိ ပြည်သူများကို တီဘီရောဂါရှိ မရှိစစ်ဆေးပေးမှာပါ၊ တီဘီရောဂါစစ်ဆေးနိုင်ဖို့ သလိပ်ခွက်တွေကြိုတင်ဝေထားပါတယ်၊ စစ်ဆေးချင်တဲ့သူတွေ သံသယရှိသူတွေကို သလိပ်ပိုး စစ်တာ၊ ကွန်ပျူတာ ဓာတ်မှန်ရိုက်စစ်ဆေးတာတွေ လုပ်ဆောင်ပေးမှာပါ၊ ရောဂါရှိတယ်လို့စစ်ဆေးတွေ့ရရင် တီဘီဆေးပေးပြီး ချက်ချင်းကုသပေးမှာပါ"ဟုပြောသည်။ ဒေသခံပြည်သူများအား တီဘီရောဂါနှင့်ပတ်သက်သည့် အရေးကြီးသတင်းစကားအချက်အလက် ၁၁ ချက်ကို ကြိုတင်ဝေငှအသိပေးထားကြောင်းနှင့် ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ လားရှိုးမြို့ပေါ်ရှိ သက်ဆိုင်ရာရပ်ကွက်များတွင် နံနက် ၉ နာရီမှ

ညနေ ၄ နာရီအထိစစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လူဦးရေသန်း ၆၀ ကျော်အနက် နှစ်စဉ်တီဘီလူနာနှစ်သိန်း သုံးသောင်းခန့် ဖြစ်ပွားနေကြောင်း၊ ၂၀၁၃ ခုနှစ်တွင် တီဘီလူနာ တစ်သိန်းလေးသောင်းကျော်ကိုသာ ရောဂါရှာဖွေကုသပေးနိုင်ခဲ့သဖြင့် ပြည်သူထဲတွင် ကိုးသောင်းခန့် ဆေးကုသရန် လိုအပ်နေသည်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၏ မိန့်ခွန်းတွင်ဖော်ပြထားခဲ့သည်ကို အကောင်အထည်ဖော်လုပ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသည်။

မမ(လားရှိုး)

ရဲစခန်းဆောက်ထားသည့်မြေနေရာ ဂေါပကအဖွဲ့ထံ ပြန်လည်လွှဲပြောင်းပေးအပ်

ဂန့်ဂေါ ဇွန် ၂၁

ဂန့်ဂေါခရိုင် ဆောမြို့နယ်ကျောက်ထုမြို့နယ်(ခွဲ)ရဲစခန်း မြေနေရာသည် သမိုင်းဝင် ရန်ကင်းတောင်ဆုတောင်းပြည့်မြတ်စွာဘုရား၏ ဝတ္တကမြေနေရာဖြစ်နေသည့်အတွက် အဆိုပါမြေနေရာကို ဘုရားဂေါပကအဖွဲ့သို့ ဇွန် ၁၄ ရက်က စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ရဲစခန်း ဆောက်လုပ်ထားသည့်မြေနေရာအား ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇွန် ၁၄ ရက်က ကျောက်ထုမြို့ မြို့မရပ်ကွက် ဓမ္မရက္ခိတကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ရဲစခန်းဆောက်လုပ်ခဲ့သည့် မြေ ၄ ဒသမ ၇၂ ဧကကို ဆောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်က ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြို့စိန်ထံ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြို့စိန်က လက်ခံရယူပြီး ယခုကဲ့သို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နေရာတွင် ရဲစခန်းဆောက်လုပ်ထားသည်မှာ ဘုရားမြေဖြစ်နေသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ညွှန်ကြားချက်အရ ဘုရားဂေါပက အဖွဲ့သို့ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် ရဲစခန်းကို မြေနေရာအသစ်တွင် ပြန်လည်ဆောက်လုပ်ပြီး ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

လွှဲပြောင်းပွဲသို့ မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြ၍ ဌာနဆိုင်ရာ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ရန်ကင်းတောင်ဆုတောင်းပြည့်ဘုရားမှ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(၁၀၁)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကယားပြည်နယ်အစိုးရ
အခြေခံပညာကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် အခြေခံပညာကျောင်းများ၌ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	မြို့နယ်	အဆောက်အအုံဦးရေ
၁	လွိုင်ကော်	၄
၂	ဒီးမော့ဆို	၃
၃	ဖရူဆို	၃
၄	ရှားတော	၃
၅	ဘောလခဲ	၃
၆	ဖားဆောင်း	၃
၇	မယ်စဲ့	၁
	စုစုပေါင်း	၂၀

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၈-၆-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၇-၂၀၁၄ရက် (၁၆း၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
ကယားပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၊ လွိုင်ကော်မြို့

၄။ အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၉-၂၅၆၁၄၀၆၀၉၊ ၀၈၃-၂၂၄၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)ဆေးဝါး စက်ရုံ(ရန်ကုန်)အတွက် အောက်ပါလုပ်ငန်းခြောက်ခုအား တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရေဂါလန်(၂၅၀၀၀)ဆံ့ ရေစင်တည်ဆောက်ခြင်း

(ခ) Waste Water Treatment Plant အတွက် အုတ်ရေမြောင်း တည်ဆောက်ခြင်း

(ဂ) ဘွိုင်လာနှင့်ရေသန့်စင်စနစ်ထားရှိမည့် အဆောက်အအုံတည်ဆောက်ခြင်း

(ဃ) ရေဂါလန်(၁၀၀၀၀)ဆံ့ သံရေစင်တည်ဆောက်ခြင်း

(င) ကတ္တားချိန်တွယ်မည့် အဆောက်အအုံတည်ဆောက်ခြင်း

(စ) ပင်မရေမြောင်းများတည်ဆောက်ခြင်း

၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၆-၂၀၁၄ရက် (တနင်္လာနေ့) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄း၀၀ နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅၊ ၀၁-၆၄၆၂၇၄

အမည်ပြောင်း

ဦးလှမိုးအောင်၏သား ကမာရွတ် T.T.C, Grade 6(D) တွင် ပညာသင်ကြားနေသော မောင်ဖြိုးသူခန့်အား မောင်အောင်သူခန့်အဖြစ် ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဦးသောင်းဒီပါထွန်း၏သား အလက (၁)ဒဂုံ Grade 6 (C) တွင် ပညာသင်ကြားနေသော မောင်သီးသန့်အား မောင်စည်သူအဖြစ် ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၉၈/က၊ မြေကွက်တည်နေရာအမှတ် (၁၉၈/က)၊ သုတ(၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျင်နှင့်ဇနီး ဒေါ်တင်စိန်တို့ ကွယ်လွန်၍ ဦးစိန်မြင့် ၁၂/ဥကတ(နိုင်)၀၃၅၈၉၉နှင့် ဦးစန်းမြင့် ၁၂/ဥကတ(နိုင်)၀၃၅၉၀၁တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်6B/1863၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အမည်ပြောင်း

ဦးမျိုးအောင်ထက်၏သား ရပ်စောက်မြို့နယ်၊ အထက(ပင်ဖြစ်)၊ ပဥ္စမတန်း(ဂ)မှ မောင်လပြည့်ကိုကိုအား ယနေ့မှစ၍ မောင်စည်သူအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စည်သူအောင်**

ပျောက်ဆုံးကြောင်း

ဦးပဏ္ဍိတ ၇/ပခန(သ)၁၀၀၄၄၆၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

မင်္ဂလာရာမပရိယတ္တိစာသင်တိုက်
ဖုန်း-၀၉-၅၂၁၃၃၁၂

အမည်ပြောင်း

ဦးဇော်ဝင်း၏သမီး လွိုင်ကော်မြို့၊ အလက(၆)၊ တက္ကသိုလ်ဝင်တန်း(က)မှ မဝင်းမြတ်သီဂီအား ယနေ့မှစ၍ မဝင်းမြတ်နန္ဒာဟု ပြောင်းလဲခေါ်ပါရန်။

မဝင်းမြတ်နန္ဒာ

အမည်မှန်

ဦးနော်ဘောက်၏သား သီပေါမြို့ အထက (၂) အဋ္ဌမတန်းမှ မောင်ဂွမ်ထွယ်ရှောင်၏ အမည်မှန်မှာ မောင်အင်ခွန်ဂွမ်ထွယ်ရှောင်ဖြစ်ပါကြောင်း။ **မောင်အင်ခွန်ဂွမ်ထွယ်ရှောင်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လူသတ်မှုအား ၃၆ နာရီအတွင်း ဖော်ထုတ်နိုင်ခဲ့

အမရပူရ ဇွန် ၂၁

အမရပူရမြို့နယ် ရှမ်းလေးကျွန်းကျေးရွာတွင် ဇွန် ၁၇ ရက်က ဖြစ်ပွားခဲ့သော လူသတ်မှုအား အမရပူရရဲစခန်းက ၃၆ နာရီအတွင်း စစ်ဆေးဖော်ထုတ်ပြီး တရားခံကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၇ ရက်က ရှမ်းလေးကကျွန်းကျေးရွာတောင်ဘက် ယဉ်တော်ကျေးရွာ စစ်ကိုင်း-မန္တလေးကန်ပတ်လမ်း အနောက်ဘက်တွင် မိန်းမလျာဟု ထင်ရသည့် အသက် ၃၀ ခန့် အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်းတွေ့ရသဖြင့် အမရပူရရဲစခန်းက လူသတ်မှုဖြင့် အမှုဖွင့်ကာ ပြစ်မှု ကျူးလွန်သူကို အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှုနှင့် ပတ်သက်၍ ဆက်လက်စုံစမ်းရာ သေဆုံးသူမှာ ချမ်းအေးသာစံမြို့နယ်နေ မိန်းမလျာမျိုးသိန်းကျော်(ခေါ်) မျိုးမျိုးဖြစ်ကြောင်းသိရပြီး ၄င်းမှာ ကိုးလုံးဒကာ ရပ်ကွက်နေ သော်ဇင်လင်းဦး(ခေါ်) သော်သော်နှင့် အလှပြင်ဆိုင်လုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်း သိရသဖြင့် သော်ဇင်လင်းဦးကို ခေါ်ယူမေးမြန်းရာ ဇွန် ၁၆ ရက် ည ၁၀ နာရီခန့်က မျိုးသိန်းကျော်(ခေါ်) မျိုးမျိုးအား ၄င်းနှင့် ယခင်က ရင်းနှီးသူ ရဲကိုအောင်(ခေါ်) ဖိုးသား၏ ဆိုင်ကယ်နောက်တွင် ထိုင်စီးသွားသည်ကို တွေ့ရပြီးနောက် ထပ်မတွေ့ရတော့ကြောင်း ပြောပြခဲ့သည်။

အထူးအမှုစစ်အဖွဲ့က ရဲကိုအောင်(ခေါ်) ဖိုးသား(၂၅နှစ်)ကို ဆက်လက်စုံစမ်းရာ သေဆုံးသူနှင့် လွန်ခဲ့သည့် ၁၂နှစ်ခန့်ကပင် ရင်းနှီးခဲ့သူဖြစ်ကြောင်း၊ အခင်းဖြစ်သည့်ညက သေဆုံးသူနှင့်အတူ ဆိုင်ကယ်စီးလာစဉ် သေဆုံးသူက ရဲကိုအောင်ကို အိမ်ရှိဇနီးကို ကွာရှင်းပြီး ၄င်းနှင့် ပေါင်းသင်းရန်ပြောဆိုသည်ကို ငြင်းဆန်သဖြင့် သေဆုံးသူက အနီးရှိကျောက်ခဲအားကိုင်ပြီး ရန်မူသဖြင့် ကျောက်ခဲအား လုယူကာ မျက်နှာကို လေး၊ ငါးချက်ခန့်ထုပြီး နေအိမ်သို့ ဟန်မပျက် ပြန်လာနေထိုင်ခဲ့ကြောင်း ဝန်ခံခဲ့သည်။

ပြစ်မှုကျူးလွန်သူ ရဲကိုအောင်(ခေါ်) ဖိုးသားကို အမှုဖြင့်ဖမ်းဆီးပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

တင်မောင်(မန္တလေး)

ရဲလုပ်ငန်းကျင့်ဝတ်ဆိုင်ရာ လုပ်ငန်းခွင်သင်တန်း ဖွင့်လှစ်

တာချီလိတ် ဇွန် ၂၁

တာချီလိတ်မြို့နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား ရဲလုပ်ငန်းကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ လုပ်ငန်းမပျက် အလုပ်ခွင်သင်တန်း(On The Job Training)ကို ဇွန် ၁၉ ရက်က တာချီလိတ်မြို့နယ် ရဲစခန်း၌ ဖွင့်လှစ်ခဲ့သည်။

တပ်ဖွဲ့စိတ်မှူးဒုရဲမှူး ရင်ရင်အေးက တပ်ဖွဲ့ဝင်၏ပုံရိပ်ကောင်းမွန်စေရေးအတွက် လိုက်နာကျင့်ကြံရမည့် အခြေခံကျင့်ဝတ်နှင့် ကိုယ်ကျင့်တရား(Base Morality & Ethics)များအကြောင်းကို ဖြစ်စဉ်များဖြင့် ရှင်းလင်းခြင်း၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ၊ လေဆိပ်များ၌ တာဝန်ထမ်းဆောင်ရာတွင် ရဲတပ်ဖွဲ့ဝင်များသည် လူ့အခွင့်အရေးကိုအလေးထားဆောင်ရွက်ကြရသည့် တပ်ဖွဲ့ဖြစ်၍ အခြေခံလူ့အခွင့်အရေးနှင့်အညီ အဂတိတရားကင်းရှင်းစွာ ဖြင့်ဆောင်ရွက်ကြရန်၊ ကုလသမဂ္ဂ၏ စံနှုန်းသတ်မှတ်ချက်များဖြင့် ရှင်းလင်းခြင်း၊ တပ်ဖွဲ့ဝင်များမှ ဆင်ခြင်မှု လေးမျိုးကို သတိမလစ်စေဘဲ အသိနှင့် သတိပေါင်းစပ်ကာ တန်ဖိုးရှိသော ကိုယ်ကျင့်သိက္ခာပါအချက်များအတိုင်း ကျင့်ဝတ် ၇၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာဖြင့် တပ်ဖွဲ့ဂုဏ်သိက္ခာမညှိုးနွမ်းစေရေး အလေးထားလိုက်နာဆောင်ရွက်သွားကြရန်၊ မိမိတို့သည် ပြည်သူလူထုနှင့် နေ့စဉ်အမြဲထိတွေ့ဆက်ဆံရသဖြင့် ကျင့်ဝတ် ၇၀ ပါ ပြည်သူအပေါ်ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးပါအချက်အလက်များအတိုင်း လူ့အခွင့်အရေးကို မထိခိုက်စေဘဲ ထိန်းသိမ်းကျင့်ကြံဆောင်ရွက်သွားကြရန် ရှင်းလင်းဆွေးနွေးခဲ့ကာ အထက်ဌာနက ပေးပို့ထားရှိသော ညွှန်ကြားချက်များကို ဖတ်ပြရှင်းလင်းသည်။

ထို့နောက် တပ်ဖွဲ့ဝင်မိသားစုများအား တပ်ဖွဲ့မှူးရုံး(နေပြည်တော်)မှ ထောက်ပံ့ပေးပို့ထားရှိသော ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်သား သမီးများအား ကျောင်းသုံးပစ္စည်းများနှင့် တပ်ဖွဲ့ဝင်များကို ယူနီဖောင်း တစ်စုံစီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ဘားအံမှ ရွှေထည်သိန်း ၂၀၀ကျော်ဖိုး ခိုးလာသူအား မော်လမြိုင်တွင် ဖမ်းဆီး

မော်လမြိုင် ဇွန် ၂၁

မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နေယုဆန်းနှင့် အဖွဲ့ဝင်များသည် ဇွန် ၁၇ ရက် ည ၁၁ နာရီက စခန်းပိုင်နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အောက်ကျင်းရပ်ကွက် ဒိုင်းဝန်းကွင်းလမ်းဆုံတွင် မသင်္ကာဖွယ်ရာ တွေ့ရှိသူ မောင်ပု(ခ) ဂျပု၊ သန်းထွန်း၊ ကျော်သူဦးနှင့် ဝင်းနိုင်တို့ လေးဦးကို စစ်ဆေးရှာဖွေခဲ့ရာ မောင်ပု(ခ)ဂျပုထံမှ ရွှေဆွဲကြိုး သုံးကုံးကိုတွေ့ရှိရပြီး ပိုင်ဆိုင်ကြောင်း ခိုင်လုံသည့် အထောက်အထား မပြနိုင်သဖြင့် ဆက်လက်စစ်ဆေးဖော်ထုတ်ရာ ဇွန် ၉ ရက်က ဘားအံမြို့နယ် အိန္ဒုနယ်မြေရဲတပ်ဖွဲ့ စခန်းတွင် အမှုဖွင့်ထားသော ဘားအံမြို့နယ် ကျောက်စိမ်းတောင်လမ်းနေ ဒေါ်ဥမ္မာ (နန်းချစ်ရတနာရွှေဆိုင်ပိုင်ရှင်)၏ နေအိမ်မှ ရွှေထည် ပစ္စည်းမျိုးစုံ ၃၁ မျိုး ရွှေချိန် ၄၃ ကျပ် ၅ ပဲသား စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၃၄၂၃၅၀၀ နှင့် ငွေစက္ကူရောရာ ငွေကျပ် ၁၃၆၀၀၀ ပျောက်ဆုံးမှုမှ ပြစ်မှုကျူးလွန်သူများဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။ ဖြစ်စဉ်အပေါ် ဒိုင်းဝန်းရပ်ကွက် နယ်မြေရဲစခန်းက အမှုဖွင့်ပြီး အမှုစစ်ရဲအုပ်စိုးမြင့်က ဆက်လက် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မောင်သိန်းလှိုင်(မော်လမြိုင်)**

မသန်စွမ်းသူများဖွံ့ဖြိုးရေးဆိုင်ရာသင်တန်း မြောင်းမြတွင်ဖွင့်

မြောင်းမြ ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် The Leprosy Mission Myanmar (TLMM) အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော မသန်စွမ်းမှုနှင့် အကျုံးဝင်ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းကို ဇွန် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မြောင်းမြမြို့ မြန်မာယူနီယံမျှော်လင့်ခြင်း ဓမ္မတက္ကသိုလ်၊ စနေအသင်းကျောင်းစာသင်ဆောင် (ED-1)၌ ကျင်းပခဲ့သည်။

သင်တန်းတွင် မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များ တစ်ပြေးညီ ညီမျှစွာ အပြည့်အဝရရှိရေး၊ မသန်စွမ်းသူများနှင့် ၄င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိရေး စသည့်အကြောင်းအရာများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းကို The Leprosy Mission Myanmar (TLMM) အဖွဲ့မှ စီမံကိန်းမန်နေဂျာ ဦးဝင်းနိုင်က သင်ကြားပို့ချခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြန်/ဆက်ဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ၊ ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ စေတနာ့ဝန်ထမ်းအရာရှိများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကသာခရိုင် အင်းတော်မြို့နယ်၌ ဇွန် ၁၅ ရက်ကကျင်းပရာ ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ၊ စိန်ပန်း၊ မဟော်ဂနီ၊ မျောက်ငို စသည့် သစ်မျိုးပေါင်း အပင် ၅၀၀ ကို ဒေသခံပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ကျော်သီဟ

မိုးနဲ၌ စိုက်ပျိုးရေးနည်းပညာ ဆွေးနွေးဟောပြောပွဲကျင်းပ

မိုးနဲ ဇွန် ၂၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ရှမ်းပြည်နယ်ရုံးမှ တာဝန်ရှိသူများသည် လင်းခေးခရိုင် မိုးနဲမြို့ ကမ္ဘောဇခန်းမ၌ မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုတို့မှ တောင်သူ ၃၀၀ကို ဇွန် ၁၉ ရက်က စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က အမှာစကားပြောကြားကာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ တာဝန်ခံဦးစီးအရာရှိ ဒေါ်သင်းသင်းလဲ့က စိုက်ပျိုးရေးနည်းပညာနှင့် ပိုးသတ်ဆေးအသုံးပြု၍ ဖျက်ပိုးသီးနှံကာကွယ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်မီးမီးလှိုင်က စပါးနှံများတွင်ကျရောက်တတ်သော ပိုးမွှားများနှင့် ပတ်သက်၍ လည်းကောင်း၊ လင်းခေးခရိုင်ရုံးမှ သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ခံ ဒုတိယဦးစီးမှူးက ကြွက်အန္တရာယ်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ ပြည်နယ်သီးနှံကာကွယ်ရေးဌာနခွဲ (တာဝန်ခံ)က ပေါင်း အမျိုးအစားခွဲခြားခြင်းနှင့် ကာကွယ် နှိမ်နင်းခြင်းကိုလည်းကောင်း အသီးသီးဟောပြောကြကာ တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။

မိုးလွင်ဦး(လှိုင်လင်)

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ အကောက်ခွန်ဦးစီးဌာန၊ တမူးမြို့ရုံးဝန်ထမ်းအိမ်ရာလေးခန်းတွဲ (၆၀'×၃၄'၆"×၁၂') ရေ၊ မီး၊ ဆေးအပါအဝင် သံကူကွန်ကရစ်ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံရယူရမည့်ရက်** - ၂၃-၆-၂၀၁၄ ရက်မှ ၂၂-၇-၂၀၁၄ ရက်အထိ

တင်ဒါတင်သွင်းရမည့်ရက် - ၂၃-၇-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

တင်ဒါတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၃။ အသေးစိတ်သိရှိလိုပါက-

ဖုန်း-၀၇၁-၂၂၅၃၄၊ ၀၇၁-၂၄၃၁၅၊ ၀၇၃-၄၀၀၀၇တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့

ဖခင်အမည်မှန်

အင်းစိန်မြို့နယ်၊ အထက(၂)၊ နဝမတန်း(H)တွင် ပညာသင်ကြားနေသော မောင်ခန့်မင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုဖြစ်ပါသည်။

ဦးဝင်းကို

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမက(၃)၊ မင်္ဂလာဒုံ(ဒုတိယ) တန်းမှမောင်စိုင်းသီဟဇော်၏ ဖခင်အမည်မှန်မှာ ဦးခိုင်မြဲသန့်ဇင်ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဝင်းစိန်၏သမီး အမက(၃၁) တောင်ဥက္ကလာပမှ ဒေါ်နှင်းယမုံ ၇/သဝတ(နိုင်)၀၈၆၅၂၈ နှင့် ဒေါ်တိုးတိုးဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နှင်းယမုံ(ခ)ဒေါ်တိုးတိုးဝင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၂၈၅၉၄၊ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီအေး ၉/အမရ(နိုင်)၀၉၄၂၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ လွန်းကျိုင်းကျေးရွာအနီး၊ ကွင်းအမှတ် ၂၄၊ ဝမ်လိကွင်း၊ ဦးပိုင်အမှတ် (၂၁)၊ ဧရိယာ ၆ဒသမ ၁၃ ဧကရှိ လယ်မြေသည် ကွယ်လွန်သူ ဦးဖုန်းမင်း၏ တရားဝင်ဇနီးများဖြစ်သော ဟောင်လိတ်အုပ်စု လွန်းကျိုင်းရွာနေ ဒေါ်ပါရှဲန် ၁၃/တခလ(နိုင်)၀၃၉၈၅၂ ကိုင်ဆောင်သူနှင့် တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်နေထိုင်သူ ဒေါ်အီခမ်း ၁၃/တခလ(နိုင်)၀၀၅၅၉၅ ကိုင်ဆောင်သူတို့နှစ်ဦးသာ တရားဝင်ပိုင်ဆိုင်ကြောင်း၊ ဒေါ်ပါရှဲန်နှင့် ဒေါ်အီခမ်းတို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းပေးခြင်း စသည်တို့အားမပြုလုပ်ရန် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထွန်း LL.B
အထက်တန်းရှေ့နေ(၂၁၉၅၆)
အမှတ် ၄၂၄၊ မယ်ခေါင်၊ တာချီလိတ်မြို့

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ (အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

မကွေးခရိုင်တရားမရုံး၌ ၂၀၁၄ ခုနှစ် တရားမအသေးဖွဲ့မှုအမှတ်(၁၄) ကွယ်လွန်သူ ဦးမျိုးမင်း ကျန်ရှိရစ်သောပစ္စည်းအကြောင်း၊ ဒေါ်သွယ်သွယ်ဇင် မကွေးမြို့၊ အောင်စေတနာ(အေ)၊ အမှတ် ၃၅၈၊ ၆လမ်းနေလျှောက်သူက ကွယ်လွန်သူဦးမျိုးမင်း၏ ဇနီးဖြစ်သည်ဟူ၍ မကွေးမြို့ အောင်စေတနာရပ်နေ ၄င်းကွယ်လွန်သူ ဦးမျိုးမင်းမှာကျန်ရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးမျိုးမင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ် ဇူလိုင် ၈ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်) တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါ်သွယ်သွယ်ဇင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဇွန် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဒေါ်ဌေးဌေးကြည်
မကွေးခရိုင်တရားမတရားသူကြီး
မကွေးခရိုင်တရားရုံး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၆၉၉၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/5978၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၄၃၆၂၈ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျ ၈/မကန(နိုင်)၁၁၀၉၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး (မကွေး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၉၅၈၉၁ Honda C-90 Custom ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေညွန့် ၈/မကန(နိုင်)၀၁၆၃၇၀က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

ပဋ္ဌာန်းဘုရားပူဇော်နိုင်ရန်တိုက်တွန်းနှိုးဆော်လွှာ

တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅)ဝိုင်းအတွင်းရှိ မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း၌ ဝါဆိုဝါကပ်တော်မူမည့် သံဃာတော်အရှင်မြတ်တို့က ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဘုရားရှင်ဟောကြားထားသော ဒေသနာတော်တို့တွင် အမြတ်ဆုံးဖြစ်သော ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်မည်ဖြစ်ပါ၍ မိမိတို့နေအိမ်၊ ကုမ္ပဏီရုံးခန်း၊ ဆိုင်ခန်းတို့၌ အန္တရာယ်ကင်းပျောက်ချမ်းသာရောက်၍ စီးပွားလာဘ်လာဘတိုးတက်အောင်မြင်စေရန် ရည်ရွယ်ပြီး ကိုးကွယ်တော်မူမည့် ဘုရားဆင်းတုတော်မြတ်များအား အမြတ်ဆုံးပဋ္ဌာန်းဖြင့် ထုံမွမ်းသိဒ္ဓိတင်နိုင်ရန် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ ၂၇-၆-၂၀၁၄ရက်မှ ၁၀-၇-၂၀၁၄ ရက်နောက်ဆုံးထား၍ အထက်ပါကျောင်းတိုက်သို့ ပင့်ဆောင်ပို့နိုင်ပါကြောင်း မေတ္တာရှေ့ထား၍ အသိပေးနှိုးဆော်လိုက်ပါသည်။

ပဋ္ဌာန်းဘုရားဖြစ်မြောက်ရေးအဖွဲ့

ဖုန်း-၀၁-၅၆၃၄၂၁၊ ၀၉-၄၉၃၀၃၆၈၇

Vacancy Announcement
24 Hour Co., Ltd.

No.11, Maggin Street, Kyaukhone, Yankin Township.

1. **Assistant General Manager** **M(1)post**
   Any graduate
   Experienced in Admin and Planning
   Fluently in English, Computer knowledge
2. **Department Head (Finance Department)** **M/F (1)post**
   B.Com, M.Com (or) CPA
   Skillful in computer accounting software, Well experienced in budget plan drawing and fluently in English.
3. **Manager (Accountant)** **M/F (1)post**
   B.Com, ACCA (or) LCCI Level (3)
   Experienced in computerized accounting
4. **Manager (Admin)** **M/F (1) post**
   Any graduate
   Experienced in Administration and HR
   Fluently in English, Computer knowledge

To apply

Interested candidates send their CV in detail of previous working experience with academic transcripts (copy), recent passport size photo, NRC & Labour card copy, family registration copy, police & ward authorized recommendation letter copy no later than 30 June 2014, to the above address.
Ph:01-560719, 01-571967 or 24houradmdpt@gmail.com

ငါးထပ်တိုက်ပိုင်ရှင် ကိုယ်တိုင်ရောင်းမည်

ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဦးချစ်မောင်အိမ်ရာရှေ့၊ 5 RC (ကိုယ်ပိုင်ဆောက်)၊ လမ်းထောင့်တိုက်၊ တိုက်နံဘေးတွင်ကားသုံးစီးရပ်နိုင်၊ Hall Type၊ လိုင်းဖုန်းတစ်လုံး၊ ပါဝါမီတာတစ်လုံး၊ ရေမော်တာသုံးစုံ၊ နှစ် ၆၀ဂရန်အမည်ပေါက်၊ ပေ (၂၀×၄၀)၊ မြေညီထပ် ၁၃ ပေမြင့်၊ သိန်း ၁၅၀၀၀ (ညှိနှိုင်းဈေး)။

စုံစမ်းရန်ဖုန်း - ၀၉-၂၅၆၁၄၈၃၅၆၊ ၀၉-၅၀၆၄၇၂၆၊၀၉-၄၂၂၁၉၇၁၉၇၊ ၀၉-၂၅၄၀၆၃၈၉၉

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၁)၊ မြေကွက်အမှတ် ၄၃၆/ခ၊ မြေကွက်တည်နေရာအမှတ် ၄၃၆/ခ၊ သီဟသူလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မြမြသန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား အမည်ပေါက် ဒေါ်မြမြသန်းအား တရားပြိုင်ထား၍ (တရားလို)ဦးမျိုးခိုင်တို့၏ တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၉/၁၄ နှင့် ဇာရီမှုအမှတ် ၂၁/၁၄ တို့တင်ပြ၍ တရားရုံးကိုယ်စားဘိလစ် ဒေါ်နန့်ဆန်းသိမ်း ၁၂/မရက(နိုင်) ၀၄၇၆၁၆ မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၃၆၆၊ မြေကွက်တည်နေရာအမှတ် ၁၅၊ ၉လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဒေါ်မြရင်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြရင်နှင့် ခင်ပွန်း ဦးလူတင်နှင့် တစ်ဦးတည်းသောသမီးဒေါ်တင်ဝင်းတို့ ကွယ်လွန်သဖြင့် ခင်ပွန်း ဦးမောင်ဟန် ၁၂/မဂတ(နိုင်)၀၅၂၂၃၉က အမည်ပေါက်၏ သမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းအမှတ် ၄၇၊ မြေကွက်အမှတ် ၇၆၊ စံပါယ်လမ်း၊ မြေကွက်အကျယ်ပေ (၄၀×၆၀)၊ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့တွင် ဦးတင်စိုး(ခ)ဦးမြင့်စိုး ၁၂/ လမတ(နိုင်)၀၀၆၂၅၂ အမည်ပေါက် မှတ်သားတည်ရှိသောမြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ကြီးမှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၄၀×၆၀)ရှိသည့်အနက်မှ ပေ (၂၀×၆၀) ခေါင်းရင်းခြမ်းရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးမင်းသိန်း ၁၂/ဥကတ(နိုင်)၀၄၉၁၀၇ကိုင်ဆောင်သူက ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မှဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများယူဆောင်လာပြီး ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သင်းစိန် ၁၂/အစန(နိုင်)၁၈၁၂၅၉
ဖုန်း-၀၉-၄၂၁၁၅၁၆၇၇

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ညှိဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၃။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာညှိခံ ကျွေးမွေးရေးသင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၆။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှအခြေခံ (အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။
၇။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (စီမံ/ဘဏ္ဍာ)	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့)ဘွဲ့တစ်ခုခုရပြီးစာရင်း ကိုင်ပညာအခြေခံကျွမ်းကျင်သူ
	(အခန်းဌာန)	- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီးသူ(သို့)
	(အစားအစာနှင့်အဖျော်ယမကာဌာန)	တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။

သင်တန်းကာလ။ ။ ၇-၇-၂၀၁၄ မှ ၂၉-၈-၂၀၁၄ ထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ (၁) ပုံ၊ ပညာရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၄၈၃၆

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၂၁၈/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၁၈/ခ၊ ဒေဝဒဟ ၃၄လမ်း၊ (၁၃)ရပ်ကွက်၊ တ/ဥ ဦးမြင့်ဆွေ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဆွေ ကွယ်လွန်သဖြင့် ဒေါ်ထွေးမြင့် ၁၂/ဥကတ(နိုင်) ၀၆၇၃၅၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ အေးချမ်းသာမြို့ကွက်သစ်(၃) ရပ်ကွက်၊ ခရမ်းသုံးခွကားလမ်းမကြီးပေါ် မြေကွက်အမှတ် B၃၆၊ (အလျား ၆၀×အနံ၆၀) ကို ဝန်ထမ်းများအား နေရာချထားပေးရာတွင် မြေကွက်အားရရှိသူ ဒေါ်ခင်မာဆွေမှ သက်သေများရှေ့မှောက်၌ ဆရာတော်ဘဒ္ဒန္တကုမာရဓမ္မသိရီကျောင်းအား အလှူရှင်ရဟန်းခံယူခဲ့သူအား အလှူရှင်လက်ရောက်ပေးခဲ့ပါသည်။ အဆိုပါအမှတ်ပါမြေကွက်အား ဆရာတော်ဘဒ္ဒန္တကုမာရ(စဉ်-၀၀၀၀၈၇)မှ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၁၁၉/(၃၂)လမ်း၊ တတိယထပ်နေ ကျွန်ုပ်အား (၂၂-၇-၂၀၀၀)ရက်က အပြီးအပိုင်ရောင်းချခဲ့ပြီး မြေကွက်တန်ဖိုးအားပေးချေခဲ့ပါသည်။ အထောက်အထားများလည်းရရှိပြီး၊ မြို့နယ်မြေစာရင်းဦးစီး၊ ခရမ်းမြို့နယ်၌ မြေစာရင်းပုံစံ-၁၀၅အား (၅-၁၂-၂၀၀၀)ရက်တွင် ဦးစံလင်း အမည်ပေါက်ရရှိပြီး လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ မြေငှားရမ်းဂရန် လျှောက်ထားရန်ရှိပါသဖြင့် မည်သူမဆိုကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း၊ အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤမြေကွက်အား မြေငှားဂရန်(မြေငှားစာချုပ်) ရရှိရေးတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(၁) ဦးစံလင်း ၁၂/ပဘတ(နိုင်)၀၁၃၆၀၉ **(၂) ဦးမြမောင် ၁၃/မနန(နိုင်)၀၀၂၃၇၁**

ရွှေပြည်တံခွန်တယ်လီကွန်းအများပိုင်ကုမ္ပဏီလီမိတက်မှ အများပြည်သူသို့ အသိပေးကြေညာချက်

ရွှေပြည်တံခွန် တယ်လီကွန်းအများပိုင်ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးလွင်နိုင်ဦး ၁၃/တကန(နိုင်)၀၇၅၂၅၀ အမှတ်(အေ-၁)၊ မင်းဓမ္မအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများပြည်သူသို့ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရွှေပြည်တံခွန်တယ်လီကွန်းအများပိုင် ကုမ္ပဏီလီမိတက်ကို ကုမ္ပဏီများမှတ်ပုံတင်ရုံး၏ ၈-၁-၂၀၁၃ ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၄၂၀၂/၂၀၁၃)ဖြင့် ဖွဲ့စည်းထူထောင်ထားပြီး မိုဘိုင်းတယ်လီဖုန်းနှင့်စပ်ဆိုင်သော လုပ်ငန်းများကိုလည်းကောင်း၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာနှင့် နီးနွယ်စပ်ဆိုင်သောလုပ်ငန်းများကို လည်းကောင်း၊ ရွှေပြည်တံခွန် အမည်နာမကိုအသုံးပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းတွင် ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ မသမာသူလူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအချို့က ရွှေပြည်တံခွန်အမည်ကို အသုံးပြု၍ ဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်နေသော လိုင်စင်ရအဖွဲ့အစည်းကြီးများတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် တင်ပြတောင်းခံခြင်း၊ ရွှေပြည်တံခွန်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်အလားတူညီသော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းများကို ဆောင်ရွက်ရန်ကြိုးပမ်းလျက်ရှိကြောင်း ကြားသိနေရပါသည်။ ရွှေပြည်တံခွန်သည် မိမိလုပ်ကိုင်နေသော လုပ်ငန်းများအတွက် ကုမ္ပဏီကိုယ်စားအလုံးစုံ ဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်လွှဲအပ်ခြင်း၊ ခန့်အပ်ခြင်းများကို အလျှင်းမပြုလုပ်ပါ။ သို့ဖြစ်ပါ၍ ရွှေပြည်တံခွန်အမည်ခံ၍ လုပ်ငန်းများတောင်းခံလာခြင်း၊ ဝင်ရောက်လုပ်ကိုင်ခြင်းများကို တွေ့ရှိပါက ကုမ္ပဏီရုံးချုပ်သို့လည်းကောင်း ဖုန်း-၀၁-၆၅၄၇၉၉၊ ၀၁-၆၅၄၈၀၀ နှင့် ၀၉-၈၃၀၆၄၆၁ သို့လည်းကောင်း ဆက်သွယ်အကြောင်းကြား အသိပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် ရွှေပြည်တံခွန်၏ အမည်နာမကို အသုံးပြု၍ ရွှေပြည်တံခွန်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် ဝင်ရောက်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရန်ကြိုးပမ်းခြင်းများ မပြုလုပ်ကြပါရန် တားမြစ်ကန့်ကွက်အပ်ပါသည်။ တားမြစ်ချက်ကို ဖောက်ဖျက်၍ ဆောင်ရွက်လာသူမည်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိနိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ညွှန့်	**ဦးဝင်းလှိုင်**	**ဦးခင်မောင်မြင့်**	**ဦးစိုးဝင်း**
စဉ်-၅၆၃၂	**စဉ်-၆၀၃၅**	**စဉ်-၅၄၅၈**	**စဉ်-၅၀၆၅**

တရားလွှတ်တော်ရှေ့နေများ

အမှတ် ၁၅၈/၁၆၈ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၅၈၁၇၅၅၊ ၀၉-၅၁၇၅၁၃၁

ဒေါ်စန်းစန်း ပညာသင်ဆုလျှောက်ထားနိုင်ပါသည်

ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေအိမ်တွင် ကွယ်လွန်ခဲ့သော မိဘများဖြစ်ကြသည့်(ဦးကျောက်-ဒေါ်စန်းစန်း)အား ရည်စူး၍ ဒါနပြုပါမည်။

ယခုနှစ်တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကျောင်းသူ ကျောင်းသား အခက်အခဲရှိသူများအား ကူညီထောက်ပံ့လိုပါသည်။ လျှောက်လွှာများကို မန္တလေးကျောင်းတိုက်အနီးရှိ (ဆနဝသိဒ္ဓိဆေးဆိုင်)တွင် ရယူနိုင်ပါသည်။

ပေးအပ်မည့်ဆု-၁ဦးလျှင် ဆိုင်ကယ်၁စီး-ငွေ ၅ သိန်း

ဦးရေ - ၅ဦး

လျှောက်လွှာပိတ်ရက် - ၂-၇-၂၀၁၄ ရက်

နေရာသတ်မှတ်ချက် - ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်ရှိ
အရှေ့ဘက်-ရိပ်သာကျောင်း
အနောက်ဘက်-မြကန်သာ
တောင်ဘက်-ဧရာဝတီ
မြောက်ဘက်-ပေါက်လမ်း

အထက်ပါနေရာအတွင်းရှိ မိသားစုဝင်များ၏ သား/သမီးများ လျှောက်ထား နိုင်ပါသည်။ ဤနေရာတွင် အနည်းဆုံး(၁)နှစ်နေထိုင်ခဲ့ပြီး ယခုလက်ရှိနေထိုင်သူ ဖြစ်ရမည်။

စုံစမ်းရန် ဖုန်း-၀၁-၅၀၇၂၂၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၄

ဒေါ်ရန်ရှောက်ကြည် **နှင့်** ၁။ ဦးစိုင်းနေလင်း
၂။ ဒေါ်တင်တင်မြ

တရားလို **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၉၂/၁၂ နေ ဦးစိုင်းနေလင်း၊ ဒေါ်တင်တင်မြ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရန်ရှောက်ကြည်က ငွေ ၂၂၀၀၀၀၀၀/ကျပ် ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းကြွေ)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင် ပါရှိရန်အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်အကြောင်း

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၄ခုနှစ် ဇာရီမှုအမှတ်-၆၊ ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၉၉

မြန်မာနိုင်ငံသားများဘဏ် လီမိတက် (၎င်း၏ ကိုယ်စား မန်နေဂျာဦးကြည်စိန်) **နှင့်** ၁။ ဦးစိုးလှိုင်
၂။ ဒေါ်နော်စေးဝါး

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီရာ ၈ လမ်း၊ အမှတ် ၁၀၉၆နေ (၁)ဦးစိုးလှိုင်နှင့် (၂) ဒေါ်နော်စေးဝါး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါအမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ် ၁၀၉၆-၁/၂၊ ဧရိယာစတုရန်းပေ ၁၂၀၀ အကျယ်၊ နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်ကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ မြန်မာနိုင်ငံသားများဘဏ်လီမိတက်က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ ရက် မွန်းမတည့်မီ ၁၀နာရီတွင် ချိန်းဆိုပြီးဖြစ်သည်။

၂၀၁၄ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်စိုး)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ပြင်ဦးလွင်လမ်း၊ အမှတ် ၅၈၀/ခ နေ ဦးစိန်ဝင်း ၁၂/ဥကတ(နိုင်) ၀၆၉၀၆၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဇေယျာသီရိလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၇၈၊ မြေကွက်အမှတ် ၆၁၅၊ အလျားပေ ၄၀×အနံပေ ၆၀ ရှိသော ဦးစိန်ဝင်းအမည်ပေါက် မြေချပါမစ်မူရင်း ပျောက်ဆုံးသွား၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်၏အမှုသည်မှလွဲ၍ အခြားတစ်စုံတစ်ဦးမှ တောင်းဆိုအကျိုးခံစားခွင့်မရှိပါကြောင်းနှင့်မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း လွှဲပြောင်းရောင်းချထားခြင်းလည်းမရှိပါ။ ထို့အပြင် သက်ဆိုင်ရာဌာနဆိုင်ရာများတွင် အဆိုပါမြေချပါမစ်မူရင်းပျောက်ဆုံးကြောင်း အကြောင်းကြားစာများအား တင်ပြထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်၏အမှုသည် ဦးစိန်ဝင်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ အဆိုပါမြေကွက်အား လွှဲပြောင်းရောင်းချ၊ ပေါင်နှံခွင့်မရှိကြောင်းနှင့် အဆိုပါမြေကွက်ပေါ်တွင် ဝင်ရောက်ကျူးကျော်နေထိုင်လာပါက ဝင်ရောက်ကျူးကျော်သူအား ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဟိန်း LL.B,WIPO(Switzerland) **ဒေါ်သင်းသင်းယု LL.B.,D.B.L**

အထက်တန်းရှေ့နေများ

တိုက် ၂၀၅/စီ၊ ဒုတိယထပ်၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉-၄၂၈၀၂၉၀၀၀၊ ၀၉-၇၃၀၈၈၄၂၁၊ ၀၉-၄၂၁၀၁၅၃၉၇

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

မာမီကျော်(မလေးရှား)
ပန်းအလှပြင်သင်တန်း

မာမီကျော်(မလေးရှား)၏ မြန်မာနိုင်ငံတွင် ပထမဦးဆုံး အကြိမ် ပန်းအလှပြင်သင်တန်းကို July 15 ရက်တွင် စတင်ဖွင့်လှစ်ပါမည်။ စိတ်ဝင်စားသူများ ဖုန်း-၀၉-၇၃၁၁၉၉၅၁၊ ၀၉-၂၅၀၁၇၂၁၄၄ တို့သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။ လူဦးရေကန့်သတ်ထားပါသည်။

မာမီကျော်(မလေးရှား)

ကျေးဇူးတင်လွှာ

မာမီကျော်(မလေးရှား)ကို ပန်းအလှပြင်ဆင်မှု(Wedding Decoration)အတွက် ယုံကြည်အားကိုးစွာ အပ်နှံခဲ့ကြသော သတို့သား၊ သတို့သမီးမောင်နှံမိသားစုတို့အား မာမီကျော်(မလေးရှား)မှ လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနှင့် ဝါကျွတ်မှစ၍ နောင်နှစ်အတွက်ပါ ကြိုတင်အပ်နှံထားကြသော သတို့သား၊ သတို့သမီးလောင်းနှင့် မိသားစုတို့အားလည်း ကြိုတင်ကျေးဇူးတင်ရှိပါကြောင်း။

မာမီကျော်(မလေးရှား)

မြေကွက်ရောင်းမည် (၅၅၀) သိန်း
20' x 60' ဂရန် [illegible] (၁၁)လမ်း [illegible] မ/ဥက္ကလာ
အိမ်ရောင်းမည် (၄၈၀၀) သိန်း
30' x 60' ဂရန် [illegible] (ပါဝါလိုင်း)
[illegible] (၁၁)ရပ်ကွက် တ/ဥက္ကလာ
အိမ်ရောင်းမည် (၂၄၀၀) သိန်း
20' x 60' ဂရန် [illegible]
PT၊ [illegible] (၁၂)ရပ်ကွက် တ/ဥက္ကလာ
အိမ်ရောင်းမည် (၇၀၀) သိန်း
10' x 60' ဂရန် [illegible]
[illegible] (၁၁) ရပ်ကွက် တ/ဥက္ကလာ
ဖုန်း - 09 250 115701

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၀၅

၁။ ဒေါ်မြင့်မြင့်ဆွေ	**နှင့်**	၁။ ဦးတင်လှိုင်
၂။ ဒေါ်မြင့်မြင့်ဝေ		၂။ ဒေါ်ရင်ကြည်
		၃။ ဒေါ်မြင့်မြင့်သန်း
တရားလိုများ		**တရားပြိုင်များ**

တောင်ဥက္ကလာပမြို့၊ မြင်သာ(၁၅)ရပ်ကွက်၊ ၅ လမ်း၊ အမှတ် ၂၂၇/ခ ဒေါ်မြင့်မြင့်သန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလိုများက မြေငရန်မူရင်းလက်ရောက်ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်မြင့်စိန်)
တွဲဖက်ခရိုင်တရားသူကြီး(၃)
အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက်၊ ရွှေဥသြလမ်း၊ အမှတ်(၁၅၅၉)(ခ) ဒေါ်အေးစိန် ၁၂/အလန(နိုင်)၀၃၀၉၂၆ နေထိုင်သော မြေကွက်နှင့်ပတ်သက်၍ မြေချပါမစ် ပျောက်ဆုံးသွားပါသဖြင့် ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားစုံလင်စွာဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်- မသင်းသင်းမိုး
ဖုန်း-၀၉-၃၁၆၅၆၉၈၈၊ ၀၉-၂၅၄၁၂၂၇၅၅

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၅၅/ခ)၊ မြေကွက်တည်နေရာအမှတ် ၅၅၊ သိင်္ဂီ ၁ လမ်းမြောက်၊ (၅)ရပ်ကွက်၊ သာကေတ မြို့နယ် (ဦးလှတင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှတင် (ဖခင်)၊ ဒေါ်တင်ရွှေ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးဇော်ဝင်း ၁၂/သကတ(နိုင်)၀၁၇၁၇၀၊ (၂) ဦးအောင်နိုင်ဦး ၁၂/သကတ(နိုင်)၀၁၇၇၆၄၊ (၃) ဒေါ်သင်းသင်းဝါ၁၂/သကတ(နိုင်) ၁၃၅၈၈၀၊ (၄) ဒေါ်ခင်မျိုးဝါ ၁၂/သကတ(နိုင်)၁၂၀၃၀၉ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၈၂၂၈/၁၄)ရသူ ဦးအောင်နိုင်ဦးမှ သေစာရင်းနှင့်ကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်နှစ်ပြည့်အလွမ်း

ဒေါ်ငယ်(ခ)ဒေါ်သန်းရှင်(သထုံ)
(၂၂-၆-၂၀၁၃)-(၂၂-၆-၂၀၁၄)

အမေ-

သားတို့သမီးတို့ကို ထားခဲ့တာဒီနေ့ဆိုရင် တစ်နှစ်ပြည့်ခဲ့ပြီနော်...တစ်နေ့မှ မေ့လို့မရပါလား အမေရယ်...အမေဖြစ်စေချင်တဲ့ ဆန္ဒတွေဖြစ်နိုင်အောင် သားတို့ သမီးတို့ ကြိုးစားသွားပါမယ် အမေရယ်...

သားကြီး	-	**ကျော်ဌေးလှ**
သမီးကြီး	-	**သင်းသင်းမာ**
သမီးလတ်	-	**မိုးမိုးငယ်**
သမီးငယ်	-	**အေးအေးမော်**
ချစ်မြေးငယ်လေး	-	**ကောင်းကောင်း**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် ၆၃၆၊ (အလျားပေ ၄၀×အနံပေ ၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧက အကျယ်အဝန်းရှိ နှစ် ၆၀ဂရန်မြေအမျိုးအစား ဒေါ်ခင်တိုးကြည်အမည်ပေါက် မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ နီလာ ၂ လမ်း၊ အမှတ် (၆၃၆) ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းစံ ၁၄/ဖပန(နိုင်)၀၄၇၆၂၆ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်နွယ်နီအောင် LL.B, LL.M, D.I.R
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)
အမှတ် (၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈၊ ၀၉-၇၃၁၄၆၇၅၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ နီလာလမ်း၊ တိုက်အမှတ်၉၊ ပထမထပ်(ခေါင်းရင်းဘက်ခြမ်း) အကျယ်အဝန်း(၁၂ ဒသမ ၅ပေ× ၄၈ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်သမျှသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟုဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B	**ဦးအေးမင်းသူ LL.B**
စဉ်-၂၅၁၆၅	**စဉ်-၂၆၁၉၉**

ရှီးမဘဏ်ဥပဒေအကြံပေး၊ အထက်တန်းရှေ့နေများ
အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

အများသိစေရန်နှင့်ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၆၇ ရပ်ကွက်၊ လူနေရပ်ကွက်အမှတ် (ရတနာအိမ်ရာ) မြေကွက်အမှတ် ၂၀၅၊ အကျယ်အဝန်း ပေ(၆၀×၈၀) (၄၈၀၀ စတုန်ရန်းပေ)ရှိ ဦးအောင်မျိုးဆွေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ (ဦးအောင်မျိုးဆွေ၏ကိုယ်စား) ဦးဝင်းခိုင် ၁၂/ရကန(နိုင်)၀၀၆၀၁၉ မှ အထက်ဖော်ပြပါ မြေကွက်အားရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအိုက်ဆန်း ၁၃/တကန(နိုင်)၁၄၄၅၇၇ မှ အပြီးအပိုင် ဝယ်ယူရန် အဆိုပါမြေကွက်၏ ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇောကျော်အောင်(စဉ်-၃၄၄၉၀)	**ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၅၃)**
LL.B,C.B.L	**LL.B,LL.M**
ဒေါ်နန်းဆိုင်အုံ(စဉ်-၃၄၅၃၀)	**ဒေါ်ဇင်လင်းထွေး(စဉ်-၃၈၂၃၈)**
LL.B	**LL.B**

ဦးမိုးမင်းဟိန်း(စဉ်-၃၈၂၉၂)
LL.B
အထက်တန်းရှေ့နေများ(ရွှေဟသ်ာအိမ်ခြံမြေဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
အမှတ် ၈၆၄၊ ပင်လုံလမ်း၊ ၃၆ အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁၊
၀၉-၃၁၂၁၀၇၇၂၊ ၀၉-၃၁၃၀၂၆၂၉၊ ၀၉-၄၂၀၂၅၇၄၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၮ/၁၂၊ မြေကွက်အမှတ် ၂၃၅၊ မြေကွက် တည်နေရာအမှတ် ၂၃၅၊ နှင်းဆီ လမ်းသွယ် ၂ လမ်း၊ ရွှေပြည်သာမြို့နယ် (ဒုဗိုလ်မှူးကြီးသန့်စင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုဗိုလ်မှူးကြီး သန့်စင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နုနုအေး ၁၂/ကမတ(နိုင်) ၀၄၄၆၁၂မှ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တင်ပြထားသောပါမစ်တွင် အိမ်ထောင်ဦးစီးဇယားမပါရှိ၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၮ/၁၂၊ မြေကွက်အမှတ် ၂၃၈၊ မြေကွက်တည်နေရာအမှတ် ၂၃၈၊ နှင်းဆီ လမ်းသွယ်၂လမ်း၊ ရွှေပြည်သာမြို့နယ် (ဒုဗိုလ်မှူးကြီးသာကျော်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုဗိုလ်မှူးကြီး သာကျော်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နုနုအေး ၁၂/ကမတ(နိုင်) ၀၄၄၆၁၂မှ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တင်ပြထားသောပါမစ်တွင် အိမ်ထောင်ဦးစီးဇယားမပါရှိ၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်စိုးမြင့် (ငြိမ်း)

ဂျပန်ခေတ်ဗိုလ်သင်တန်းကျောင်း(ဒုတိယပတ်)
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
B.C 6234 ဗိုလ်သင်တန်းအပတ်စဉ်(၇)
အသက်(၉၀)

ဦးသန့်စိုး-ဒေါ်သီတာ (Rainbow Groups of Companies)တို့၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း) အသက်(၉၀)သည် ၁၆-၆-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်အေး-ဒေါက်တာအေးအေးမြင့်
ကျော်သာဆောက်လုပ်ရေးအဖွဲ့ ကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါ်မြင့်မြင့်ခင် (မာမီ)

အသက်(၉၁)နှစ်

တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေး၊ ဆေးပညာအဆင့်အတန်းမြင့်မားရေး၊ ဆရာဝန်များ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးတို့အတွက် စွမ်းစွမ်းတမံ ကိုယ်ကျိုးစွန့်ပြီး ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ လုပ်သင့်တာတွေကို အမြဲလုပ်ဆောင်သွားတဲ့ မိခင်တမျှ ချစ်လှစွာသော မာမီ ကွယ်လွန်သွားသည့်အတွက် အထူးဝမ်းနည်းကြေကွဲခြင်းဖြစ်ရပါသည်။

ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)-
ဒေါက်တာဒေါ်ခင်လေးရီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းလှ

အသက်(၈၆)နှစ်
အမှတ် ၃၂/B ၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်ရှိ National Energy Development Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာဦးသိုက်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေ အထက်ပါကုမ္ပဏီမှ IB Gas အမှတ်တံဆိပ်ဖြင့် ရေနံဓာတ်ငွေ့ရည်များနှင့် Cylinder အိုးများကို ရောင်းချရာတွင် ဦးအောင်စိုးပိုင်(ရွှေဟသ်ာ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်) မီးရထားကြီးကြပ်ရေးရုံးရှေ့၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်ဆိုင်မှ ဓာတ်ငွေ့ရည်ဖိုး ငွေကျပ် ၁၈၂၉၃၂၇ (တစ်ဆယ့်ရှစ်သိန်း နှစ်သောင်းကိုးထောင့်သုံးရာနှစ်ဆယ့်ခုနစ်ကျပ်တိတိ)နှင့် Cylinder အိုး ၄၈ Kg (၇၃)လုံးဖိုး ငွေကျပ် ၅၂၅၆၀၀၀/ (ကျပ်ငါးဆယ့်နှစ်သိန်း ငါးသောင်းခြောက်ထောင်တိတိ) စုစုပေါင်းငွေကျပ် ၇၀၈၅၃၂၇/ (သိန်းခုနစ်ဆယ့်ရှစ်သောင်းငါးထောင့်သုံးရာနှစ်ဆယ့်ခုနစ်ကျပ်တိတိ)ကိုလည်းကောင်း၊

၂။ ဦးအောင်မြင့်ဦးပိုင် (သစ္စာရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်) အမှတ် ၁၄၊ မဟာဗန္ဓုလလမ်း၊ ၄၇ ရပ်ကွက်၊ ဒဂုံ(မြောက်)မြို့နယ်ဆိုင်မှ Cylinder ၄၈Kg၊ ၃၄ လုံးဖိုး (ငွေကျပ် ၂၄၄၈၀၀၀/) (ကျပ်နှစ်ဆယ့်လေးသိန်းလေးသောင်းရှစ်ထောင်တိတိ)ကိုလည်းကောင်း၊

၃။ ဦးအောင်လွင်ပိုင် (ဝေရတ် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်) အမှတ် ၁၅၇၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်ဆိုင်သို့ ဓာတ်ငွေ့ရည်ဖိုးငွေကျပ် ၁၁၄၇၄၅၈/(တစ်ဆယ့်တစ်သိန်းလေးသောင်းခုနစ်ထောင့်လေးရာငါးဆယ့်ရှစ်ကျပ်တိတိ) ကိုလည်းကောင်း၊ ကုမ္ပဏီသို့ပေးအပ်ရန် ပျက်ကွက်လျက်ရှိပါသည်။ ကုမ္ပဏီမှ အကြိမ်ကြိမ် လူလွှတ်၍လည်းကောင်း၊ စာပို့၍လည်းကောင်း ဆက်သွယ်တောင်းဆိုသော်လည်း အထက်ပါလူကြီးမင်းတို့ဆိုင်များမှ တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်းမရှိပါ။

သို့အတွက် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ ယုံကြည်စွာဖြင့် ပေးအပ်ထားသော Cylinder အိုးများနှင့် ဓာတ်ငွေ့ရည်ဖိုးများကို ဤကြော်ငြာပါပြီးခုနစ်ရက်အတွင်း မပျက်မကွက်ပေးအပ်ရန်နှင့် ပျက်ကွက်ပါက တည်ဆဲတရားဥပဒေနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားစွဲဆိုသွားရန် ကျွန်ုပ်အား အလုံးစုံညွှန်ကြားထားပြီးဖြစ်ကြောင်း သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပါးပါးနီ (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၃၁၁၃၈)

ဒေါ်တင်ဝင်းမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)

အမှတ် ၃၂/B ၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၂၂၁၁၉၉၊ ၀၉-၄၃၅၅၆၆၆၆

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

၂၀၁၄ ခုနှစ် ဇောတိကအမှတ်တံဆိပ် ဝါဆိုသင်္ကန်းဈေးနှုန်း

"အထင်ကြီး အထူးပါယ်ရှယ် ဝါဆိုသင်္ကန်းများ"

ရန်ကုန်မြို့ပေါ်ရှိ ဇောတိကသင်္ကန်း ပင်ရင်းအရောင်းဆိုင်များ

Email-contact@zawtika.com

HOT LINE

www.zawtika.com

၂၀၁၄ ခုနှစ် ဇောတိက ဝါဆို သင်္ကန်းဈေးနှုန်းများ အပြောင်းအလဲမရှိပါ။

ဇောတိက၏မှတ်ချက်

အဝတ်အထည် အချည်အထွေး ညီညွတ်သော ဈေးနှုန်း နာမည်ကြီးတဲ့ အမှတ်တံဆိပ် တနှစ်ထက်ရှိတဲ့ တလွှ ထို (၅) ခု ဖြစ်လိုကြသူ အလှူရှင်များ အမြဲထားပါ။

ဖောင်းကြွနံပါတ်ပြားပျောက် ဆုံးကြောင်းကြော်ငြာခြင်း

ယာဉ်အမှတ် 9G/3098 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဦးရာလူရမည်

မြောက်ဥက္ကလာ(၂)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီးပေါ်ရှိ (15'x60') မြေကွက်အား ပိုင်ရှင်ကိုယ်တိုင် အမြန် ရောင်းမည်။

ဈေးနှုန်း-(1700) သိန်း(ညှိနှိုင်း)

ဆက်သွယ်ရန်- 09-73089767 (ပွဲစားမလိုပါ)

FAME
Nature A®
Carotenoid complex
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Phototec®
Natural antioxidant for eye
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန် ၇၊ တိုက် ၁၉၊ အခန်း ၁၃ နေ ဒေါ်ခင်စိုးအေး ၁၃/နစန(နိုင်)၀၀၈၈၂၁၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးသီနှင့် ၄င်း၏ တရားလွှတ်တော်ရှေ့နေ ဦးအောင်အောင်ထွန်းတို့၏ ၄-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာနှင့် ၆-၆-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာများတွင်'အများသိစေရန်ကြေညာခြင်း'နှင့်စပ်လျဉ်း၍ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာပါသည်။

၄င်းတို့၏ ကြေညာချက်ပါ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၊ ကွင်းအမှတ် ၂၀၂၅၊ အကွက်အမှတ် F-၃၁၇ ဟုခေါ်တွင်သော ဝဒသမ၃၅ ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့မှာ မုံရွာခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၁၂/၂၀၀၇တွင် ၁၄-၁၁-၂၀၀၈ရက်က 'တရားပြိုင်၏ အိမ်ပြုပြင်ရန် ကုန်ကျစရိတ်ကို အမွေပုံပစ္စည်းမှကျခံခွင့်ပြုကာ၊ တရားလိုစွဲဆိုသည့်အတိုင်း အမွေပုံပစ္စည်း၏ထက်ဝက် ၁/၂ ကို တရားပြိုင်မှ ခွဲဝေပေးစေရန် ပဏာမဒီကရီချမှတ်လိုက်သည်'ဟု ပဏာမဒီကရီချမှတ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

အထက်ပါ မုံရွာခရိုင်တရားရုံး၏ ပဏာမဒီကရီအရ အမွေပုံပစ္စည်း၏ထက်ဝက် ၁/၂ ကို ဒေါ်ခင်စိုးအေးမှ ဒေါ်အေးသီသို့ ခွဲဝေပေးအပ်နိုင်ရန်အတွက် ဒေါ်ခင်စိုးအေးလက်ဝယ်ရှိ (ဦးကျော်မြင့်ထွန်း) ဒေါ်ခင်စိုးအေး ဂရန်အမည်ပေါက်ပိုင်မြေနှင့် ၄င်းပိုင်းမြေပေါ်ရှိအဆောက်အအုံတို့ကို ရောင်းချရန်အတွက် ကမ်းလှမ်းခြင်းကို ဖိတ်ခေါ်နေခြင်းသာဖြစ်ပါသည်။

ယင်းသို့ ဒေါ်ခင်စိုးအေးမှ မုံရွာခရိုင်တရားရုံး၏ ပဏာမဒီကရီအတိုင်း လိုက်နာဆောင်ရွက်ရန်စီစဉ်နေသည်ကို တရားရုံး၏စီရင်ချက်နှင့် ဒီကရီတွင် ပါရှိခြင်းမရှိသော "ဒေါ်အေးသီနှင့် ဒေါ်ခင်စိုးအေးတို့ နှစ်ဦးအတူတကွ ပိုင်ဆိုင်သောအိမ်နှင့်မြေဖြစ်ပါသည်။" "ထိုအိမ်နှင့်မြေအား တရားရုံးအမိန့်နှင့် ဒီကရီအရ ပိုင်ဆိုင်သူတစ်ဦးဖြစ်သည့် ဒေါ်အေးသီ"ဟူသောစကားရပ်များကို အသုံးပြုကာ သတင်းစာများတွင် ထည့်သွင်းရေးသား ကြေညာခဲ့ခြင်းမှာ တရားရုံးများအား မထီမဲ့မြင်ပြုရာရောက်စေပါသည်။

ဒေါ်ခင်စိုးအေးအနေဖြင့် မုံရွာခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၁၂/၂၀၀၇ တွင် ၁၄-၁၁-၂၀၀၈ရက်က ချမှတ်ခဲ့သည့် ပဏာမဒီကရီကိုလိုက်နာလျက် မိမိလက်ဝယ်ရှိ မိမိအမည်ပေါက် ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့ကိုရောင်းချကာ ဒေါ်အေးသီသို့ အမွေခွဲဝေပေးရန်စီစဉ်ဆောင်ရွက်နေခြင်းကို တားမြစ်ရန် ဥပဒေအရ အခွင့်အရေးမရှိ၍ ဒေါ်အေးသီနှင့် ၄င်း၏တရားလွှတ်တော်ရှေ့နေတို့၏ အများသိစေရန်ကြေညာခြင်းကို ပြန်လည်ရုပ်သိမ်းပေးရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာတရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာပါသည်။

ဒေါ်ခင်စိုးအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဝင်း (LL.B)	**ဒေါ်ခင်စိုးသိုက် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၉၆)	**အထက်တန်းရှေ့နေ (စဉ်-၂၅၂၀၀)**
ဇီဇဝါလမ်း၊ နယ်မြေ(၃)၊ ပေါက်ချောင်း(၁)ရပ်၊	**ဇီဇဝါလမ်း၊ နယ်မြေ (၃)၊ ပေါက်ချောင်း(၁)ရပ်၊**
မိတ္ထီလာမြို့	**မိတ္ထီလာမြို့**
ဖုန်း-၀၉-၄၃၁၀၆၅၈၁	**ဖုန်း-၀၉-၄၂၀၇၃၅၉၁၆**

ကျွန်တော်သိသော အဘဘိုးမင်းခေါင်အကြောင်းနှင့် အဘပေးသော ဂါထာဂုဏ်တော်ပူဇော်နည်းကိုယ်တွေ့အကျိုးများ

တည်ကြည်

မဇ္ဈိမစာပေ
အမှတ်(၂၃၇)၊ ၃၃လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၁ ၃၉၂၈၃၅၊ ၀၉ ၅၀၅၆၈၄၃၊ ၀၉ ၇၃၀၅၉၉၃၅

ပုရွက်ဆိတ်လိုလူသားလား နှင့် ဘဝအတွက်ပတ်စရာများ

သန်းထိုက်(ရွှေရိုး)

အနီးမြို့များရှိ City Mart, Ocean အစရှိသော စာအုပ်အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

မဇ္ဈိမစာပေ
အမှတ်(၂၃၇)၊ ၃၃လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၁ ၃၉၂၈၃၅၊ ၀၉ ၅၀၅၆၈၄၃၊ ၀၉ ၇၃၀၅၉၉၃၅

သက်ရှည်ကျန်းမာ အသက်(၁၀၀) နေလိုလျှင် (၁)(၂)

ဓေါက်ဓေါက်

အနီးမြို့များရှိ City Mart, Ocean အစရှိသော စာအုပ်အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

မဇ္ဈိမစာပေ
အမှတ်(၂၃၇)၊ ၃၃လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၁ ၃၉၂၈၃၅၊ ၀၉ ၅၀၅၆၈၄၃၊ ၀၉ ၇၃၀၅၉၉၃၅

ဝတ်တော်ကြီးဆယ်ဘွဲ့(အကျဉ်း) The Ten Jatakas

မြတ်မင်းလှိုင်

အနီးမြို့များရှိ City Mart, Ocean အစရှိသော စာအုပ်အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

မဇ္ဈိမစာပေ
အမှတ်(၂၃၇)၊ ၃၃လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၁ ၃၉၂၈၃၅၊ ၀၉ ၅၀၅၆၈၄၃၊ ၀၉ ၇၃၀၅၉၉၃၅

မိဘအမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ အလက(၁) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ကျော်ဝင်းထွဋ်၏ မိဘအမည်မှန်မှာ ဦးမင်းမင်း ၅/မကန(နိုင်)၀၅၉၉၀၄ နှင့် ဒေါ်အေးအေးခိုင် ၂/လကန(နိုင်) ၀၀၀၉၉၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၈ဃ/၁၈၆၄၉၊ လော်ဂျားဒရင်း 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ထွန်း ၁၃/တကန(နိုင်)၀၃၆၃၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(တောင်ကြီးမြို့)

ဖခင်အမည်မှန်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အထက(၂) နဝမတန်း(F) မှ မောင်ဇော်ခိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၇/ဝမန(နိုင်)၀၆၀၁၁၉ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်ဦး

ဖခင်အမည်မှန်

အေးသာယာမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(D) မှ မောင်သီဟသောင်းအေး၏ ဖခင်အမည်မှန်မှာ ဦးသောင်းအေး ၂/လကန(နိုင်)၀၂၃၃၅၄ ဖြစ်ပါကြောင်း။

ဦးသောင်းအေး

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

သီတဂူသုမေဓာဆေးရုံ လမ်းခင်းအလှူ ပါဝင်လှူဒါန်းနိုင်

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

ငွေလွှဲပို့ကလှူတော် KBZBank(AccountNo.00730200701690301) နှင့်အခြားဘဏ်များ

ကရုဏာစင်တာ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှုနှင့် ကရုဏာကုသိုလ်ဖြစ်ဆေးခန်း တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

"RC ကျွန်ုပ်၏ (၂)ထပ် ကရုဏာကုသိုလ်ဖြစ်ဆေးခန်း"

MLFB Bank ဘီလင်းဘဏ်ခွဲ အမှတ်စဉ် (SK-24)

ရှင်သာမဏေဘဝမြင့်မှာ ဝိပဿနာပညာဗိုလ်သင်တန်း

ဆရာဝန်များဦးစီးသည့် ဝံပြုလောက်သီ ကိုယ်ပိုင်အထက်တန်းကျောင်း

Since 1998

ယခုနှစ် (၁၀)တန်းကျောင်းအောင်ချက် ၉၀ %

ယခုနှစ် repeater တန်းခွဲအောင်ချက် ၁၀၀ %

ဝါဆိုသင်္ကန်းကပ်အလှူဖိတ်ကြားခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၇၇ ခုနှစ် (မတ်/နိုဝင်ဘာ) ကျောင်းဆင်းသူငယ်ချင်းများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်အလှူကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိသားစုနှင့်အတူ မပျက်မကွက်လာရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၉-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ
ကျင်းပမည့်နေရာ - မိုးညှင်းဝိပဿနာကျောင်းတိုက် ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း -၂၀)
သဃ်္ဃန်းကျွန်းမြို့နယ် တရားမရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၉

ဒေါ်ကြူကြူအောင် နှင့် ၁။ အက်စ်ပီအီးဆူရာဂျလူးနိုင်ဒူး
၂။ ဦးထွန်းအောင်ကျော်
၃။ ဦးခင်မောင်လတ်

တရားလို တရားပြိုင်များ

အမှတ်(၅)၊ သီရိမာလာလမ်း၊(ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ အက်စ်ပီအီးဆူရာဂျလူးနိုင်ဒူး(ယခုနေရပ်လိပ်စာမသိ)နှင့် အမှတ် ၂၀၊ ဘုရားလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးထွန်းအောင်ကျော်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဒေါ်ကြူကြူအောင်က ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁ ရက် (၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဇွန် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထွန်းအောင်
မြို့နယ်တရားသူကြီး
သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၂၅၃၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၄၅ရပ်ကွက်၊ ကြေးတိုင်လမ်း၊ ဂရန်မူရင်း၊ ပေ(၂၀×၆၀)၊ နှစ်ထပ်တိုက် R/C၊ အိပ်ခန်းသုံးခန်းပါ၊ရေ-နှစ်မျိုး၊တိုက်သစ် အသင့်ပြင်ဆင်ပြီး။

ဖုန်း-၀၉-၇၃၀၇၄၅၉၉

ပြင်ဆင် ဖတ်ရှုပါရန်

၈-၆-၂၀၁၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၈) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁) ဒေါ် မြင့်မြင့်သန်း+၁ ၏ အမည်ပြောင်းတွင် မြေကွက်လိပ်စာ ၃၁၁၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်အစား အမှတ် ၈၊ ရွှေဥဒေါင်းလမ်း (က+ဂ) ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရေခဲမုန့်၊ Snack ပျော်ရည်၊ သစ်သီးယိုမုန့်ဖုတ်သင်တန်း

EAC

0973071901

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၇၊ မြေကွက်အမှတ် ၄၃၊ မြေကွက်တည်နေရာ အမှတ် ၄၃၊ ကျောက်စိမ်းလမ်းသွယ်နှင့် နီလာလမ်းသွယ်ထောင့်၊ အမှတ် ၁၆၇၊ ရတနာအိမ်ရာ၊ သာကေတမြို့နယ် ဗိုလ်မှူးကြီးနေဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဗိုလ်မှူးကြီးနေဝင်းထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးကျော်ထွေးလွင် ၁၂/မဂတ(နိုင်)၀၂၂၂၈၇၊ ဒေါ်ရီရီကျော်ဝင်း ၁၂/မဂတ(နိုင်)၀၅၆၄၅တို့က ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

မြောက်ဥက္ကလာပမြို့နယ် အထက(၁) အဋ္ဌမတန်း(A)မှ ဦးခင်မောင်ရင်၏သား မောင်အာကာထက်ပိုင်အား မောင်ထက်အောင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထက်အောင်ကျော်

ပိုး

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမြတ်ခိုင် ၁၂/မဘန(နိုင်)၀၁၀၉၁၃၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဆရာဝန်မှတ်ပုံတင်စာအုပ်၊ ဘဏ်ငွေစုစာအုပ်နှင့် အခြားအရေးကြီးကတ်ပြားများပါသည့် သားရေပိုက်ဆံအိတ်သည် ၁၃-၆-၂၀၁၄ရက် (သောကြာနေ့) ညနေပိုင်းတွင် မင်္ဂလာဒုံမြို့နယ်အတွင်း၌ ပျောက်ဆုံးခဲ့ပါသဖြင့် လက်ခံတွေ့ရှိထားသူများ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၅၀၅၃၄၇၈၊ ၀၉-၅၁၁၉၉၀၁၊ ၀၁-၆၈၄၁၁၂၊ ၀၁-၆၈၅၅၅၈**

ရောင်းမည်(ပွဲစားမလို)

Ph : 01-2300302, 09-49255301

ကန့်ကွက်နိုင်ပါသည်

ဦးအောင်နိုင်
LL.B, D.B.L, D.I.L

ဒေါ်ဆွေဆွေလှိုင်(မိုး) ဒေါ်ယဉ်မြင့်မော်ဆွေ
LL.B, D.B.L LL.B

အများသိစေရန် အသိပေးကြေညာချက်

ဦးခင်မိုး တရားလွှတ်တော်ရှေ့နေ(စဉ်-၅၀၉၇)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ အောင်သိဒ္ဓိ(၃)လမ်း၊ မြေကွက်အမှတ် ၃၀၅/က ဟုခေါ်တွင်သည့် မြေအလျား×အနံ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်သည် ဦးကျောက်ခဲ TYT-၀၀၂၃၅၇ အမည်ပေါက်လျက်ရှိပြီး အဆိုပါမြေကွက်နှင့်အဆောက်အအုံအား လက်ရှိပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်စိုးဝင်း ၁၂/ဥကတ(နိုင်)၀၆၆၁၃၁ထံမှ ကျွန်မ ဒေါ်နိုင်နိုင်မော် ၁၂/ဒဂတ(နိုင်)၀၀၀၃၅၈က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နိုင်နိုင်မော် ၁၂/ဒဂတ(နိုင်)၀၀၀၃၅၈
ဖုန်း-၀၉-၅၀၇၄၁၄၂

ကြော်ငြာ ကြော်ငြာ ကြော်ငြာ

လှိုက်လှဲစွာဂုဏ်ပြုအပ်ပါသည်

United Registrar Of System (UK) မှ ပေးအပ်သော နိုင်ငံတကာ စံချိန် စံညွှန်း လက်မှတ်

ISO-9001:2008 Certificate အား ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ

ထိုက်ထိုက်တန်တန် ရရှိသည့်အတွက် လှိုက်လှဲစွာဂုဏ်ပြုအပ်ပါသည်။

ဒေါ်လေးမြင့် — ဦးသာရင်ဆေးတိုက်- Lwin Myint Aung Industrial Co.,Ltd

ဒေါ်ငွေငွေနိုင် — မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

M7C

မြန်မာ-ဂျပန်စင်တာ Business Plan Development နှင့် Financial Management သင်တန်းများဖွင့်မည်

[illegible] (MoC) ၊ [illegible] (UMFCCI) ၊ [illegible] (JICA) [illegible] (MJC) တွင် "Business Plan Development" နှင့် "Financial Management" သင်တန်းများကို [illegible] MJC [illegible]

Business Management Courses (July-Aug 2014) (30 hours Courses)

Subject	Time	Training Period	Language
Business Plan Development	7:30-10:30	Mon-Thur (Jul28-Aug 14)	English/Myanmar
Business Plan Development	8:30-18:00	Sat-Sun (Jul 26-Aug 3)	English/Myanmar
Business Plan Development	8:30-18:00	Sat-Sun (Aug 9-17)	English/Myanmar
Financial Management	7:30-10:30	Mon-Wed (11 Aug-1 Sep)	English/Myanmar
Financial Accounting	15:00-18:00	Mon-Wed (11 Aug-1 Sep)	English/Myanmar
Financial Management	8:30-18:00	Sat-Sun (Aug 23-31)	English/Myanmar

သင်တန်းကြေး - [illegible] ကျပ်

[illegible]

နေရာ - MJC သင်တန်းခန်းမ [illegible] UMFCCI Office Tower

[illegible]

[illegible]

MJC Experts များမှ [illegible] Tailor Made Program များကိုလည်း Door to Door System ဖြင့် ဆောင်ရွက်ပေးနေပါသည်။

[illegible]

မြန်မာ-ဂျပန်စင်တာ

ဖုန်း - [illegible]

ဖက်စ် - [illegible]

Email Address: mjc.businesscourse@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/2973၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သုံးခွမြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅

ဒေါ်အမာဘီ ပါ ၃ နှင့် ဒေါ်နွဲ့ကြည် ပါ ၉

(၁ နှင့် ၃ တရားလိုများ၏ ကိုယ်စားလှယ်စာရသူ
၂ တရားလို ဦးဘိုနီ)

တရားလိုများ **တရားပြိုင်များ**

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ လက်ပန်နန်းခလဲကျေးရွာအုပ်စု၊ လက်ပန်ကျေးရွာနေ တရားပြိုင်(၆) ဦးသိန်းစိုးနှင့် သုံးခွမြို့နယ်၊ ကျားဘိုကျေးရွာနေ တရားပြိုင်(၈)ဦးတင်မောင်သိန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဇူလိုင် ၃ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း၇ရက်) နံနက်၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဇွန် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မော်)
မြို့နယ်တရားသူကြီး
သုံးခွမြို့နယ်တရားရုံး

ဗိုက်ခြေါ်လင်/ဆေးပီအား

Full Auto [illegible]

[illegible]

PH:09 731 99 410

09420035882, 73199257

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁ဘီ၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား ၄၂၁၊ အေ/၄၂၁၊ မြေကွက်တည်နေရာအမှတ် ၂၇၊ လမ်း ၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (၁) Shanida Bi Bi (ခ)မတင်လှ၊ (၂) Mohamed Jamal(ခ)မောင်လှရွှေ၊ (၃) Nasirin Bi(ခ)Nai Li Win(ခ)နီနီ ဝင်း၊ (၄) Parwin Bi (ခ)ပပဝင်း အမည်ပေါက် နှစ်၉၀ရန်(သက်ကုန်)မြေအား အမည်ပေါက်လေးဦးအနက် တစ်ဦးဖြစ်သူ ဒေါ်တင်လှနှင့် ၎င်း၏ခင်ပွန်း ဦးရှိတ်ဟာမစ်ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး (၁)ဒေါ်စန်းစန်းအေး ၁၂/လမန(နိုင်)၁၂၂၈၂၇၊Mohamed Janal (ခ)မောင်လှရွှေနှင့် ဇနီးဒေါ်နယ်လီ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား (၂)ဦးဇင်မင်းလတ် ၁၂/မဂတ(နိုင်)၀၈၉၅၆၂တို့နှင့် ကျန် အမည်ပေါက် (၃)Nasirin Bi(ခ)Nai Li Win(ခ)နီနီဝင်း ၁၂/မဂတ(နိုင်)၀၇၁၅၇၀၊ (၄) Parwin Bi (ခ)ပပဝင်း ၁၂/သဃက (နိုင်) ၁၄၂၅၅၉တို့နှင့် ပူးတွဲပြီး ကတိသစ္စာပြုလွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ပြင်ဆင်ဖတ်ရှုပါရန်

၁-၆-၂၀၁၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၂၂ပါ မရမ်းကုန်းမြို့နယ် ဦးမောင်အုံး+၃၏ ပိုင်ဆိုင်မြေပုံကူးတွင် မြေကွက်အမှတ် ၂၉/က၏ တစ်စိတ်တစ်ဒေသ မိခင်ဒေါ်စိန် ရောင်းချခဲ့သည့် ပေ(၃၀×၅၀)ကို ချန်လှပ်၍ ကျန်ဧရိယာဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရေချိုမြို့ (ဆေးကုလားမ)

အောင်ဝဲနစ် ကွမ်းညှာနှံ (မျိုး)

သစ်မွေး နံ့သာဖြူ ၊ မှော်ကင်ရိုး၊ မျိုးပင်များ ရမည်။

0933233455, 09259179262, 0931535078

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကြော်ငြာကဏ္ဍ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

သုဓမ္မာလမ်းမ ပေ(၈၀×၅၀)၊ ပေ(၄၀×၁၂၀)၊
မ/ဥက္ကလာ စက်မှုဇုန် ပေ(၈၀×၁၂၀)
ဖုန်း-၀၉-၇၃၀၄၉၇၂၀
ပေ(၆၀×၆၀) ခြောက်ထပ်တိုက်ငှားရန်ရှိသည်။
ခြံအကျယ်ပေ(၆၀×၁၂၀)
(ယောမင်းကြီးရပ်ကွက်)
ဖုန်း-၀၉-၇၃၀၄၉၇၂၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၃

ဒေါ်ညိုညိုအေး	**နှင့်**	၁။ ဦးကျော်ရင်
		၂။ ဒေါ်သိန်းမြင့်
		၃။ ဒေါ်မြသွင်
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ရွှေရင်အေးဘုရားလမ်း၊ အမှတ် ၈၄၇(က)နေ (၁)တရားပြိုင် ဦးကျော်ရင်၊ (၂)တရားပြိုင် ဒေါ်သိန်းမြင့်(အတူနေဇနီးမောင်နှံ) နှင့်တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရဇလမ်း၊ အမှတ် ၁၄၇(ခ)နေ (၃)တရားပြိုင် ဒေါ်မြသွင် (ယခုနေရပ်လိပ်စာမသိသူများ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင် အရောင်းအဝယ် စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား လှယ်ရုံးတော် အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက် အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဇူလိုင် ၁ရက် (၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရ မည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇွန် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

မြင့်ထွေး
မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

ကြော်ငြာကဏ္ဍ

သုခိတာရာမ ဝါဆိုသင်္ကန်းကပ်လှူပွဲ ဝါခေါင်လပြည့်နေ့ကပ်လှူမည်

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်၊ လင်း/တောင်ရပ်ကွက်၊ ဗဟိုလမ်း ၊ သုခိတာရာမပရိယတ္တိစာသင်တိုက် (၃၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို (၁၃၇၆ခုနှစ်၊ ဝါခေါင် လပြည့်နေ့) ၁၀-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဆောက်လုပ်ဆဲငါးထပ်ကျောင်းဆောင်တော်ကြီး မြေညီထပ်တွင် ယခင်နှစ် များအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တရား တော်နှာ ဝါဆိုသင်္ကန်းကပ် ထမင်းသုံးဆောင်(ဖိတ်စာနှင့်တကွ)ကြွရောက် ပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းကပ်လှူရေးအဖွဲ့

ဒေါက်တာဦးသန်းထွန်း(ရွှေဘို)၏

(၅၅)အုပ်မြောက်စာအုပ်

ဆင်ကလေးပန်းလ

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

[illegible]

[illegible]	[illegible]
LL.B, D.B.L, D.I.L	LL.B, D.B.L LL.B
[illegible]	[illegible]

[illegible]

ကြော်ငြာကဏ္ဍ

အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၁၉၉၅-၂၀၀၀ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်/ဒဂုံတက္ကသိုလ် ဘူမိဗေဒကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၆-၁၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်တက္ကသိုလ်“တက္ကသိုလ်များ ဓမ္မာရုံ”တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဆန်းဝင်း(အော်ဒီ)	ဖုန်း-၀၉-၅၁၀၈၅၄၇
၂။ ရာဇာမျိုး(အရှည်ကြီး)	ဖုန်း-၀၉-၅၁၈၄၀၆၄
၃။ တင်မြင့်ဦး (အသေးလေး)	ဖုန်း-၀၉-၀၄၃၁၃၂၂၁၄
၄။ မြင့်တိုး (GK)	ဖုန်း-၀၉-၄၂၂၄၅၃၃၅၂
၅။ သက်မင်းမင်း(ပါးဖောင်း)	ဖုန်း-၀၉-၅၁၂၄၀၇၁
၆။ ပွင့်ပွင့်(ပိတ်ပိတ်)	ဖုန်း-၀၉-၂၅၀၅၁၆၄၇၈
၇။ ရဲကျော် (TP)	ဖုန်း-၀၉-၅၃၁၁၉၇၀
(၈)ဝေလင်းအောင်(ဂျပန်ကြီး)	ဖုန်း-၀၉-၇၃၀၉၈၀၂၃

KBZ Bank Account U Soe Moe Zar 0781210033182

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်း ၈၉၊၁၀၊ ၁၁(ကမာရွတ်)၊ အေးရိပ်မွန်အိမ်ရာ၊ မြေကွက်၂၅/င၊ ဧရိယာ ၀ဒသမ၁၁၈၈၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးအုံချောင်စိန်(ခ)ဦးထွန်းအောင် ONG YOKE HWA (ခ)ဒေါ်ခင်ခင်ထွေး ဖြစ်ပါသည်။ အဆိုပါ မြေ+အဆောက်အအုံအား အရောင်းအဝယ်စာချုပ်(၅၈၄/၂၀၁၄)၊အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြော်ငြာစာချုပ်(၂၆၈၄/ ၂၀၁၄) တို့ တင်ပြ၍ ဦးအောင်ဝင်း ၁၂/ဒဂန(နိုင်)၀၁၄၅၉၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာ ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀-တိုးချဲ့၊ မြေကွက်အမှတ် ၁၆၈၊ မြေကွက်တည်နေရာအမှတ် ၁၆၈၊ ၁၀-တိုးချဲ့ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဗိုလ်မှူး ပြုံးချို အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးပြုံးချို ကွယ်လွန်သဖြင့် ဒေါ်နန်းခင်ရီ ၁၂/ဒဂန (နိုင်)၀၁၂၀၉၁က တရားဝင်တစ်ဦး တည်း သောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသော အထောက်အထားများ ဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၇၁၊ မြေကွက်အမှတ် ၁၅၇၅/ခ၊ မြေကွက်တည်နေရာအမှတ် ၁၅၇၅/ခ၊အနော်ရထာလမ်း၊ ၇၁ ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် (ဒေါ်နုနုဆွေ) PLW-၀၇၅၃၉၅ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဒေါ်နုနုဆွေထံမှ အရပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးစိုးဝင်း ၁၂/ပဇတ(နိုင်)၀၂၇၄၇၀၊ ဒေါ်သိမ့်မီမီသူ ၁၂/မဂတ(နိုင်)၀၀၉၉၃၈တို့က ပါမစ် ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက် ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတင်ပြ ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

[illegible]
[illegible]

[illegible]

[illegible]
[illegible]

ကြော်ငြာကဏ္ဍ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆၊ မြေကွက်အမှတ် ၉၅၉/ခ၊ မြေကွက်တည်နေရာအမှတ် ၉၅၉/ခ၊ နဝရတ်လမ်းသွယ်(၉)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဦးတင်ငွေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ငွေ TKU-၁၀၀၉၇၇က ပါမစ် ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက် ထောက်ခံစာ၊ ကျမ်းကျိန်လွှာဝန်ခံချက် တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှား စာချုပ်(ဂရန်) လျှောက်ထားလာရာ ခုနစ် ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

[illegible]

ရန်ကုန်မြို့ အချက်အချာကျသောနေရာရှိမြေကွက် နှစ်ရှည်ငှားရမ်းလိုပါသည်

(၁) ဟိုတယ်ဆောက်လုပ်ရန်အတွက်ဖြစ်ပြီး အနည်းဆုံး အနှစ်(၃၀)နှစ်ရှည်ငှားရမ်းရပါမည်။
(၂) ရန်ကုန်မြို့၏ အချက်အချာနေရာတွင်ဖြစ်ပြီး မြေကွက်အကျယ်အဝန်း စတုရန်းပေ ၂၀၀၀၀ နှင့်အထက်ရှိရပါမည်။
(၃) မြေကွက်ငှားရမ်းခကိုတစ်နှစ်တစ်ကြိမ်ပေးချေမည်ဖြစ်ပြီး အနှစ်(၃၀)ပြည့်ပါက ဟိုတယ်အဆောက်အအုံအား မြေပိုင်ရှင်သို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။
(၄) အဆောက်အအုံဆောက်ရန်နှင့် လိုအပ်သည့်စီမံခန့်ခွဲမှုကိစ္စရပ်များအတွက် မြေပိုင်ရှင်မှ ငှားရမ်းသူတို့ Special Power ပေးအပ်ရပါမည်။
(၅) မြေကွက်ကို နိုင်ငံခြားသားသို့ တစ်ဆင့်ပြန်လည်ငှားရမ်းခွင့်ပြုရပါမည်။

Business Alliance Hub
အမှတ် ၁၂၆/က၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၂၇၃၉၊ ၀၁-၅၁၂၉၇၅၊ ၀၁-၅၁၂၆၈၃
ငှားရမ်းသူနှင့်တိုက်ရိုက်ပြောဆိုရန်ဖုန်း-၀၉-၄၃၀၉၆၄၆၇

ဦးသန့်ဇော် B.Sc, I.C.Q.DA, DMP, MBA, ACCA (UK)

PQI

LCCI I, II, III & MYOB

I&II Sec (D): Mon to Wed 9:00 - 11:00 am (သုံးရက်မြတ်)
Sec (E): Mon - Tue 7:00 - 8:30 am

ORION Business School

09 5115997, 09 73154401

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ [illegible]

ဦးခင်မောင်ဝင်း LL.B, D.B.L, D.I.L, Dip.CS, WIPO — ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, WIPO

Hein Htet San Law Firm

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

[illegible]

ဦးဇော်မိုးလွင် LL.B — ဦးသိန်းထွေး LL.B

[illegible]

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ လူနေရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၉၆၃၊ ကျော်သူ ၁၇ လမ်း၊ အကျယ် အဝန်းပေ(၂၀×၆၀)၊ စတုရန်းပေ ၁၂၀၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အုတ်ညှပ်နှစ်ထပ်တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ရှင်ဖြစ်သူ ဒေါ်သင်းသင်းမြတ် ၁၂/ဥကတ(နိုင်)၀၂၄၁၀၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါပြီးသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလင်းဘုန်းမြတ် (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၇၈၀၅)
ရုံးခန်း၊ အမှတ် ၁၅၈၊ ၁၆၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၃၁၀၅၇၅၈၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဦးဝင်းမြင့် (LL.B) (အထက်တန်းရှေ့နေ)

Win & Associates Legal Practitioner Group

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၇ ရပ်ကွက်၊ မြေကွက်အမှတ် ၁၀၉၄/ခ၊ ဧရိယာပေ(၂၀×၆၀) ဒေါ်ရင်နွဲ့အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြိုးသဉ္ဇာ ၆/မအရ(နိုင်)၀၈၅၃၅၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းနိုင် ၁၄/ဖပန(နိုင်)၁၀၆၄၈၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်မြတ်ဉာဏ် (ဥပဒေဘွဲ့) ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေများ
(ရုံး) ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၂၅၂၉၀၃၄၄၊ ၀၉-၅၀၉၂၉၈၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြေကွက်အမှတ် ၂၇၆(ခ)၊ မြေအကျယ် ပေ(၂၀×၆၀)ရှိ ဦးသန်းဖေ ၁၂/ရပသ(နိုင်)၀၂၂၄၇၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၇၆/ခ၊ သီရိမင်္ဂလာမြို့ပတ်လမ်း၊ ၄ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဇနီး ဒေါ်တင်မြင့် ၁၂/ရပသ(နိုင်)၀၂၃၃၄၃ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင်	ဦးနိုင်ဝင်း	ဦးထွန်းထွန်းလွင်
(စဉ်-၇၀၉၇)	(စဉ်-၃၁၁၁၁)	(စဉ်-၄၀၅၈၈)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ် ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

အများသိစေရန် ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	သိမ်းရာ	မှတ်ချက်
[illegible]	[illegible]	[illegible]	[illegible]	[illegible]

အများသိစေရန် ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	သိမ်းရာ	မှတ်ချက်
[illegible]	[illegible]	[illegible]	[illegible]	[illegible]

မြန်မာ့အလင်း

Brasil 2014

ကမ္ဘာ့ဖလားအထူးကဏ္ဍ

၂၀၁၄ခုနှစ်၊ ဇွန် ၂၂ ရက်၊ တနင်္ဂနွေနေ့။

AIR KBZ

ကမ္ဘာ့ဖလားပွဲအတွင်းက ခိုင်မာသော ပျက်ယွင်းမှုများ

■ဝေမိုးဆက်

စပိန်နဲ့ အင်္ဂလန်။ ဥရောပရဲ့ထိပ်တန်းအသင်းကြီး နှစ်သင်း၊ ကျော်ကြားမှုအစဉ်အလာအရ အားလုံးကို စိန်ခေါ်နိုင်စွမ်းရှိသူတွေ၊ ချန်ပီယံဟောင်းတွေ၊ လက်ရှိချန်ပီယံတွေ။ ပြောရရင် သူတို့ကို ဘယ်သူကမှ မပစ်ပယ်ရဲ၊ ခပ်နိမ့်နိမ့် မတွေးရဲ၊ သူတို့မှာ ကစားသမားကောင်းတွေရှိတယ်။ သူတို့မှာ ကမ္ဘာ့အကောင်းဆုံး အမှတ်ပေးပြိုင်ပွဲတွေရှိတယ်။ အဲဒီအတွက် သူတို့ကို အစဉ်အဆက် ဗိုလ်စွဲနိုင်သူ တွေလို့ မြင်ကြတယ်။ သူတို့ကို ဗိုလ်စွဲနိုင်တဲ့စာရင်းထဲ ရှေ့နားကျကျ ထားကြတယ်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာ နှစ်သင်းစလုံးက နှစ်ပွဲ ကစား၊ နှစ်ပွဲစလုံးရှုံးပြလိုက်တော့ အမြင်တွေအားလုံး တက်တက် စင်အောင် လွဲကုန်တယ်။ ဘာကြောင့်လဲ၊ ဘယ်လိုလဲဆိုတာ တွေကအစ မယုံကြည်နိုင်မှု၊ ယုံဖို့ခက်ခဲမှုတွေနဲ့အတူ ဂယက်တွေထ ကုန်တယ်။

အထူးသဖြင့် စပိန်။ သူတို့အင် သူတို့အား၊ သူတို့အစဉ်အလာ၊ သူတို့စုဖွဲ့မှုအရ အားလုံးက သူတို့အပေါ် သံယောဇဉ်အမျှင် မပြတ်နိုင်ကြဘူး။ ဗိုလ်မစွဲနိုင်ရင်တောင် ဆီမီး၊ ကွာတားလောက်တော့ ရောက်လာနိုင်ပါတယ်လို့ အထင်ကြီးကြတယ်။ အမြင်ရှိကြတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ထင်သလို ဖြစ်မလာခဲ့ဘူး။ နှစ်ပွဲကစား၊ နှစ်ပွဲရှုံး အုပ်စုက ထွက်လိုက်ရတယ်။ အားလုံးအတွက် ဝိရောဓိ။ ဘာကြောင့်လဲ။ တွေးမရကြဘူး။ အမှန်တကယ်ပျက်ယွင်းမှုလား။ တဒင်္ဂကယိမ်းကပါးနိုင်ခြင်းလေလား။ ကျွမ်းကျင်သူတွေကတော့ မဖြစ်တန်တာ တစ်ခုဖြစ်ခဲ့ပြီဆို ၄င်းအဖြစ်အပျက်ရဲ့နောက်မှာ မဖြစ်သင့်တာတစ်ခုဖြစ်သွားနိုင်လောက်တဲ့ အခြေခံအကြောင်းတရား ရှိကိုရှိရပါမယ်လို့ ထောက်ပြတယ်။ ဒါဟာ စပိန်တစ်သင်းတည်းအတွက်လည်း မဟုတ်ဘူး။ စပိန်နဲ့ အင်္ဂလန်နှစ်သင်းရဲ့ အခြေအနေနဲ့ အချိန်အခါနှစ်ခုတည်း လည်းမဟုတ်ဘူး။ ပေါ်တူဂီလည်းပါသလို ရော်နယ်ဒို လည်းပါတယ်။ မက်ဆီလည်းပါတယ်၊ ရွှန်းနေလည်း ပါသလို အင်္ဂလန်လည်းပါတယ်။ စပိန်ပါသလို ကော်စတာ လည်းပါ တယ်။

စာမျက်နှာ ၄ သို့

ရုရှားနှင့်ပွဲလိုကစားနိုင်ပါကအယ်လ်ဂျီးယားကို အနိုင်ယူနိုင်သည်ဟု တောင်ကိုရီးယားကစားသမားဂျီဒေါင်ဝမ်ယုံကြည်

ဗ - ၃

ဘယ်လ်ဂျီယံနဲ့ပွဲမှာ စိုးရိမ်စိတ်ကင်းကင်းနဲ့ အကောင်းဆုံးကစားသွားမည်ဟု ဆိုလိုက်သည့် ရုရှားအသင်းခေါင်းဆောင် အိုင်နာရှာဗစ်

ဗ - ၃

FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း

အသည်းအားဆေး

အသည်းရောင် ဘီပိုး စီပိုးကို နှိမ်နှင်းနိုင်တဲ့ တိုင်းရင်းဆေး

(ALT, ALP, AST), T.BIL

ပေါ်တူဂီနဲ့ ဘယ်လ်ဂျီယံအသင်းတို့ အမှတ်ပြည့်ရရှိဖို့ ရှန်းကန်ရနိုင်တယ်

ထက်အောင်

ဇွန်လ ၂၂ရက်ညမှာ ဘယ်လ်ဂျီယံနဲ့ ရုရှား၊ အမေရိကန်နဲ့ ပေါ်တူဂီအသင်းတို့လို ခြေစွမ်းကွာဟမှုကျဉ်းမြောင်းတဲ့အသင်းတွေ ရင်ဆိုင်ရမှာမို့ အနိုင်အရှုံးရလဒ်ထွက်ပေါ်လာဖို့ အလားအလာနည်းတာကို သတိပြုရမယ်။ တောင်ကိုရီးယားအသင်းကလည်း အယ်ဂျီးရီးယားအသင်းကိုအနိုင်ယူဖို့ ခက်ခက်ခဲခဲ ရှန်းကန်ရနိုင်တယ်။

ဘယ်လ်ဂျီယံ Vs ရုရှား	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၂-၆-၂၀၁၄၊ ည ၁၀း၃၀ Estadio do Maracana
နောက်ဆုံးဆုံတွေ့မှုရလဒ်	ရုရှား ၀-၂ ဘယ်လ်ဂျီယံ (၁၇-၁၁-၂၀၁၀)

ဘယ်လ်ဂျီယံရော ရုရှားပါ နောက်တစ်ဆင့်တက်ရောက်နိုင်ရေး မျှော်လင့်ချက်အတွက် အားထည့်လာမှာမို့ ပြိုင်ဆိုင်မှု ပြင်းထန်မယ့်ပွဲဖြစ်လာမှာပါ။ ဘယ်လ်ဂျီယံရဲ့ အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ အီဒင်ဟာဇက်က ဒဏ်ရာကြောင့် ဒီပွဲမှာပါဝင်နိုင်ရေး မသေချာပေမယ့် ဒမ်ဘီလီ၊ ဒီဘရူနီ၊ ချက်လီတို့နဲ့ပွဲထွက်လာမယ့် ဘယ်လ်ဂျီယံကွင်းလယ်က တောင့်တင်းမှုရှိနေတယ်။ ဒါပေမယ့် လူကာကူ ဦးဆောင်တဲ့ ဘယ်လ်ဂျီယံတိုက်စစ်ဟာ အယ်ဂျီးရီးယားနဲ့ပွဲမှာ ရရှိလာတဲ့ ဂိုးသွင်းခွင့်တွေကို အပိုင်အသုံးမချနိုင်ခဲ့တာကြောင့် အိုင်နာရှာဗစ်၊ ဘာရီဇူစကီ၊ ယက်စ်ချန်ကိုတို့ ဦးဆောင်လာမယ့် ရုရှားခံစစ်ကို ဖိအားပေးနိုင်ဖို့ခက်တယ်။ ရုရှားအသင်းနည်းပြ ကာပယ်လိုအနေနဲ့ ဘယ်လ်ဂျီယံရဲ့ တိုက်စစ်ဆင်မှုတွေကို ဟန့်တားနိုင်ဖို့ ကွင်းလယ်ကို အဓိကအားပြုတဲ့ပုံစံနဲ့ ပွဲထွက်လာနိုင်တာကြောင့် ဘယ်လ်ဂျီယံအသင်းအနေနဲ့ ရုရှားအသင်းအပေါ် စိတ်ကြိုက်စိုးမိုးကစားနိုင်မယ့် အခွင့်အရေးမျိုးရဖို့တော့ခက်တယ်။ ရုရှားရဲ့ အသင်းလိုက်ရှန်းအားက မဆိုးဘူး။ ဒါပေမယ့် ရုရှားအသင်းတိုက်စစ်ပိုင်းကလည်း အားနည်းချက်တွေရှိနေတာကို သတိပြုရမယ်။ အပြန်အလှန်ထိုးဖောက်မှုတွေ ရှိနိုင်ပေမယ့် နှစ်သင်းပေါင်း ဂိုးနည်းနည်းနဲ့ သရေကျသွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁

တောင်ကိုရီးယား Vs အယ်ဂျီးရီးယား	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၃-၆-၂၀၁၄၊ နံနက် ၁း၃၀ Estádio Beira-Rio
နောက်ဆုံးဆုံတွေ့မှုရလဒ်	တောင်ကိုရီးယား၂-၀ အယ်ဂျီးရီးယား (၁၄-၁၂-၁၉၈၅)

တောင်ကိုရီးယားရဲ့ အသင်းလိုက်ခြေစွမ်းပိုင်း အနည်းငယ်အားနည်းမှုရှိနေတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းထက်မြက်တဲ့ ကစားသမားတွေ ပါဝင်နေလို့ အယ်ဂျီးရီးယားအသင်းကို အကောင်းဆုံး ဖိအားပေးနိုင်စွမ်းရှိတယ်။ ဒါပေမယ့် ဆွန်ဟောင်မင်၊ ပတ်ချူယောင်တို့ ဦးဆောင်တဲ့ တောင်ကိုရီးယားတိုက်စစ်ဟာ အားနည်းချက်တွေရှိနေတာကြောင့် ပုံမှန်ဂိုးသွင်းခြေရဖို့ ရှန်းကန်နေရတယ်။ တောင်ကိုရီးယားရဲ့ခံစစ်ကလည်း အနည်းငယ်အားနည်းနေတာကို သတိပြုရမယ်။ အယ်ဂျီးရီးယားဟာ ဘယ်လ်ဂျီယံနဲ့ကစားခဲ့တဲ့ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားအုပ်စုအဖွင့်ပွဲမှာ ရှုံးပွဲကြုံတွေ့ခဲ့ရပေမယ့် ဦးဆောင်ဂိုးရအောင် ကစားနိုင်ခဲ့တဲ့အသင်းမို့ တောင်ကိုရီးယားအတွက် လွယ်ကူတဲ့ပြိုင်ဘက်တော့ဖြစ်လာမှာမဟုတ်ဘူး။ အယ်ဂျီးရီးယားရဲ့ အသင်းလိုက်စုစည်းမှု အနည်းငယ်အားနည်းနေတယ်။ ဒါပေမယ့် အယ်ဂျီးရီးယားရဲ့ အဓိက ကစားသမားအများစုဟာ ခြေစွမ်းပိုင်းကောင်းမွန်ပြီး ဥရောပအခြေစိုက်ကစားသမားတွေမို့ တောင်ကိုရီးယားကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်စွမ်းရှိတယ်။ အယ်ဂျီးရီးယားရဲ့ ခံစစ်ကလည်း ကစားပုံမဆိုးတာမို့ တောင်ကိုရီးယားတိုက်စစ်အနေနဲ့ ဂိုးရဖို့ ရှန်းကန်ရနိုင်တဲ့ အလားအလာရှိတယ်။ အယ်ဂျီးရီးယားအနေနဲ့ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် အမှားခံမှာမဟုတ်ဘဲ အားထည့်ကစားလာမှာပါ။ ခြေမကွာပေမယ့် အယ်ဂျီးရီးယားအသင်း တစ်ဂိုးအသာနဲ့ ကပ်နိုင်သွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၂

အမေရိကန် Vs ပေါ်တူဂီ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၃-၆-၂၀၁၄၊ နံနက် ၄း၃၀ Arena da Amazonia
နောက်ဆုံးဆုံတွေ့မှုရလဒ်	အမေရိကန် ၃-၂ ပေါ်တူဂီ (၅-၆-၂၀၀၂)

ပေါ်တူဂီအသင်းဟာ အမေရိကန်အသင်းနဲ့ရင်ဆိုင်ရတဲ့ပွဲတွေမှာ ခက်ခက်ခဲခဲ ရှန်းကန်ရတဲ့ အစဉ်အလာရှိတယ်။ အမေရိကန်အသင်းအနေနဲ့ ဒီပွဲမှာ အနိုင်ရခဲ့ရင် နောက်တစ်ဆင့် တက်ရေး သေချာသွားမှာမို့ အထူးအားစိုက်ကစားလာမှာပါ။ ဒါပေမယ့် အမေရိကန်ရဲ့ အသင်းလိုက်ခြေစွမ်းပိုင်း အနည်းငယ်အားနည်းမှုရှိပြီး အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ အယ်တီဒေါလည်း ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ အမေရိကန်အသင်းအနေနဲ့ ဂိုးရဖို့ ရှန်းကန်ရနိုင်တယ်။ အုပ်စုအဖွင့်ပွဲမှာ ဂျာမနီကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတဲ့ ပေါ်တူဂီကလည်း အသင်းရဲ့ ဂုဏ်သိက္ခာနဲ့ အုပ်စုတက်ရေးမျှော်လင့်ချက်အတွက် ခြေကုန်ထုတ် ကစားလာမှာပါ။ ဒါပေမယ့် အဓိကကစားသမား ရော်နယ်ဒိုရဲ့ ကြံ့ခိုင်မှုအခြေအနေ ရာနှုန်းပြည့် ကောင်းမွန်ခြင်းမရှိတာကြောင့် ပေါ်တူဂီအနေနဲ့ ဂိုးရရှိရေးအတွက် ခက်ခက်ခဲခဲရှန်းကန်ရနိုင်တယ်။ ဒ့ါအပြင် ခံစစ်မှူး ကွန်ထရာအိုလည်း ဒဏ်ရာပြဿနာနဲ့ကြုံတွေ့နေရလို့ ပေါ်တူဂီခံစစ်ပိုင်းပိုမိုအားနည်းသွားနိုင်တာကို သတိပြုရမယ်။ ပေါ်တူဂီမှာ နာနီ၊ ဗီလိုဆို၊ မော်တင်ဟိုတို့လို ကစားသမားကောင်းတွေရှိနေတာမို့ အမေရိကန်ကို အကောင်းဆုံးရင်ဆိုင်နိုင်မှာပါ။ ခြေမကွာလို့ သရေရလဒ်သာထွက်ပေါ်လာဖို့များတယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁

ဘယ်လ်ဂျီယံကစားသမားများ

အောင်မြင်မှုတွေ ပြန်လည်ဦးမော့လာနိုင်မယ်လို့ ဆိုလိုက်တဲ့ ပေါ်တူဂီကွင်းလယ်ကစားသမား ဗီလိုဆို

ပေါ်တူဂီကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ မီဂွဲလ်ဗီလိုဆိုကတော့ ယခုနှစ်ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်မှာ ပေါ်တူဂီအသင်းအနေနဲ့ ရလဒ်တွေမကောင်းခဲ့ပေမယ့် လာမယ့်ပွဲမှာတော့ အောင်မြင်မှုတွေရရှိပြီး အကောင်းဆုံးပြန်လည်ဦးမော့လာနိုင်မယ်လို့လည်း ပြောဆိုခဲ့ပါတယ်။

ပေါ်တူဂီအသင်းဟာ အဖွင့်ပွဲစဉ်မှာတော့ ဂျာမနီအသင်းကို ၄-၀နဲ့ အပြတ်အသတ် ရှုံးနိမ့်ခဲ့တာလည်းဖြစ်ပြီး လာမယ့် အမေရိကန်နဲ့ကစားရမယ့်ပွဲမှာတော့ ပီပီ(ပွဲပယ်ပြစ်ဒဏ်)၊ ပက်ထရီဆီယို(ပေါင်ဒဏ်ရာ)၊ ကွန်ထရာအို(ပေါင်ဒဏ်ရာ)တို့ဟာ အမေရိကန်နဲ့ ပွဲမှာ ပါဝင်ကစားနိုင်ဖို့မသေချာပါဘူးလို့လည်းဆိုရမှာပါ။

အဲဒါတွေနဲ့ပတ်သက်ပြီး ဗီလိုဆိုက"အသင်းမှာ ဒဏ်ရာ ရကစားသမားတွေများနေတာကို တွေ့ရတာကတော့ စိတ်မကောင်းစရာပါ။ အဲဒီထဲမှာမှ ကွန်ထရာအိုရဲ့ ဒဏ်ရာက အဆိုးဆုံးလို့ ပြောရမှာပါ။ ဂျာမနီနဲ့ပွဲကတော့ ကျွန်တော်တို့အသင်းအတွက်အဆိုးရွားဆုံးလို့ ပြောရမှာပါ။ အခုအချိန်မှာတော့ အမေရိကန်နဲ့ပွဲကို အကောင်းဆုံးကစားဖို့ကိုသာ အာရုံစိုက်နေရပါတယ်။ အဲဒီပွဲကိုအနိုင်ရရှိလိမ့်မယ်လို့လည်း ယုံကြည်နေပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

ဒ့ါအပြင် ပေါ်တူဂီအသင်းကပ္ပတိန်ဖြစ်သူ ရော်နယ်ဒိုရဲ့ ကြံ့ခိုင်မှုကလည်း သံသယဝင်စရာကောင်းနေပေမယ့် ဗီလိုဆိုကတော့ အမေရိကန်အသင်းနဲ့ပွဲမှာ ပါဝင်ကစားနိုင်ဖို့ရှိတယ်လို့ ထုတ်ဖော်ပြောဆိုထားပါတယ်။

အဲ့ဒါနဲ့ပတ်သက်ပြီး ဗီလိုဆို က "ကျွန်တော်ဟာ ဒေါက်တာတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကစားသမားတွေရဲ့အခြေအနေကိုတော့ မြင်နေရပါတယ်။ ရော်နယ်ဒိုရဲ့ အခြေအနေဟာ ကောင်းမွန်နေပါတယ်။ သူဟာလေ့ကျင့်ခန်းလုပ်နေပါတယ်။ ခုန်နေပါတယ်။ ဂိုးကန်သွင်းမှုတွေလည်း လုပ်နေတာကိုတော့ တွေ့နေရပါတယ်။ သူဟာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်တယ်ဆိုတာကိုလည်း ဘယ်သူကမှ မငြင်းပယ်နိုင်ပါဘူး။ သူ့ခြေထောက်ထဲ ဘောလုံးရောက်မှာကို ပြိုင်ဘက်ခံစစ်မှူးတိုင်းက ကြောက်ရွံ့ကြပါတယ်။ သူဟာ ကျွန်တော်တို့အသင်းရဲ့အဓိကအရေးကြီးတဲ့ တိုက်စစ်မှူးတစ်ဦးပါ။ ဒါကြောင့် လာမယ့် အမေရိကန်အသင်းနဲ့ပွဲမှာ သူဟာအသင်းအတွက် အရေးကြီးတဲ့ ကစားသမားတစ်ဦးအနေနဲ့ ပါဝင်လာမှာပါ"လို့ ပြောဆိုခဲ့ပါတယ်။

> "အခုအချိန်မှာတော့ အမေရိကန်နဲ့ပွဲကို အကောင်းဆုံးကစားဖို့ကိုသာ အာရုံစိုက်နေရပါတယ်၊ အဲဒီပွဲကိုအနိုင်ရရှိလိမ့်မယ်လို့လည်း ယုံကြည်နေပါတယ်"

ကွင်းလယ်ကစားသမား ဗီလိုဆိုဟာ ပေါ်တူဂီအသင်းမှာ ၂၀၀၇ခုနှစ်ကတည်းက ကစားနေခဲ့တဲ့ ဝါရင့်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနဲ့အတူ ပွဲပေါင်း ၅၀ပါဝင်ကစားထားကာ ၂ဂိုးသွင်းယူပေးထားတဲ့သူလည်းဖြစ်ပါတယ်။

ဒ့ါအပြင် ပေါ်တူဂီအသင်းအနေဖြင့် အုပ်စုအဆင့်မှဖြတ်ကျော်ပြီး ၁၆သင်းအဆင့်ကို တက်ရောက်နိုင်ဖို့ကတော့အမေရိကန်အသင်းကို အနိုင်ကစားဖို့လိုသလို တတိယပွဲစဉ်အဖြစ်ကစားရမယ့် ဂါနာအသင်းနဲ့ပွဲကိုလည်း အနိုင်ကစားဖို့လိုအပ်နေပါတယ်။

အောင်က

ဘယ်လ်ဂျီယံနဲ့ပွဲမှာ စိုးရိမ်စိတ်ကင်းကင်းနဲ့ အကောင်းဆုံးကစားသွားမည်ဟု ဆိုလိုက်သည့်

ရုရှားအသင်းခေါင်းဆောင် အိုင်နာရှာဗစ်

ရုရှားအသင်းသည် အုပ်စုအဖွင့်ပွဲတွင် ရလဒ်ကောင်းများ ရယူနိုင်ခြင်းမရှိခဲ့သော်လည်း ဘယ်လ်ဂျီယံနှင့် ကစားမည့်ပွဲအတွက် အဆင်သင့် အနေအထားတွင်ရှိနေကြောင်း ရုရှားအသင်းခေါင်းဆောင် အိုင်နာရှာဗစ်က ပြောဆိုသွားသည်။

ရုရှားအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် တောင်ကိုရီးယားနှင့်ကစားခဲ့သည့်ပွဲတွင် အမှားများခဲ့သည့်အတွက် အကောင်းဆုံးခြေစွမ်းမရရှိခဲ့သဖြင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ရသည်။ ယခု ဒုတိယပွဲစဉ်အဖြစ် ကစားရမည့် ဘယ်လ်ဂျီယံအသင်းမှာ အဖွင့်ပွဲတွင် အယ်ဂျီးရီးယားကို ၂-၁ ဖြင့် အနိုင်ရရှိခဲ့သည်။

အိုင်နာရှာဗစ်က ' 'စိုးရိမ်စိတ်ဖြစ်ခဲ့ခြင်းက ကျွန်တော်တို့ရဲ့ ခြေစွမ်းကောင်းတွေကို ပျောက်သွားစေပါတယ်။ ကိုရီးယားနဲ့ပွဲရဲ့ ပထမပိုင်းမှာ ကျွန်တော်တို့ အမှားတွေ အများကြီး လုပ်ခဲ့တယ်လို့ ထင်ပါတယ်။ ဒါက ကျွန်တော်တို့ရဲ့ ပုံမှန်ကစားနေကျပုံမဟုတ်ခဲ့ပါဘူး။ ဒါပေမယ့် သူတို့ကို ဦးဆောင်ဂိုးပေးခဲ့ရတဲ့နောက်မှာတော့ ကျွန်တော်တို့ ကစားပုံအနည်းငယ်ပြန်ကောင်းလာခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ အခွင့်အရေးတွေက ကျွန်တော်တို့လက်က ဆုံးရှုံးခဲ့ပြီဆိုတာကို သိလိုက်ရပါတယ်။ ဒါကြောင့် နည်းပြ ကာပယ်လိုကလည်း ကျွန်တော်တို့မှာ ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံရှိနေတာမို့ ကိုရီးယားပွဲတုန်းကလိုမျိုး စိုးရိမ်စိတ်တွေ ထပ်မဖြစ်သင့်တော့ဘူးလို့ ပြောဆိုခဲ့ပါတယ်"ဟု ပြောသွားသည်။

> စိုးရိမ်စိတ်ဖြစ်ခဲ့ခြင်းက ကျွန်တော်တို့ရဲ့ ခြေစွမ်းကောင်းတွေကို ပျောက်သွားစေပါတယ်။ ကိုရီးယားနဲ့ပွဲရဲ့ ပထမပိုင်းမှာ ကျွန်တော်တို့ အမှားတွေ အများကြီး လုပ်ခဲ့တယ်လို့ ထင်ပါတယ်။

ထို့အပြင် ရုရှားလက်ရွေးစင်အသင်းအတွက် ဒုတိယမြောက်ပွဲ အများဆုံးကစားပေးထားသည့် အိုင်နာရှာဗစ်က "ဒီပွဲဟာ ခက်ခဲမယ့်ပွဲဖြစ်သလို ကျွန်တော်တို့အတွက် အလွန်အရေးကြီးတဲ့ ပွဲလည်းဖြစ်ပါတယ်။ နောက်ပြီး ဒီပွဲမှာ ကျွန်တော်တို့ရဲ့ ရှိသမျှအစွမ်းနဲ့ အစွမ်းကုန်ကြိုးစားသွားမှာဖြစ်သလို ကိုရီးယားနဲ့ပွဲကထက် ကစားပုံပိုမိုကောင်းမွန်အောင် ကစားသွားမယ်ဟု ယုံကြည်ပါတယ်"ဟု ပြောသွားသည်။

ဖြိုးဒေါ်လာ



အိုင်နာရှာဗစ်

ပြင်သစ်အသင်းဟာ ၂၀၁၄ ကမ္ဘာ့ဖလားအုပ်စု ဒုတိယပွဲစဉ်အဖြစ် ဆွစ်ဇာလန်နဲ့ကစားတဲ့အခါ ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး အုပ်စု (E) မှာတော့ နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ခြောက်မှတ်နဲ့ ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ပြင်သစ်အသင်းရဲ့ တိုက်စစ်မှူး ဘင်ဇီမာလည်း ဆွစ်ဇာလန်နဲ့ပွဲမှာ တစ်ဂိုးသွင်းယူနိုင်ခဲ့လို့ ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာတော့ နှစ်ပွဲကစား သုံးဂိုးသွင်းယူနိုင်ခဲ့လို့ ဂိုးအများဆုံး သွင်းယူနိုင်သူတွေထဲမှာ ပါဝင်နေပြီဖြစ်ပါတယ်။

ပြင်သစ်အတွက် ဘင်ဇီမာ

ဘင်ဇီမာ

တိုက်စစ်မှူး ဘင်ဇီမာဟာ အခု ဆွစ်ဇာလန်နဲ့ပွဲမှာ ပွဲချိန် ၆၇ မိနစ်မှာတစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ပထမပွဲစဉ်ဖြစ်တဲ့ အီကွေဒေါကို သုံးဂိုးပြတ်နဲ့ နိုင်တဲ့ပွဲမှာ ၄၅ မိနစ်မှာ ပယ်နယ်တီ တစ်ဂိုး၊ ၇၂ မိနစ်မှာ တစ်ဂိုးသွင်းယူခဲ့တာမို့ အခုဆိုရင် စုစုပေါင်း သုံးဂိုးသွင်းယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဘင်ဇီမာရဲ့ ဂိုးသွင်းနိုင်မှုအချိန်ကို တွက်ချက်ကြည့်တဲ့အခါ တစ်ဂိုးသွင်းချိန် ပျမ်းမျှ မိနစ် ၆၀ ကြာမြင့်ခဲ့တယ်လို့ ဆိုပါတယ်။ ဘင်ဇီမာဟာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ နှစ်ပွဲမှာ စုစုပေါင်းကစားချိန် မိနစ် ၁၈၀ အတွင်းမှာ သုံးဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ကစားချိန် မိနစ် ၁၈၀ အတွင်းမှာ ကစားဖော်တွေကို ဂိုးသွင်းနိုင်ဖို့ အထောက်အကူနဲ့ ဖန်တီးမှုတွေပေးနိုင်ခဲ့သလို ဆွစ်ဇာလန်နဲ့ပွဲမှာလည်း ကစားဖော်တွေ ဂိုးသွင်းနိုင်ဖို့ နှစ်ကြိမ်ဖန်တီးပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ဘင်ဇီမာရဲ့ ဂိုးသွင်းနိုင်မှု အနေအထားကတော့ နှစ်ပွဲစလုံးခြုံကြည့်ရင် ၆၇ ရာခိုင်နှုန်းရှိနေပြီး ဒီကမ္ဘာ့ဖလားပွဲမှာ သုံးဂိုးစီသွင်းယူထားကြတဲ့ ဗန်ပါစီ၊ နေမာ၊ မူလာနဲ့ အီကွေဒေါ တိုက်စစ်မှူး ဗလန်စီယာတို့ထက် အဆုံးသတ်မှုအပိုင်း အားနည်းနေတယ်လို့ သုံးသပ်နေကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ၂၀၁၄ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ် နှစ်ပွဲကစားပြီးချိန်မှာ သုံးဂိုးစီသွင်းယူထားကြတဲ့ တိုက်စစ်မှူးတွေကတော့ ဒီနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ရွှေဖိနပ်ဆုကို မျှော်မှန်းနေကြပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ စုစုပေါင်း ငါးဂိုးသွင်းယူခဲ့တဲ့ သောမတ်မူလာ၊ ဒေးဗစ်ဗီလာ၊ ဖော်လန်နဲ့စနိုက်ဒါတို့ ရရှိခဲ့ပေမယ့် ဒီနှစ် ဘယ်သူတွေ ဂိုးအများဆုံးသွင်းယူနိုင်မယ်ဆိုတာကလည်း စိတ်ဝင်စားစရာပါပဲ။

ကိုဝ

ရုရှားနှင့်ပွဲလို ကစားနိုင်ပါက အယ်ဂျီးရီးယားကို အနိုင်ယူနိုင်သည်ဟု တောင်ကိုရီးယားကစားသမား ဂျီဒေါင်ဝမ် ယုံကြည်

တောင်ကိုရီးယားကစားသမား ဂျီဒေါင်ဝမ်က အယ်ဂျီးရီးယားနှင့်တွေ့ဆုံမည့် အုပ်စုဒုတိယပွဲစဉ်တွင်လည်း ရုရှားနှင့်ကစားခဲ့သည့် ခြေစွမ်းမျိုးပြသကာ အနိုင်ယူသွားနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။ တောင်ကိုရီးယားအသင်းသည် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ရေးအတွက် အယ်ဂျီးရီးယားအသင်းကို အနိုင်ရရှိရန် လိုအပ်နေသည်။ အယ်ဂျီးရီးယားအသင်းသည် အဖွင့်ပွဲတွင် ဘယ်လ်ဂျီယံကို ၂-၁ ဖြင့် ရှုံးနိမ့်ခဲ့ရသည့်အသင်းဖြစ်သည်။

အယ်ဂျီးရီးယားအသင်းသည် ဘယ်လ်ဂျီယံနှင့်ကစားခဲ့သည့်ပွဲတွင်လည်း ခြေစွမ်းကောင်းများ ပြသထားခဲ့ပြီး ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲအပြီးတွင် ရှုံးနိမ့်ခဲ့သည်။

ဂျီဒေါင်ဝမ်က "ဘယ်လ်ဂျီယံနဲ့ အယ်ဂျီးရီးယားတို့ကစားခဲ့တဲ့ပွဲကို ကျွန်တော်ကြည့်ဖြစ်ခဲ့ပါတယ်။ အယ်ဂျီးရီးယားအသင်းရဲ့ နောက်တန်းကစားသမားတွေဟာ လျင်မြန်မှုရှိသလို တစ်ယောက်ချင်းစီမှာ ကိုယ်ပိုင်အရည်အသွေးတွေရှိနေပါတယ်။ ဒါကြောင့် အယ်ဂျီးရီးယားကို အလွယ်တကူအနိုင်ရဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ အယ်ဂျီးရီးယားနဲ့ကစားတဲ့ပွဲမှာ ရုရှားနဲ့ကစားသလိုသာ ကစားနိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့အတွက် အခွင့်အရေးကောင်းတွေရလာမှာဖြစ်ပါတယ်" ဟု ပြောသွားသည်။

ဖြိုးဒေါ်လာ

ရော်နယ်ဒိုကိုရင်ဆိုင်ဖို့ အကောင်းဆုံးပြင်ဆင်ထားတယ်လို့ဆိုတဲ့ အမေရိကန် ကွင်းလယ်ကစားသမား ဘက်ခါမန်

အောင်က

ပေါ်တူဂီတိုက်စစ်မှူး ရော်နယ်ဒိုရဲ့ ကြံ့ခိုင်မှုအခြေအနေနဲ့ပတ်သက်ပြီး ဘယ်လိုရှိမယ်ဆိုတာကိုမသိရပေမယ့် အမေရိကန်အသင်းအနေနဲ့ကတော့ ရော်နယ်ဒိုရဲ့တိုက်စစ်ကို အကောင်းဆုံး ခုခံကာကွယ်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေကို ပြုလုပ်ထားတယ်လို့ အမေရိကန် ကွင်းလယ်ကစားသမား ဘက်ခါမန်က ပြောဆိုလိုက်ပါတယ်။

ပေါ်တူဂီတိုက်စစ်မှူး ရော်နယ်ဒိုဟာ ဂျာမနီကို ၄-၀နဲ့ရှုံးနိမ့်ခဲ့တဲ့ အဖွင့်ပွဲစဉ်တုန်းကလည်း သူ့ရဲ့ကြံ့ခိုင်မှုဟာ အပြည့်အဝမရရှိထားခဲ့သလို ပြီးခဲ့သောရက်ပိုင်းကလည်း လေ့ကျင့်ရေးကွင်းမှာ ဒူးဒဏ်ရာကြောင့်အနားယူနေခဲ့ရတဲ့ သတင်းတွေ ထွက်ပေါ်ခဲ့ပြီး ပေါ်တူဂီအသင်းမှာ သူ့ရဲ့ပါဝင်နိုင်ရေးဟာ သံသယဖြစ်စရာရှိနေခဲ့ပါတယ်။

ဒါပေမယ့် ပေါ်တူဂီအသင်းကနေ ထွက်ပေါ်နေခဲ့တဲ့ သတင်းတွေထဲမှာတော့ တိုက်စစ်မှူးရော်နယ်ဒိုရဲ့ အသင်းမှာပါဝင်နိုင်ရေးဟာ သေချာမှုရှိနေတယ်လို့လည်း ဆိုပါတယ်။

ဒါပေမယ့် အမေရိကန်အသင်းရဲ့ ကွင်းလယ်ကစားသမားဘက်ခါမန်ကတော့ အုပ်စုပထမပွဲစဉ်မှာ ဂါနာအသင်းကို အနိုင်ကစားထားတဲ့ အမေရိကန်အသင်းအနေနဲ့ ပေါ်တူဂီအသင်းသာမက တတိယပွဲအဖြစ်ကစားရမယ့် ဂျာမနီအသင်းနဲ့ပွဲကိုပါ အကောင်းဆုံးအနိုင်ကစားသွားပြီး အုပ်စုအဆင့်ဖြတ်ကျော်ကာ ၁၆သင်းအဆင့်အထိရောက်နိုင်လိမ့်မယ်ဟု ယုံကြည်မိကြောင်းလည်းပြောဆိုခဲ့ပါတယ်။

အနိုင်ရရှိဖို့အတွက် အစွမ်းကုန်ကြိုးစားသွားမှာပါ။ ဒါပေမယ့်ဒီပွဲမှာ ပေါ်တူဂီအသင်းအနေနဲ့ကလည်း အနိုင်ရမှုကိုဖြစ်တဲ့အတွက် အကောင်းဆုံးကစားသွားသေချာပါတယ်။ ဒီပွဲဟာ ကျွန်တော်တို့အတွက်တော့အရမ်းကို ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်လာမှာ သေချာပါတယ်

အမေရိကန်အသင်းနဲ့ပတ်သက်ပြီး သတင်းထောက်တွေကို ဘက်ခါမန်က "ကျွန်တော်တို့အသင်းအနေနဲ့ ဒီလိုအသင်းနဲ့တွေ့ဆုံကစားရဖို့အတွက် စောင့်နေတာကြာပါပြီ။ ကျွန်တော်တို့အသင်းအနေနဲ့ ပေါ်တူဂီကစားသမား ၁၁ယောက်လုံးရဲ့ အသေးစိတ် အချက်အလက်တွေကို သိနေပြီး အဲဒီကစားသမားတိုင်းကိုလည်း အထူးအာရုံစိုက်နေပါတယ်။ ဒါ့အပြင် ရော်နယ်ဒိုရဲ့ တိုက်စစ်ပိုင်းနဲ့ပတ်သက်ပြီး ပိုမိုသိထားရပါတယ်။ သူကတော့ အသင်းအတွက် အဓိက သတိထားရမယ့်သူလည်းဖြစ်ပါတယ်။ တကယ်လို့သူနဲ့ပတ်သက်ပြီး သတိတစ်ချက်လွတ်ပြီး သူ့ရဲ့ခြေထောက်ထဲကို ဘောလုံးရောက်သွားခဲ့မယ်ဆိုရင်တော့ အဲဒီဘောလုံးဟာ ဂိုးထဲကိုဝင်သွားတာကို တွေ့ရမှာပါ။ ဒါ့ကြောင့် သူဟာအသင်းအတွက်တော့ အဓိကအရေးစိုက်ရမယ့် ကစားသမားအဖြစ်ရှိနေပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ဘက်ခါမန်ရဲ့ကစားဖော်ဖြစ်တဲ့ ဂျာမိန်းဂျုံးစ်ကလည်း "ဒီပွဲကို အနိုင်ရရှိဖို့အတွက် အစွမ်းကုန်ကြိုးစားသွားမှာပါ။ဒါပေမယ့် ဒီပွဲမှာပေါ်တူဂီအသင်းအနေနဲ့ကလည်း အနိုင်ရမှုကိုဖြစ်မှာ ဖြစ်တဲ့အတွက် အကောင်းဆုံးကစားသွားမှာ သေချာပါတယ်။ ဒီပွဲဟာ ကျွန်တော်တို့အတွက်တော့ အလွန်ကို ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်လာမှာ သေချာပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

စာမျက်နှာ ၁ မှ

အရှင်းဆုံးပြောရရင် ပြိုင်ပွဲတစ်ခုလုံးကို ခြုံငုံပြီးမှပြောတဲ့စကား။ ဖြစ်ခဲ့၊ ပျက်ခဲ့မှုတွေကို အခြေခံပြီးမှ ထွက်လာတဲ့စကား။ လက်တွေ့ကျကျပြောရရင် ပေါ်တူဂီဟာအဖွင့်မှာ ဂျာမနီကို ဂိုးပြတ်ရှုံးတယ်။ ဒီအထင်နဲ့ ဒီအထင်ကြား။ ဒီလောက်အထိကွာနေစရာလားလို့ မတွေးကြနဲ့။ အဲဒီလိုဖြစ်လောက်တဲ့ အခြေခံ အကြောင်းတရားခိုင်ခိုင်မာမာကို ပေါ်တူဂီမှာရှိတယ်။ အထူးသဖြင့် ရော်နယ်ဒို၊ အားလုံးက ဒီပြိုင်ပွဲမှာ သူ့ကို အထူးဂရုပြုကြတယ်။ သူက ၂၀၁၃ရဲ့ ကမ္ဘာ့ဖလားအကောင်းဆုံးဘောလုံးသမားခြေစွမ်းနဲ့ အသက်အပိုင်းအခြားအရ အရင့်မှည့်ဆုံး အချိန်၊ အဲဒီတော့ သူ့ကိုဒီပြိုင်ပွဲမှာ ဂိုးသွင်းဘုရင်ဆုကအစ၊ အကောင်းဆုံးဘောလုံးသမားဆုအဆုံး ခပ်မြင့်မြင့်မျှော်လင့်ကြတယ်။ တွေးကြတယ်။ ပြီးတော့ သူနဲ့ပတ်သက်ပြီး ပေါ်တူဂီကို မျှော်လင့်ကြတယ်။ သူ့အနေနဲ့ ပေါ်တူဂီကို ဘယ်လောက်ဆွဲမြှင့်နိုင်မလဲတွက်ကြတယ်။

ဒါပေမယ့်အဲဒီမှာ ဘယ်သူမှ မတွေးမိတာက ရော်နယ်ဒိုရဲ့ခြေကုန်လက်ပန်းကျမှု၊ အထူးသဖြင့် သူဟာ ပြီးခဲ့တဲ့ရာသီတုန်းက ရီးရဲအတွက် ရေကုန်ရေခန်းပေးဆပ်ခဲ့ရတဲ့သူ။ ရာသီအစကနေ ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲအထိသူဟာ ရီးရဲအတွက် ရှိသမျှအားကို အကုန်သုံးခဲ့ပြီးသား။ အဲဒီအတွက် သူ့မှာ ဒဏ်ရာအချို့ရလာတယ်။ သူ့မှာ ထပ်ပြီးညှစ်ထုတ်စရာအားလည်း မရှိတော့ဘူး။ ဒါဟာ အမြင်နဲ့သွေဖည်ခြင်းရဲ့ အဓိကပြဿနာ။ သူမှမဟုတ်ဘူး။ မက်ဆီလည်း ဒီလိုပဲ။ အထူးသဖြင့် မက်ဆီဟာ ပြီးခဲ့တဲ့ရာသီမှာကတည်းက ဒဏ်ရာနဲ့လုံးချာလိုက်နေရသူ။ သူ့မှာ အဲဒီရာသီကတည်းက အဲဒီလိုဒဏ်ရာတွေကြားကနေ ဘာစီလိုနာအတွက် လိုတာထက်ပို အနားမယူခဲ့တဲ့သူ။ ဒီတော့ မက်ဆီလည်း ကမ္ဘာ့ဖလားအတွက် ကြံ့ခိုင်မှုက ၁၀၀ ရာခိုင်နှုန်းမရှိဘူး။ ပြောချင်တာက ဒီလိုကစားသမားတွေရဲ့ ဒီလိုအခြေအနေဟာ သူတို့ကို အဓိကထားတဲ့ သူတို့အသင်းတွေအတွက် ထိထိခိုက်ခိုက်ပိုဖြစ်တော့တယ်။ အာဂျင်တီးနားက ကစားသမားကောင်းတွေများတော့ ခုသာခံသာရှိပေမယ့် ရော်နယ်ဒိုတစ်ဦးတည်းကို အမှီပြုထားရတဲ့ ပေါ်တူဂီကျတော့ အဆိုးဆုံး အခြေအနေဖြစ်သွားရတယ်။

ပြောရရင် အဲဒီလိုဒဏ်ကို စပိန်လည်း ခံရတာပဲ။ အင်္ဂလန်လည်း ခံရတာပဲ။ စပိန်ကို ကြည့်။ တစ်သင်းလုံးပင်ပန်းနွမ်းနယ်နေတဲ့ပုံပေါ်နေတယ်။ ပြောရရင် စပိန်ဟာ ရီးရဲ၊ အက်သလက်၊ ဘာစီလိုနာသုံးသင်းနဲ့အများစု အထိုင်ချထားတဲ့အသင်း။ ပြီးတော့ အဲဒီအသင်းက အဓိက ကစားသမားတွေချည်းပဲ။ အဲဒီအသင်းတွေက မနှစ်က ဥရောပပွဲတွေ အတော်များများ ပြည်တွင်းပွဲတွေ အတော်များများ ကစားခဲ့ရတဲ့ အသင်းတွေ။ အဲဒါကို ထပ်ပေါင်းထုတ်တာက ဘော့စကေးရဲ့ အမှား။ အထူးသဖြင့် ဘော့စကေးဟာ တိုက်စစ်အတွက် ဖွဲ့စည်းမှု ကြီးကြီးမားမား မှားတယ်။ သူက ကော်စတာကို အားကိုးလွန်းတယ်။ ကော်စတာက မနှစ်က အက်သလက်နဲ့အတူ ရာသီအကုန်ပိုင်းမှာတင် ဒဏ်ရာပြဿနာရှိခဲ့သူ။ သူ့မှာ ကြံ့ခိုင်မှု မပြည့်ဝဘူး။ ပြီးတော့ စပိန်နဲ့ ပူးပေါင်းကစားဖူးတဲ့အကြိမ်ကလည်း သိပ်နည်းတယ်။ ဒီတော့ ခြေစွမ်းပျောက်နေတဲ့ကြားက တွဲဖက်မမိတဲ့အခါ ကော်စတာဟာ လူပို သက်သက်ဖြစ်သွားတယ်။ ပြောရရင် အဲဒီမှာ ဘော့စကေးဟာ အရန်အစီအစဉ်လည်း လုပ်မလာဘူး။ ကော်စတာခြေစွမ်းမပြနိုင်တဲ့ အခါ တိုက်စစ်ကို ဦးဆောင်နိုင်မယ့် နီဂရီဒိုလို ခြေရည်ခြေသွေးရှိတဲ့သူကို ထားခဲ့တယ်။ ဒေးဗစ်ဗီလာ၊ တောရက်စ်တို့လို အကျဘက်ရောက်သူတွေ ခေါ်လာတယ်။ အဲဒီမှာ စပိန်ထိုးစစ်က လုံးဝအသက်မဝင်တော့ဘူး။ ထပ်ပြောရရင် အင်္ဂလန်လည်းဒီလိုပဲ။

အထူးသဖြင့် အင်္ဂလန်ဟာ ပရီမီယာလိဂ်ရဲ့ ဆိုးမွေကို အတော်ခံရတယ်။ ပရီမီယာလိဂ်ဟာ ဆောင်းရာသီနားရက်တောင် မရှိတဲ့အခါ ရာသီအကုန်မှာ ကစားသမားတွေဟာ ခြေကုန်လက်ပန်းကျနေပြီ။ ပြီးတော့ ဟော့ဂ်ဆန်ရဲ့ အတွေ့အကြုံနုနယ်သူအများအပြားကို ခေါ်လာမှုက ဒုတိယအမှား။ ပြီးတော့ ဒီတစ်ကြိမ် ပြိုင်ပွဲမှာ နာမည်ကြီးတွေ ခြေမြုပ်ခြင်းဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အရာတစ်ခုလို့ ပြောမလား။ ရော်နယ်ဒို၊ ရွှန်းနီ၊ မက်ဆီ၊ အဂူရို၊ ကာဗာနီ၊ ဇက်ကိုတို့အားလုံး ဂိုးတစ်ဂိုးရဖို့တောင် မနည်းရုန်းကန်နေကြရတာက အဲဒီအချက်အတွက် အဓိကသက်သေပဲ။ ဒါကြောင့် ကျွမ်းကျင်သူတွေက မဖြစ်သင့်တဲ့ အရာ ဖြစ်လာပြီဆိုရင် အဲဒီနောက်မှာ ဖြစ်သင့်ဖြစ်ထိုက်လောက်တဲ့ အခြေခံအကြောင်းအချက်တွေ ရှိကိုရှိတယ်လို့ ပြောကြတာပဲဖြစ်တယ်။